# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၈)၊ အမှတ် (၁၉၉)


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများအားလုံး ကာယစိတ္တ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေကြောင်း နှစ်သစ်မင်္ဂလာ အခါသမယမှာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။**

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျာ၊**

ကျွန်တော် နိုင်ငံတော်သမ္မတအဖြစ်နဲ့ ပြည်ထောင်စုလွှတ်တော်မှာ ကတိသစ္စာပြုခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးလုပ်ဆောင်သွားမယ့် ရည်မှန်းချက်ပန်းတိုင် ၃ ခုကို ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် မနှစ်က မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်စကားမှာလည်း ဒီရည်မှန်းချက်ပန်းတိုင်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ် (၁၁) ရပ်ကိုလည်း ထည့်သွင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။

ဒီနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားအနေနဲ့ ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ တတိယ (၁) နှစ်တာ ဖြတ်သန်းမှုကာလအတွင်းမှာ ရည်မှန်းချက်ပန်းတိုင်တွေ၊ အကောင်အထည်ဖော်နိုင်မှု အခြေအနေတွေ ဘယ်လောက်အထိ ပုံပေါ်နေပြီလဲ၊ ဘယ်အတိုင်းအတာအထိ ခရီးရောက်နေပြီလဲဆိုတာ အသိပေးတင်ပြလိုပါတယ်။

*စာမျက်နှာ ၄ ကော်လံ ၁* ✤



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး နေပြည်တော်ရှိ မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ၌ ပါဝင်ဆင်နွှဲ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းနှင့် တာဝန်ရှိသူများ ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်၌ လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပနေမှုကို လှည့်လည်ကြည့်ရှု အားပေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၁၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်းတို့သည် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်မှ ၁၃၈၁ ခုနှစ်သို့ ကူးပြောင်းမည့် မဟာသင်္ကြန် အတက်နေ့ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်၌ လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

### လှည့်လည်ကြည့်ရှု

ဒုတိယသမ္မတနှင့် ဇနီးတို့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်တွင် ကျင်းပသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ရောက်ရှိကြပြီး ဗဟိုမဏ္ဍပ်၌ သပြေခက်ဖြင့် အတာရေပက်ဖျန်းကြကာ ပြည်သူများ မဟာသင်္ကြန် ရေသဘင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲနေမှု၊ ပျော်ရွှင်စွာ ရေပက်ကစားနေမှုနှင့် သင်္ကြန်တေးသီချင်းများ သီဆိုဖျော်ဖြေတင်ဆက်နေမှုများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❒




# နှစ်သစ်ရွှင်လန်းစေ

နှစ်ဦး သစ်မြူး၊ ခေတ်ဦး ကောဇာ။
ဆန်းစ ချမ်းမြ၊ စန်းလသော်တာ။
မြိုင်အောက် ကြိုင်လှော့က်၊ ပိတောက်ပမာ။
ကျန်းရွှင်ကြောင်း၊ သွန်းလောင်းရေသီတာ။
(နှစ်ဦးမင်္ဂလာ၊ မင်းသုဝဏ်၊ ၁၉၃၀။)
မြန်မာသက္ကရာဇ်အရ နှစ်တစ်နှစ်က ကုန်ခဲ့ချေပြီ။

နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်တစ်နှစ်ဆီသို့ ကူးပြောင်းဝင်ရောက်လာခဲ့ပြီတည်း။ မြန်မာတို့၏ ဓလေ့ထုံးစံအတိုင်း သင်္ကြန်ရေကစားကြခြင်းနှင့်အတူ နှစ်သစ်ကို ပျော်ရွှင်မြူးထူးစွာ ကြိုဆိုနေကြပြီ။

ရေကစားကြ၊ ရေလောင်းသူ ရေလောင်းခံသူများဖြင့် ပျော်မြူးနေကြသလို မိသားစုစုံညီ ဆင်နွှဲကြသည့် ပျော်ပွဲရွှင်ပွဲများ၊ အလှူအတန်းပြုသူများနှင့် စည်ကားနေသည့် အလှူဒါနပြုပွဲများ၊ စတုဒိသာစားပွဲများ၊ မိသားစုများ၊ မိတ်ဆွေများ စုကြဝေးကြသည့် စုံညီပွဲများကလည်း စည်ကားစွာ။

နှစ်သစ်ရောက်ပြီ ဆိုသည့်အတွေးဖြင့် နှစ်ဟောင်းက အညစ်အကြေးများကို ချန်ရစ်ကာ အသစ်အကောင်းတို့ဆီသို့ ဦးတည်ဖို့ သန္နိဋ္ဌာန်များချကြကုန်၏။ မကောင်းသည့် အမူအကျင့်တို့ မကောင်းသည့် အတွေးအမြင်တို့ကို နှစ်ဟောင်းမှာ ထားခဲ့ချင်သည်။ နှစ်သစ်ကို သစ်လွင်မှုများ ကောင်းမှုကုသိုလ်များ၊ မင်္ဂလာရှိမှုများစွာတို့နှင့်သာ ကြိုဆိုလိုကြသည်။ ချစ်ခင်သူများ အချင်းချင်း နှစ်သစ်မှာ ကောင်းမှုကုသိုလ်များ ထုံမွမ်းနေကြစေရော့ဟူ၍ မွန်မြတ်သော နှစ်ဦးဆုတောင်းတို့ခြွေကြ၏။

နှစ်ဆန်းကာလကို မိမိကိုယ်တိုင်နှင့်အတူ ကမ္ဘာသူ ကမ္ဘာသားအားလုံး ငြိမ်းချမ်းပျော်ရွှင်ကြစေရေးကို မေတ္တာစိတ်ဖြင့် အထူးတလည် ရည်သန်ကြလေသည်။

ခုလို နှစ်ဟောင်းကုန်ဆုံးလို့ နှစ်သစ်ကူးချိန်ရောက်ပြီဆိုသည့် အသိပေါ်မှုတည်ပြီး ငြိမ်းချမ်းရေးဖြင့် လွှမ်းခြုံသော မေတ္တာတို့ဖြင့် ထုံမွမ်းသော လောကလူ့ရွာကို ပိုမိုသတိတရ တောင့်တမိကြသည်။ ပိုမို ဆုတောင်းမိကြသည်။

လူသားတို့ တစ်ဦးနှင့် တစ်ဦး မေတ္တာထားကြ၊ ချစ်ကြည်ကြ၊ ကိုယ်ချင်းစာနာကြ၊ ကရုဏာစိတ်ထားကြ၊ မုဒိတာပွားကြ။ သည်လို မေတ္တာအခြေခံစိတ်ထားဖြင့်၊ တစ်ဦးနှင့်တစ်ဦး လက်တွဲပေါင်းသင်းနိုင်ကြသည့် အာဃာတကင်းသည့်စိတ်များဖြင့်သာ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ချီတက်နိုင်ကြမည်ဟု ယုံကြည်နေပါသည်။

အချို့အရာများသည် မိမိအလိုသဘောအတိုင်း ချက်ချင်းမဖြစ်နိုင်ဟု ဆိုသည့်တိုင် လောကတည်မြဲအေးချမ်းသာယာဖို့ ဆိုသည့် ဓမ္မတရားကဖြင့် နောက်ဆုံးတွင် အောင်မြင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် ကြိုးပမ်းအားထုတ်ရင်း၊ မိမိတို့ကိုယ်တိုင်၏ စိတ်နေစိတ်ထားများကလည်း ဓမ္မအပေါ်တွင် အခြေခံတည်ဆောက်ရင်း ငြိမ်းချမ်းသည့် လောကလူ့ဘောင်ကို ထူထောင်ကြရမည်သာ ဖြစ်ပေသည်။ ငြိမ်းချမ်းသည့် လောကဟူသည် တောင့်တနေရုံ၊ မျှော်လင့်နေရုံမျှဖြင့် ပေါ်ပေါက်လာနိုင်သည်မဟုတ်ဘဲ မိမိတို့ကျရာနေရာမှ မေတ္တာကို အရင်းတည် ကျင့်ကြံထူထောင်ကြပါစို့ဟု နှစ်သစ် အဓိဋ္ဌာန်အဖြစ် ဖော်ထုတ်လိုက်ရပါကြောင်း။ ။

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၁၆**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မုံရွာမြို့ မြင်းမူမြို့ မြင်းခြံမြို့ တံတားဦးမြို့ မကွေးမြို့ တောင်တွင်းကြီးမြို့ ဂန့်ဂေါမြို့ ပေါက်မြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ဝ ဒသမ ၅၁ လက်မ၊ မော်လိုက်မြို့တွင် ဝ ဒသမ ၃၉ လက်မ၊ ကသာမြို့တွင် ဝ ဒသမ ၂၄ လက်မနှင့် ဟုမ္မလင်းမြို့ ပင်လည်ဘူးမြို့နှင့် ကန့်ဘလူမြို့တို့တွင် ဝ ဒသမ ဝ၈လက်မစီတို့ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## နှစ်သစ်လာခြင်းကောင်းပါစေ

* အပူပယ်ဖျောက်၊ မိုးတစ်ပေါက်နှင့်
ပိတောက်ပွင့်ဦး၊ ရွှေရည်လူးပြီ
ထူးသောနှစ်သစ် ဖြစ်ပါစေ - - - ။

* ရေမြေစိမ်းလန်း၊ ပြည်ငြိမ်းချမ်းကာ
စိတ်ဝမ်းလက်ညီ၊ ချစ်ကြည်နှစ်ထောင်း
အားသစ်လောင်းလျက်
ကောင်းသောနှစ်သစ်ဖြစ်ပါစေ - - - ။

* ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ
ပြည့်ဝလိုအင်၊ ပြုပြင်တည့်မတ်
မြတ်သောနှစ်သစ်ဖြစ်ပါစေ - - - ။

* တိုင်းကျိုးပြည်ပြု၊ စွမ်းဆောင်မှုဖြင့်
လူမှုစီးပွား၊ တောက်ကြွားရှန်းလက်
အဘက်ဘက်ဝယ်
တက်သောနှစ်သစ် ဖြစ်ပါစေ - - - ။

* ချမ်းမြေ့လန်းဖြာ၊ ဘယာမသန်း
သုခချမ်းသာ၊ ပြည့်စုံစွာလျှင်
သာသောနှစ်သစ် ဖြစ်ပါစေ - - - ။

* နှစ်သစ်အဖွင့်၊ သင့်မြတ်တူမျှ
အလှကိုဖွေ
အခြေကိုမြှင့်
အမြင့်ကိုတက်
ဆင့်ကမ်းလက်ဖြင့်
ထမ်းရွက်သယ်ပိုး၊ တူပြိုင်ကြိုးလျက်
နိုးကြားထွန်းသစ်၊ အောင်ပွဲသစ်နှင့်
နှစ်သစ်လာခြင်း ကောင်းပါစေ။ ။
တို့ပြည်မြန်မာ သာပါစေ။ ။

**ဇော်မင်းမင်းဦး**

## ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလွတ်သဘောခရီးစဉ်ရောက်ရှိ



**ရန်ကုန် ဧပြီ ၁၆**

ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ အလွတ်သဘောခရီးစဉ်အဖြစ် ယနေ့ညနေ ၆ နာရီ ၄၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

**သတင်းစဉ်**

## မြန်မာ့ရိုးရာမဟာသင်္ကြန်(အတက်နေ့)တွင် နေပြည်တော်၌ အေးချမ်းပျော်ရွှင်စွာ ရေကစား

**နေပြည်တော် ဧပြီ ၁၆**

ယနေ့ မြန်မာ့ရိုးရာ မဟာသင်္ကြန် အတက်နေ့တွင် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ယနေ့နံနက်ပိုင်းမှ စတင်၍ တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့် လည်းကောင်း ဖျော်ဖြေခဲ့ကြပြီး ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် စည်ကားခဲ့သည့်အပြင် စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်ရေပက်ကစားကြသူ များအား အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့သည်။

နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ ဖျော်ဖြေလျက်ရှိသည့် ရွှေသံလွင် ကုမ္ပဏီမိသားစု Sky Net မြန်မာ့ရိုးရာရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် အထူးစည်ကားခဲ့ပြီး စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်စားသုံးကြသူများ များပြားခဲ့သည်။

ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ကျင်းပခဲ့သည့် ပျဉ်းမနားမြို့လမ်းလျှောက်သင်္ကြန်၌ အတက်နေ့ဖြစ်သည့်အတွက် ယခင်ရက်များထက်ပိုပြီး နံနက်ပိုင်းမှစ၍ နေပြည်တော်နှင့် ပျဉ်းမနားမြို့အပါအဝင် အနီးပတ်ဝန်းကျင်ဒေသများမှ လာရောက်လည်ပတ်ကြသူများ၊ အေးချမ်းစွာ လမ်းလျှောက်၍ ရေပက်ခံကြသူများက ပျော်ရွှင်စွာ ရေလောင်းရေပက်ကစား၍ မြန်မာ့ရိုးရာ အတာသင်္ကြန်ကို ဆင်နွှဲခဲ့ကြသည်။

ထို့ပြင် လှေခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်း၊ နေပြည်တော်အမျိုးသား အထိမ်းအမှတ်ဥယျာဉ်၊ ရေပန်းဥယျာဉ်၊ နေပြည်တော် ဆာဖာရီဥယျာဉ်နှင့် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တို့တွင် လာရောက်လည်ပတ် အနားယူအပန်းဖြေကြသည့် မိသားစုများ၊ ပြည်သူများဖြင့် များပြားခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်း၊ လယ်ဝေး၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိနှင့် ပုဗ္ဗသီရိမြို့နယ်များရှိ ရေကစားမဏ္ဍပ်များ၊ မိသားစုမဏ္ဍပ်များနှင့် စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ချစ်သူပြည်သူများက ပျော်ရွှင်စွာ ရေကစားခြင်း၊ အလှူဒါနပြုလုပ်ခြင်းများဖြင့် စည်ကားခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်၊ ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ ကိုးခမ်းကြီးဘုရား၊ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်ကြီး စသည့်ဘုရားကျောင်းကန်များနှင့် တရားစခန်းများတွင် ကုသိုလ်ပြုကြသူများ၊ တရားဘာဝနာပွားများကြသူများလည်း များပြားခဲ့သည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ရေကစားနိုင်ကြစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ခြင်းမရှိစေရန် စစ်ဆေးခြင်း၊ ယာဉ်ကြော ပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း၊ အပန်းဖြေကမ်းခြေစခန်းများတွင် လာရောက်အပန်းဖြေကြသူများ အသက်အန္တရာယ်ဆုံးရှုံးမှုမရှိစေရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့ဝင်များက သတိပေးနှိုးဆော်ခြင်းများနှင့် လှည့်ကင်းများဖြင့် အနီးကပ်စောင့်ရှောက်မှုပေးခြင်းများကို သင်္ကြန်အကြိုနေ့မှစတင်၍ ယနေ့အထိ ဆောင်ရွက်ခဲ့ကြသည်။

ယနေ့တွင် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၊ Sky Net မိသားစုရေကစားမဏ္ဍပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မဟာသင်္ကြန်မဏ္ဍပ်နှင့် မြို့နယ်များရှိ ရေကစားမဏ္ဍပ်များ၌ ရေကစားကြသည့်ပြည်သူများ အနေဖြင့် ညနေပိုင်းသတ်မှတ်အချိန်တွင် စည်းကမ်းတကျ ပိတ်သိမ်းခဲ့ကြသည်။

**မျိုးရဲသူ(သတင်းစဉ်)**
**ဓာတ်ပုံ - သန်းထိုက်ဖုန်**



နေပြည်တော် ရေပန်းဥယျာဉ်၌ သင်္ကြန်အတက်နေ့က လာရောက်ရေကစားသည့် ပြည်သူများ။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဖန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ မြန်မာနှစ်သစ်ကူး သြဝါဒ




တိုင်းသူပြည်သားအားလုံးနှင့်တကွ ကမ္ဘာသူ ကမ္ဘာသား အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု နှစ်စဉ်အမြဲ ဆုတောင်းမေတ္တာပို့သနေကျအတိုင်း ဆုတောင်းမေတ္တာပို့သပါသည်။

ကမ္ဘာသူ ကမ္ဘာသားအားလုံး ကျန်းမာချမ်းသာပါက သက်ရှိသတ္တဝါတွေအားလုံး ကျန်းမာချမ်းသာကြပေမည်။

သတ္တဝါတွေအားလုံး ဘုရားဂုဏ်တော်ကို အမြဲမပြတ် အောက်မေ့ပြီး အနုဿတိ ဘာဝနာပွားများပါမှ ဘုရားခတ်တွေကူးပြီး သတ္တလောကကြီး ချမ်းချမ်းသာသာရှိပေမည်။ ထို့ပြင် မေတ္တာ ဘာဝနာပွားပါမှ အေးချမ်းသာယာသောလောကကြီး ဖြစ်လာနိုင်ပေမည်၊ ဘုရားဂုဏ်တော် ပုတီးစိပ်ပြီး မေတ္တာပွားပါမှ ကမ္ဘာသူ ကမ္ဘာသား သက်ရှိသတ္တလောကကြီး အေးချမ်းသာယာရှိပေမည်။

ထို့ကြောင့် သတ္တလောကကြီး အေးချမ်းသာယာ၍ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြစေရန် အလွန်တရာ လိုလားအပ်သော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းနှင့် မေတ္တာကမ္မဋ္ဌာန်း နှစ်ပါးကို ကြိုးစားပွားကြပါစို့ ။

# စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၏ မြန်မာနှစ်သစ်ကူးသြဝါဒ



ဒို့များရဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ သဘာဝ သစ်တောများ၊ သဘာဝအားဖြင့် ဖြစ်ပေါ်နေကြတဲ့ ချောင်းမြောင်းတွေ၊ မြစ်တွေ၊ တောတောင်တွေ၊ သတ္တုတွင်းတွေ၊ အထူးသဖြင့်တော့ စေတီပုထိုး၊ ကျောင်းကန်ဘုရားတွေနဲ့ လှပတဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်။ လှပတဲ့နိုင်ငံတော်မှာ နေကြတဲ့ ဒို့မြန်မာနိုင်ငံသူ၊ နိုင်ငံသား၊ အထူးသဖြင့် တိုင်းရင်းသား၊ တိုင်းရင်းသူ၊ ညီအစ်ကို မောင်နှမတစ်တွေ လှပတဲ့ စိတ်ဓာတ်တွေကို မွေးနိုင်ကြပါစေလို့ နှစ်ဟောင်းကိုလည်း နှုတ်ဆက်တဲ့ အနေနဲ့ ဒို့များ ဆုတောင်းတယ်၊ နှစ်သစ်ကိုလည်း ကြိုဆိုတဲ့ အနေနဲ့ လှပတဲ့ နိုင်ငံမှာနေကြတဲ့ လူအပေါင်းဟာ လှပတဲ့ စိတ်ဓာတ်များ မွေးနိုင်ကြပါစေလို့ ဆုတောင်းတယ်။ လှပတဲ့ စိတ်ဓာတ်တွေကို မွေးမြူနိုင်ကြမှ ဒီနိုင်ငံတော်ကို ပိုပြီးတော့ လှပအောင် ဖန်ဆင်းတည်ဆောက်နိုင်ကြမှာ ဖြစ်ပါတယ်။

ဂေါသိင်္ဂဥယျာဉ်ကြီးထဲမှာ အရှင်အနုရုဒ္ဓါရယ်၊ အရှင်နန္ဒိယရယ်၊ အရှင် ကိမိလရယ် ရဟန္တာကြီး သုံးပါးတို့ သီတင်းသုံးနေကြတုန်းက မြတ်စွာဘုရား ကြွလာပြီးတော့ ဂေါသိင်္ဂဥယျာဉ်ကြီး သိပ်လှတယ်။ ပင်လုံးကျွတ်ပွင့်နေကြတဲ့ အပွင့်တွေက လှနေကြတယ်။ ဒါပေမယ့် ပိုလှတာကတော့ ငါ့ရဲ့ တပည့်သား သာဝကကြီးသုံးပါးတို့ နေထိုင်ကြတဲ့အတွက်ကြောင့် ပိုလှတယ်လို့ ထင်တယ်။ ဒီလောက်လှနေတဲ့ ဂေါသိင်္ဂဥယျာဉ်ကို ပိုပြီးတော့ လှပအောင် သင်တို့ ဘယ်လိုများ တန်ဆာဆင်ထားကြသလဲလို့ မေးတော့ မထေရ်ကြီးသုံးပါးတို့က မြတ်စွာဘုရားကို ဖြေကြတယ်။ သာမဂ္ဂီစိတ်ထားနဲ့ တန်ဆာဆင်ထားကြတယ်ဘုရား။

သာမဂ္ဂီဆိုတာ ညီညွတ်ရေးပဲ။ ခေတ်လိုပြောရင်တော့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ရေးပဲ။ လွတ်လပ်ရေးကို အရယူတုန်းက စည်းလုံးညီညွတ်ရေးနဲ့ အရယူခဲ့တာ။ ဒီလွတ်လပ်ရေးကို ထိန်းသိမ်းတဲ့အခါမှာလည်း စည်းလုံးညီညွတ်ရေးနဲ့ပဲ ထိန်းသိမ်းကြရမယ်။ နိုင်ငံတော်ကို လှပအောင် တည်ဆောက်တဲ့ နေရာမှာလည်းပဲ စည်းလုံးညီညွတ်ရေးနဲ့ တည်ဆောက်ရမှာ ဖြစ်တယ်ဆိုတာကို ကြားညှပ်ပြီးတော့ ဒို့များ ပြောလိုတယ်။

ဂေါသိင်္ဂဥယျာဉ်ကြီး ဘယ်လို ညီညွတ်ရေးနဲ့ တန်ဆာဆင် အလှပြင်ထားကြသလဲလို့ မြတ်စွာဘုရားမေးတော့ -- တပည့်တော်တို့တစ်တွေဟာ ဂေါသိင်္ဂဥယျာဉ်ကြီးထဲမှာ တစ်ယောက်နဲ့ တစ်ယောက် ချစ်ခင်သော မျက်လုံးအစုံတို့ဖြင့် ကြည့်၍လည်း နေကြတယ်ဘုရား။ ညီညွတ်သော စိတ်ဓာတ်ဆိုတာ နို့နဲ့ ရေနဲ့ ရောသလို ရောနှောပြီးတော့ နေကြတယ်ဘုရား။ ရေနဲ့ ရေချိုး ရောရင် ပြန်ခွဲလို့ မရသလိုပဲ၊ နို့နဲ့ရေနဲ့ ရောရင်လည်း ပြန်ခွဲလို့ မရဘူး။ ဆီနဲ့ ရေနဲ့သာ ရောရင်တော့ ဘယ်ပုံးထဲ ဘယ်ခွက်ထဲပဲ ထည့်ထားထား၊ ရောတယ်လို့ ပြောကြရုံပဲ၊ ဆီတစ်ထပ် ရေတစ်ထပ် နေကြမှာ ဖြစ်ပါတယ်။

အဲဒါကြောင့် တပည့်တော်တို့ ညီနောင် သုံးပါး ဂေါသိင်္ဂဥယျာဉ်ကြီးကို နို့နဲ့ ရေနဲ့ ရောသလို ညီညီညွတ်ညွတ် ရောရောနှောနှော ချစ်ချစ်ခင်ခင် ကွဲပြားခြင်းမရှိ ခိုက်ရန်ဖြစ်ခြင်းမရှိ၊ အငြင်းပွားခြင်းမရှိဘဲနဲ့ ချစ်ခင်ညီညွတ်သော စိတ်ဓာတ်နဲ့ အလှပြင် တန်ဆာဆင်ထားကြတယ်ဘုရားလို့ လျှောက်တော့ မြတ်စွာဘုရားက သာဓုခေါ်တယ်။

နောက် ချစ်သားတို့တစ်တွေ ဂေါသိင်္ဂဥယျာဉ်ကြီး အလှပြင်ပုံကို ဆက်၍လျှောက်ကြဦးလော့လို့ ပြောတော့ တပည့်တော်တို့တစ်တွေဟာ အလိုဆန္ဒ စိတ်ဆန္ဒတွေကို လျှော့ထားပြီးတော့ အတူနေ ပုဂ္ဂိုလ်တို့ရဲ့ အလိုဆန္ဒ ပြည့်အောင် ဖြည့်စွက်၍ နေကြတယ်ဘုရားလို့ လျှောက်ကြတယ်။ ဥပမာ အရှင်အနုရုဒ္ဓါသည် သူ့စိတ်ကို လျှော့ထားပြီးတော့ အရှင်နန္ဒိယနဲ့ အရှင်ကိမိလတို့ အလိုပြည့်အောင် နေပေးတယ်။ အရှင်နန္ဒိယကလည်း သူ့စိတ်ကို လျှော့ထားပြီးတော့ အရှင်အနုရုဒ္ဓါနဲ့ အရှင်ကိမိလတို့ အလိုပြည့်အောင် နေထိုင်ပေးတယ်။ အရှင်ကိမိလကလည်း ထိုအတိုင်းပဲ နေထိုင်တယ်။ ဒီလိုပဲ သုံးပတ်လည်သွားတဲ့ အခါမှာလည်း သုံးပါးလုံး အားလုံးဟာ စိတ်ဆန္ဒတွေကို လျှော့ချထားပြီးတော့ သုံးပါးလုံး အလိုပြည့်နေကြတာ တွေ့ရတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက သာဓု သာဓု သာဓုဟု သာဓုသုံးကြိမ် ခေါ်တော်မူတယ် အနုရုဒ္ဓါ၊ ကိမိလ၊ နန္ဒိယတို့၊ ဒါကြောင့် ဂေါသိင်္ဂ ဥယျာဉ်ကြီး လှပတာပဲလို့ မြတ်စွာဘုရား ချီးမွမ်းတော်မူပါတယ်။ ဒါကြောင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမအားလုံး နှစ်ဟောင်းမှာ ဟောင်းနွမ်းဆွေးမြည့်ပြီ ဖြစ်တဲ့ တင်းမာတဲ့ စိတ်ဓာတ်တွေကို အကုန်လုံး လျှော့ချထားပြီးတော့ နှစ်သစ်မှာ တိုင်းပြည်ကို လှပအောင် တန်ဆာဆင်ကြဖို့၊ မိမိတို့ မိမိတို့ရဲ့ စိတ်ဆန္ဒတွေကို အကုန်လုံး လျှော့ထား၊ အတူနေ တိုင်းရင်းသားတွေရဲ့အလိုဆန္ဒတွေကို ပြည့်ဝအောင် ဝိုင်းဝန်းဖြည့်စွက်ပြီးတော့ ဆောင်ရွက်နိုင်ကြပါစေဆိုတာ နှစ်ဟောင်းကိုလည်း ဆုတောင်း နှုတ်ဆက်တယ်၊ နှစ်သစ်ကိုလည်း ကြိုဆို ဆုတောင်းတယ်။


နိဂုံးချုပ်မှာတော့ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင် ကိမိလတို့က တစ်ပါးစီ တစ်ပါးစီ မြတ်စွာဘုရားကို လျှောက်ကြတဲ့ အထဲမှာ **“သက်ံ စိတ္တံ နိက္ခိပိတွာ နာနာဟိ ခေါ နော ဘန္တေ ကာယာ ဧကမေသံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တာမိ”**

တပည့်တော်တို့ တစ်တွေဟာ ကိုယ်ကာယက တစ်ကိုယ်စီ၊ တစ်ကိုယ်စီ ဖြစ်သော်လည်းပဲ ကိုယ်ကာယတွေ ကွဲပြား၍ နေကြစေကာမူ စိတ်တွေ မကွဲဘဲနဲ့ နေကြတယ်ဘုရား။ သုံးပါးနေထိုင်တဲ့အတွက်ကြောင့် သုံးကိုယ်ဖြစ်ပေမယ့် စိတ်ကတော့ တစ်စိတ်ထဲပဲလို့ လျှောက်ထားကြပါတယ်။ ဒါကို ခေတ်လို ပြောမယ်ဆိုလို့ရှိရင်တော့ သုံးကိုယ် တစ်စိတ်လို့ ပြောရမှာပေ့ါ။

ဒါဆိုလို့ရှိရင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ရေမြေတောတောင်၊ ပင်လယ်သမုဒ္ဒရာ၊ စေတီပုထိုး၊ ကျောင်းကန်ဘုရားတွေနဲ့ လှပနေတယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့အလှပဆုံး စိတ်ဓာတ်ဟာ ဂေါသိင်္ဂဥယျာဉ်ကြီးထဲက မထေရ်ကြီး သုံးပါးတို့ရဲ့ထုံးကို နှလုံးမူ၍ သုံးကိုယ်တစ်စိတ်နဲ့ နေကြတယ် ဆိုကြသလိုပဲ တိုင်းရင်းသား လူမျိုးပေါင်း တစ်ရာ့သုံးဆယ်ကျော်ရှိပေမယ့် စိတ်ဓာတ်တွေ တစ်ရာ့ သုံးဆယ်ကျော် မကွဲပြားဘဲ ညီညွတ်သော၊ ငြိမ်းချမ်းသော၊ သာယာလှပသော နိုင်ငံတော်ကြီးကို တပေါင်းတစည်းတည်း၊ တစည်းတလုံးတည်း တည်ထောင်မယ်ဆိုတဲ့ သုံးကိုယ်တစ်စိတ် ဂေါသိင်္ဂ စိတ်ဓာတ်ကို မွေးမြူပြီးတော့ နိုင်ငံတော်ကြီးကို လှပအောင် တည်ဆောက်နိုင်ကြပါစေလို့ နှစ်ဟောင်းကိုလည်း နှုတ်ဆက်တယ်၊ နှစ်သစ်ကိုလည်း ကြိုဆိုသောအားဖြင့် ဆုတောင်းလိုက်ပါတယ်။

သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိကြပါစေ။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ မြန်မာနှစ်သစ်ကူး သြဝါဒ



၁၃၈၀ ပြည့်နှစ်ကို လွန်မြောက်၍ ၁၃၈၁ ခုနှစ်သို့ ရောက်ရှိရာ မြန်မာနှစ်သစ်ကူး မင်္ဂလာနေ့အခါမှစ၍ မြန်မာပြည်သူပြည်သား အားလုံး ဘေးဘယာဝေးကွာလျက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရာသီဥတုပူနွေးလာသည့် ယနေ့ခေတ်မှာ ပြင်ပအပူများကို တွန်းလှန်နိုင်ကြသလို ရင်တွင်းအပူများကိုလည်း တွန်းလှန်ဖို့ ကြိုးစားကြရမှာဖြစ်ပါသည်။ လောဘကြီး၍ ကိုယ်ကျိုးရှာလွန်းခြင်း၊ ဒေါသကြီး၍ အငြိုးအတေးထားမုန်းစိတ်ပွားခြင်း၊ မောဟကြီး၍ တွေဝေခြင်း၊ လုပ်သင့် မလုပ်သင့် မသိခြင်းများသည် ရင်တွင်းအပူများဖြစ်ပါသည်။

ရင်တွင်းအပူများကို ထိန်းချုပ်ငြိမ်းသတ်နိုင်မှသာ စစ်မှန်သော အငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြမှာဖြစ်ပါသည်။ စစ်မှန်သည့် ထာဝရအငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြရန် ဝိပဿနာတရားရှုပွားလျက် ရင်တွင်းအပူများကို မဂ်တရားဖြင့် အပြီးသတ် ငြိမ်းသတ် နိုင်အောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါသည်။

အပူကင်းပြတ် ထာဝရအငြိမ်းဓာတ်ကို ရရှိခံစားနိုင်ကြပါစေ။

# မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားပုသိမ်မြို့တွင် ကျင်းပ

**ပုသိမ် ဧပြီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဧပြီ ၁၃ ရက်က ဖွင့်လှစ်ပေးခဲ့သော မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ဆုချီးမြှင့်ပွဲနှင့် ပိတ်သိမ်းပွဲကို ဧပြီ ၁၆ ရက် ညနေပိုင်းက ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဒိုင်အဖွဲ့ဝင်များ၊ သင်္ကြန်ကာလ အတွင်း ပါဝင်ယှဉ်ပြိုင်ကပြခဲ့ကြသော ယိမ်းအကအဖွဲ့များ၊ သံချပ်အဖွဲ့များ၊ အလှပြမော်တော်ယာဉ်များ၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ သင်္ကြန်မင်းသား၊ သင်္ကြန်မင်းသမီး၊ စွယ်စုံမင်းသား၊ နှစ်သိမ့်နှင့် အထူးဆုရရှိသူများကို တံခွန်စိုက်ဖလားနှင့် ငွေသားဆုများကို ချီးမြှင့်ခဲ့သည်။ **(ယာပုံ)** ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ပိတ်သိမ်းကြောင်း ကြေညာရာ အခမ်းအနားသို့ တက်ရောက်လာကြသူများ မန်းတောင်ရိပ်ခို သီချင်းဖြင့်သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီးတွင် ပထမဆုရ ယိမ်းအဖွဲ့နှင့် သံချပ်အဖွဲ့တို့က ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဇနီး၊ လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ဇနီး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ပုသိမ်မြို့တွင် သင်္ကြန် ကာလတွင် အကြီးတန်းယိမ်းခုနစ်ဖွဲ့၊ အခြေခံပညာယိမ်း ၁၀ ဖွဲ့၊ သံချပ်ခုနစ်ဖွဲ့၊ အလှပြမော်တော်ယာဉ် ခုနစ်စီးတို့က ကပြဖျော်ဖြေပေးခဲ့ကြပြီး ရေကစားမဏ္ဍပ်ဝန်ကြီးဌာနရုံးစုံ အပါအဝင် ၃၂ ခု ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



**“ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ရရှိပြီးဖြစ်တဲ့ အောင်မြင်မှုတွေ၊ အောင်မြင်မှု လမ်းကြောင်းပေါ်မှာ ရောက်နေတာတွေကိုကြည့်ပြီး တင်းတိမ်ရောင့်ရဲကျေနပ်နေမှာ မဟုတ်ပါ။ ပြည်သူကရွေးချယ်တဲ့ အစိုးရပီပီ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အချို့ကဏ္ဍများမှာ ပြည်သူလူထုက ဖြစ်စေချင်တဲ့ဆန္ဒတွေနဲ့ မျှော်လင့်သလောက် မဖြစ်သေးတာတွေ၊ ကျွန်တော်တို့ အစိုးရရဲ့ လုပ်ဆောင်နေမှုတွေအပေါ်မှာ အားမလိုအားမရ ဖြစ်နေတာတွေကို အလေးထားပြီး ပြန်လည်သုံးသပ်ကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာတော့ ကျွန်တော် ပြောကြားလေ့ရှိတဲ့အတိုင်း “တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်း ဖြစ်ပေါ်စေ” ဆိုတဲ့ နည်းလမ်းကိုပဲ ကျင့်သုံးပြီး လုပ်ငန်းစဉ်ပီပြင်ထိရောက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အားသွန်ခွန်စိုက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်”**

✤ *ရှေ့ဖုံးမှ*

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကဏ္ဍအလိုက်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာမှာ သိသာထင်ရှားမှုကိုပြပါဆိုရင် ခေတ်အဆက်ဆက်က အမြစ်တွယ်ပြီး ကာလရှည် ဝေဒနာတစ်ရပ်ဖြစ်နေတဲ့ အဂတိလိုက်စားမှုကို အတိုင်းအတာတစ်ခုအထိ ထိရောက်အောင်မြင်အောင် ကာကွယ်တိုက်ဖျက်မှုတွေ ဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ အဂတိလိုက်စားတာကို ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ တရားဥပဒေနဲ့အညီ ကျော်သားရင်သားမခွဲခြားဘဲ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွား တစ်ခုတည်းကိုသာရှေးရှုပြီး အရေးယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲများနဲ့ ဝန်ကြီးဌာနများမှာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ (Corruption Prevention Unit - CPU) ဖွင့်လှစ်နိုင်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွေနဲ့ပတ်သက်လို့လည်း ပုံမှန်သမားရိုးကျ ဆောင်ရွက်မှုများအပြင် နိုင်ငံတော်သမ္မတရုံးကို အလွယ်တကူ တိုင်ကြားသတင်းပေးနိုင်တဲ့ နည်းလမ်းများကိုပါအသုံးပြုပြီး အထူးစီမံချက်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ကို မြှင့်တင်ပေးပြီး တစ်ဖက်မှာလည်း ဆုပေး ဒဏ်ပေးစနစ် ထိထိရောက်ရောက်ကျင့်သုံးခြင်းတို့အတွက် ယခင်ကထက်ပိုပြီး ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့တာ တွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုနဲ့နီးစပ်တဲ့ အောက်ခြေအဆင့်ကနေ စတင်ပြောင်းလဲလုပ်ဆောင်နိုင်ဖို့ရာ အဓိကကျတဲ့ ပြည်သူတွေနဲ့ နိစ္စဓူဝ ထိတွေ့ဆက်ဆံနေရတဲ့ အုပ်ချုပ်မှုဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ကို ပြောင်းလဲဖွဲ့စည်းဆောင်ရွက်ခဲ့တာဟာလည်း ထင်ရှားတဲ့ပြုပြင်ပြောင်းလဲမှုတစ်ခုပဲ ဖြစ်ပါတယ်။

တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးစရိတ် ချေးငွေများကို ယခင်ကထက် ပိုမိုပံ့ပိုးပေးနိုင်ခဲ့သလို မြေပိုင်ဆိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်လို့လည်း မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေ မရှိရလေအောင် ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ အလားတူပဲ သိမ်းဆည်းထားတဲ့ မြေတွေကို နိုင်ငံတော်ရဲ့မူဝါဒနဲ့အညီ ပြန်လည်စိစစ်ကြဖို့၊ စွန့်လွှတ်ပြီးတဲ့မြေတွေကို မူလပိုင်ရှင်များထံ အမြန်ဆုံးပြန်လည်အပ်နှံပေးဖို့၊ မစွန့်လွှတ်နိုင်ပါက သင့်လျော်တဲ့ လျော်ကြေး၊ နစ်နာကြေးတွေရရှိဖို့ ဆောင်ရွက်တဲ့လုပ်ငန်းစဉ်များဟာလည်း ယခင်ကထက် သွက်လက်မြန်ဆန်ပြီး ထိရောက်မှုရှိနေတာတွေ့ရမှာ ဖြစ်ပါတယ်။

ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရတဲ့ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်မြန်ရောဂါခံစားနေရသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များက အကူအညီတောင်းခံလာပါက ကူညီဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးပြီး ဖြစ်ပါတယ်။

လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး အလုပ်ရုံဆွေးနွေးပွဲများနဲ့ သင်တန်းများပြုလုပ်ပေးခြင်း၊ အသိပညာပေးဟောပြောပွဲများကျင်းပခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights) ကို မြန်မာဘာသာမှ တိုင်းရင်းသားဘာသာ (၁၀) မျိုးသို့ ဘာသာပြန်ဆိုခြင်း စသည်တို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုမြှင့်တင်ကာကွယ်နိုင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုးစုများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို မှတ်တမ်းတင်ရေး၊ တိုင်းရင်းသားလူမျိုးများရဲ့ ဘာသာစကား၊ စာပေ တိမ်ကောပပျောက်မှုမရှိစေရေးနဲ့ ဖွံ့ဖြိုးတည်တံ့စေရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျာ၊**

ပြည်သူ့အစိုးရ စတင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် မတ်လ ၃၁ ရက်နေ့အထိ (၃) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်မယ့် ပြည်ပနိုင်ငံပေါင်း (၂၂) နိုင်ငံမှ စီးဝင်ခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် စုစုပေါင်း (၅၈၄) ခုနဲ့ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉၉ ဘီလီယံ ရှိပါတယ်။

အလားတူကာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က စိစစ်ခွင့်ပြုခဲ့တဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက် စုစုပေါင်း (၃၅၉) ခုနဲ့ တန်ဖိုး ကျပ် ၇၃၉၀ ဒသမ ၃၄ ဘီလီယံ ရှိပါတယ်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပထမ(၆)လတွင် စီးပွားရေးတိုးတက်မှု ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း (LDC) မှ လွတ်မြောက်ရေး စံသတ်မှတ်ချက် (၃) ခုလုံးကို ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် ပြည့်မီတဲ့တိုးတက်မှုရလဒ် ရရှိခဲ့ပါတယ်။

တစ်ဖက်မှာလည်း ပြုပြင်ပြောင်းလဲမှု နှောင့်နှေးနေတဲ့ဌာနတွေကို အရှိန်အဟုန်မြှင့် ကြပ်မတ်လုပ်ဆောင်နေပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်ကို အများက ယုံကြည်လေးစားတဲ့ အားကိုးအားထားပြုရာ ဘက်မလိုက်တဲ့ တရားစီရင်ရေးစနစ်ဖြစ်ရေး လိုအပ်သလို ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသူနိုင်ငံသားများအတွက် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာများ တည်ဆောက်ခဲ့ပါတယ်။ ဝန်ထမ်းတွေ အငြိမ်းစားယူသွားချိန်မှာ သိက္ခာရှိရှိနေသွားနိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများလည်း တည်ဆောက်နိုင်ခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းများနဲ့ အငြိမ်းစားဝန်ထမ်းများရဲ့ လစာနဲ့ ပင်စင်တွေကို သင့်လျော်တဲ့ပမာဏတစ်ခုအထိ တိုးမြှင့်ပေးခဲ့ပါတယ်။ Wave Money မိုဘိုင်းစနစ်ဖြင့် အငြိမ်းစားလစာထုတ်ပေးနေပါတယ်။ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေကို တိုးမြှင့်သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းမြင့်မားလာစေရေး စီမံပေးနေသလို ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါတယ်။ ပြည်ပရောက် မြန်မာအလုပ်သမားများ လုံခြုံဘေးကင်းမှုနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရရှိခံစားနိုင်ဖို့ တိုးမြှင့်လုပ်ဆောင်ပေးနိုင်ခဲ့ပါတယ်။ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းများဖြစ်စေရေး ဆောင်ရွက်နေတာတွေ ရှိပါတယ်။ လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများ၊ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့တာတွေ၊ ကျေးလက်အသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေမြှင့်တင်ရေးနဲ့ ကျေးလက်ဒေသများ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ခဲ့တာတွေ ရှိပါတယ်။

တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်မီးရရှိရေး တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတစ်ဝန်း အရှေ့နဲ့အနောက် တောင်နဲ့မြောက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေဖို့ လမ်းတံတားအသစ်တွေ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဒေသအလိုက် လမ်းတံတားတွေ အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် နယ်ပယ်ချဲ့ထွင်နိုင်ခဲ့ပါတယ်။ e-Visa စနစ်ဖြင့် ခွင့်ပြုပေးနိုင်တာတွေ၊ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့တာတွေရှိပါတယ်။ ကမ်းပါးထိန်းကာကွယ်ရေးလုပ်ငန်းများနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရန် စီမံအုပ်ချုပ်နိုင်ရေးစီမံကိန်းများနဲ့ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိပါတယ်။ စစ်ဘေးရှောင်စခန်းများမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခဲ့ပါတယ်။ မသန်စွမ်းသူများအား ထောက်ပံ့ကြေးပေးအပ်ခဲ့တာလည်း ရှိပါတယ်။ နိုင်ငံ့ဘဏ္ဍာ အလေအလွင့်မရှိစေဖို့နဲ့ လိုအပ်နေတဲ့လုပ်ငန်းတွေမှာ ထိထိရောက်ရောက်သုံးစွဲနိုင်ဖို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့ စည်းမျဉ်းစည်းကမ်းတွေကို စနစ်တကျ သတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ တာဝန်ယူမှု တာဝန်ခံမှုမရှိသူ အဆင့်ဆင့်ကို ထိထိရောက်ရောက် အရေးယူခဲ့တာတွေ ရှိပါတယ်။ ဒါတွေဟာ ပြည်သူများရဲ့အကျိုးစီးပွားအတွက် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရရှိခဲ့ပြီလို့ ပြောနိုင်မှာဖြစ်ပါတယ်။

(၂၁) ရာစု ပင်လုံညီလာခံ တတိယအစည်းအဝေးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၂) အဖြစ် နိုင်ငံရေးကဏ္ဍ အခြေခံမူသဘောတူညီချက် (၄) ချက်၊ စီးပွားရေးကဏ္ဍ အခြေခံမူသဘောတူညီချက် (၁) ချက်၊ လူမှုရေးကဏ္ဍ အခြေခံမူသဘောတူညီချက် (၇) ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂) ချက်၊ စုစုပေါင်း (၁၄) ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ရာစုနှစ်ထက်ဝက်ကျော်အသားကျနေတဲ့ အတွေးအခေါ်အယူအဆတွေ၊ စွဲကပ်နေတဲ့ အလေ့အကျင့်တွေ၊ ပုံစံကျနေတဲ့ လုပ်နည်းလုပ်ဟန်တွေ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အဟန့်အတား အနှောင့်အယှက်တွေကြားမှ ဒီလိုတိုတောင်းတဲ့ ကာလအတွင်းမှာ သိသိသာသာ ဖြစ်ထွန်းတိုးတက်လာတဲ့ လုပ်ငန်းရပ်တွေကို ကြည့်မယ်ဆိုရင် အစိုးရနဲ့ပြည်သူ ကြည်ဖြူစွာ အတူတကွ လက်တွဲဆောင်ရွက်မှု၊ ယုံကြည်ချက် ခံယူချက် တူညီမှုတွေကနေရရှိတဲ့ အောင်မြင်မှုအသီးအပွင့်တွေ ဖြစ်ပါတယ်။

ဒီလိုအောင်မြင်မှုတွေ၊ တိုးတက်ဖြစ်ထွန်းမှုတွေရှိနေသလို တစ်ဖက်မှာလည်း ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ဖိအားပေးပြစ်တင်ဝေဖန်မှုတွေ၊ အရေးယူနိုင်ရန် ကြိုးပမ်းမှုတွေကို နိုင်ငံတကာမျက်နှာစာမှာ ရင်ဆိုင်ဖြေရှင်းနေရတာတွေ ရှိပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုဖြစ်စဉ်တွေ၊ ပြန်လည်လက်ခံရေးဆိုင်ရာလုပ်ငန်းစဉ်တွေ၊ နေရာဒေသအချို့မှာဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်စဉ်တွေကြောင့် စစ်ဘေးရှောင်နေရတဲ့ပြည်သူတွေ စတဲ့စိန်ခေါ်မှုတွေနဲ့ အခက်အခဲတွေကိုလည်း ဖြေရှင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခက်အခဲများ သည်ပင်လျှင် ကျွန်တော်တို့ရဲ့ စုပေါင်းအင်အားကို ဖြစ်ထွန်းပေါ်ပေါက်စေတဲ့ အခွင့်အလမ်းကောင်းများအဖြစ် မှတ်ယူကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ အစိုးရအနေနဲ့ ဘယ်လိုပဲစိန်ခေါ်မှုတွေ၊ အခက်အခဲတွေ၊ အကျပ်အတည်းတွေရှိနေပါစေ၊ ပြည်သူလူထုရဲ့ နားလည်စာနာမှု၊ ပူးပေါင်းပါဝင်မှု၊ ကူညီပံ့ပိုးမှုတွေနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုခရီးကို ကျော်လွှားအောင်မြင်နိုင်မယ်လို့ အခိုင်အမာယုံကြည်ပါတယ်။ ပြည်သူလူထုကြီးကလည်း ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေး ပဋိပက္ခထောင်ချောက်ထဲသို့မဝင်မိစေရန် ဂရုစိုက်ကြစေလိုပါတယ်။ မိမိတို့အား အာရုံပြောင်း လမ်းကြောင်းလွှဲတဲ့ အဖြစ်အပျက်များကိုလည်း သတိပြုကြစေလိုပါတယ်။ လှုံ့ဆော်ဖန်တီးမှုများကိုလည်း စိတ်ခံစားမှုဖြင့် မတုံ့ပြန်မိကြရန် သတိရှိကြစေလိုပါတယ်။

**ချစ်ခင်လေးစားအပ်တဲ့ မိဘပြည်သူများခင်ဗျာ၊**

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ရရှိပြီးဖြစ်တဲ့ အောင်မြင်မှုတွေ၊ အောင်မြင်မှုလမ်းကြောင်းပေါ်မှာ ရောက်နေတာတွေကိုကြည့်ပြီး တင်းတိမ်ရောင့်ရဲကျေနပ်နေမှာ မဟုတ်ပါ။ ပြည်သူက ရွေးချယ်တဲ့အစိုးရပီပီ ပြည်သူလူထုရဲ့အကျိုးစီးပွားကို အစဉ်ရှေးရှုပြီး ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် အချို့ကဏ္ဍများမှာ ပြည်သူလူထုက ဖြစ်စေချင်တဲ့ဆန္ဒတွေနဲ့ မျှော်လင့်သလောက် မဖြစ်သေးတာတွေ၊ ကျွန်တော်တို့ အစိုးရရဲ့ လုပ်ဆောင်နေမှုတွေအပေါ်မှာ အားမလိုအားမရ ဖြစ်နေတာတွေကို အလေးထားပြီး ပြန်လည်သုံးသပ်ကာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာတော့ ကျွန်တော် ပြောကြားလေ့ရှိတဲ့အတိုင်း **“တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်း ဖြစ်ပေါ်စေ”** ဆိုတဲ့ နည်းလမ်းကိုပဲကျင့်သုံးပြီး လုပ်ငန်းစဉ်ပီပြင်ထိရောက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အားသွန်ခွန်စိုက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ အမိမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ တင့်တယ်လာအောင်၊ နိုင်ငံသူ နိုင်ငံသားများရဲ့ လူမှုစီးပွားဘဝမြင့်မားလာပြီး ပျော်ရွှင်ချမ်းမြေ့အောင်၊ ပြည်သူတွေ မြင်ချင်တွေ့ချင်နေတဲ့ အပြောင်းအလဲတွေကို မျက်ဝါးထင်ထင်တွေ့မြင်ရအောင် ခိုင်မာတဲ့ စိတ်ဓာတ်၊ ပြင်းထန်တဲ့ဆန္ဒ၊ မလျှော့တဲ့ဝီရိယနဲ့ ကိုယ်ရောစိတ်ပါမြှုပ်နှံပြီး တာဝန်ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အလေးအနက်ပြောကြားလိုပါတယ်။

ယခုလို မင်္ဂလာအပေါင်းနဲ့ ခညောင်းပြည့်စုံတဲ့ နှစ်သစ်အခါသမယမှာ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပါစေ၊ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှလုံးရွှင်ပြုံးနိုင်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒတွေ ပြည့်ဝကြပါစေ၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ထောင်မှုခရီးမှာလည်း တစ်စုတည်း တစ်စည်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊ ခေတ်ဟောင်း စနစ်ဟောင်းက အတွေးအခေါ် အယူအဆ အလေ့အထတွေကို ဘေးဖယ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး အခွင့်ကောင်း အခါကောင်းမှာ အတွေးသစ် အမြင်သစ် ကျင့်စဉ်သစ်တွေကို အတူတကွရွေးချယ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား


ဒုတိယသမ္မတ ဦးမြင့်ဆွေ

**ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

မြန်မာ့နှစ်သစ်ကူး မင်္ဂလာအခါသမယမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့တကွ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယခုလို ကောင်းမြတ်တဲ့ မြန်မာ့နှစ်သစ်ကူး မင်္ဂလာအခါသမယမှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေး အမြန်ဆုံးရရှိပါစေ၊ ငြိမ်းချမ်းရေး ရရှိတာနဲ့အမျှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို တိုင်းရင်းသားပြည်သူများအားလုံး အတူတကွ မျှမျှတတ ခံစားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးရဲ့ စည်းလုံးညီညွတ်တဲ့စွမ်းအား၊ ချစ်ကြည်သွေးစည်းတဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေကို အရင်းခံပြီး စိတ်သစ် လူသစ် အင်အားသစ်တွေနဲ့ ပြည်ထောင်စုကြီးရဲ့ ရှေ့ဆက်ကြမည့် ခရီးလမ်းကို နားလည်မှု၊ ယုံကြည်မှု၊ အပြန်အလှန် လေးစားတန်ဖိုးထားမှုတွေနဲ့အတူ နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံး နှစ်သစ်မင်္ဂလာ အခါသမယမှာ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားတိုးတက်ပြီး ရွှင်လန်းချမ်းမြေ့ကြပါစေ။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

**ချစ်ခင်လေးစားအပ်တဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

မြန်မာတို့ရဲ့နှစ်သစ်ကူးမင်္ဂလာအခါသမယမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ဒီမိုကရေစီခိုင်မာရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတွေဟာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအုတ်မြစ်ပဲ ဖြစ်ပါတယ်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသားများအားလုံးရဲ့ ပေါင်းစည်းညီညွတ်မှုအင်အားနဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးမှာ ကြုံတွေ့လာမယ့် ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

တိုင်းရင်းသားသွေးချင်းများအားလုံး နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေ ပြည်ထောင်စုစိတ်အခြေခံပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ။

တိုင်းရင်းသားအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုများ တည်ဆောက်နိုင်ကြပါစေ။

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ပျော်ရွှင်ကြည်နူးဖွယ် နှစ်သစ်ဖြစ်ပါစေ။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ယခုလို နှစ်သစ်မင်္ဂလာ အခါသမယမှာ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ယနေ့အချိန်အခါဟာ နှစ်ဟောင်းမှသည် နှစ်သစ်သို့ ကူးပြောင်းတဲ့ကာလ ဖြစ်ပါတယ်။ မိမိတို့အနေဖြင့် ပြည်သူ့ဗဟိုပြု ဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာအောင် ခေတ်စနစ်နှင့်လျော်ညီခြင်းမရှိတဲ့ ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နေသလို ပြည်သူတွေရဲ့အကျိုးစီးပွားဖြစ်ထွန်းစေမယ့် အခြေခံလူ့အခွင့်အရေးများကို အကာအကွယ်ပေးမယ့် ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မဲဆန္ဒနယ်မြေများအလိုက် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများအနေနဲ့လည်း ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် မိမိတို့ လွှတ်တော်နှင့် အတူ ပူးပေါင်းပါဝင်နိုင်ကြပါစေ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ပါစေ။ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး အန္တရာယ်ခပ်သိမ်းငြိမ်းကြပါစေ၊ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းနှင့် ပြည်ပရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး မင်္ဂလာရှိတဲ့နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘဝကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

နှစ်ဟောင်းကုန်လို့ နှစ်သစ်သို့ ကူးပြောင်းတိုင်း နှစ်ဟောင်းမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုများစွာ၊ ဘဝသင်ခန်းစာများစွာကို အနာဂတ်အတွက် အခွင့်အလမ်းသစ်များ၊ အောင်မြင်ရေးနည်းလမ်းကောင်းများအဖြစ် မှတ်ယူကာ ပြုပြင်စရာများကို ပြုပြင်ရင်း မှန်ကန်တဲ့ဘက်ကို ပြောင်းလဲစေမည့် အတွေးအမြင်သစ်များဖြင့် ရဲဝံ့စွာပြုပြင်ပြောင်းလဲရင်း လှပသော အနာဂတ်အတွက် ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးနှင့်အတူ ကြိုးစားဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၏ တူညီသော ဆန္ဒဖြစ်သည့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးအတွက် ဦးတည် လျှောက်လှမ်းရာမှာ ဥပဒေပြုကဏ္ဍမှ လွှတ်တော်များ အနေဖြင့် **ပြည်သူသည်သာ အခရာ**ဖြစ်၍ ပြည်သူ့အသံကို အစဉ်နားစွင့်ရင်း ပြည်သူများ၏ လိုအပ်ချက်နှင့်ဆန္ဒကို သိနိုင်အောင် အမြဲကြိုးစားကာ လူမှုစီးပွားဘဝများ တိုးတက်စေရန် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမယ့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး၊ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော လွှတ်တော်များဖြစ်စေရေး အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြု ပြောကြားလိုပါတယ်။

နှစ်သစ်မင်္ဂလာ သည်ချိန်ခါမှစ၍ နိုင်ငံသူ နိုင်ငံသားများ အားလုံးကလည်း တာဝန်ကိုယ်စီရှိကြသည်ဟု အစဉ် နှလုံးသွင်းမှတ်ယူကာ မိမိတို့ ကျရာကဏ္ဍမှ တာဝန်ကျေပွန်နိုင်ကြပါစေ၊ ဘာသာတရားတိုင်း၏ အဆုံးအမများနှင့်အညီ ဆောင်ရွက်နိုင်သူများ ဖြစ်ကြပါစေ၊ ဆောင်ရွက်ဖွယ်ရာ ကိစ္စမှန်သမျှကို **ဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်၊ ပညာ** ဆိုတဲ့ အောင်မြင်ခြင်းတရား (၄) ပါးနဲ့အညီ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၁၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ရွှေတြိဂံဒေသ မဲခေါင်မြစ်ကမ်းတွင် အပန်းဖြေအနားယူသူများ စည်ကား

**တာချီလိတ် ဧပြီ ၁၆**

မြန်မာ-ထိုင်း-လာအို သုံးနိုင်ငံနယ်စပ် ရွှေတြိဂံဒေသ မဲခေါင်မြစ်ကမ်းဘေး ဇွဲသာယာကမ်းခြေတွင် ယနေ့ (သင်္ကြန်အတက်နေ့) တွင် ရေကစားသူများ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ အပန်းဖြေအနားယူရာနေရာသည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအနီးတွင်တည်ရှိပြီး သင်္ကြန်ကာလအတွင်း နေ့စဉ် တာချီလိတ်မြို့နှင့် ဒေသခံပြည်သူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

# ဗြာဟ္မဏာမှ ဗုဒ္ဓဝါဒသို့ တိုး၍အသွင်ပြောင်းလာသော မဟာသင်္ကြန်

**မဟာသင်္ကြန်နှစ်သစ်ကူးကာလသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးအတွက် ယဉ်ကျေးမှုအရ အင်မတန်မှ အရေးပါသော အချိန်အခါဖြစ်သည်။ အစိုးရခေတ်အဆက်ဆက်က ရက်ရှည်ရုံးပိတ်ရက်များ သတ်မှတ်ပေး၏။ ပုဂ္ဂလိကလုပ်ငန်းများလည်း ထိုနည်းတူ မိမိဝန်ထမ်းများကို အားလပ်ရက်များ ပေးကြ၏။ စီးပွားရေးလုပ်ငန်းတော်တော်များများလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ကြန်အချိန်ကာလအတွင်း ရပ်နားထားကြ၏။**

**အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိ**
**(ဓမ္မာစရိယ၊ DPhil-Oxford)**
**ပါမောက္ခချုပ်၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်နှင့်**
**သုတေသနမှူး၊ အောက်စဖို့ဒ်တက္ကသိုလ်၊ ယူကေ**

မြန်မာနိုင်ငံတော်အတွင်း၌ ဤမျှလောက်အရေးပါလှသော သင်္ကြန်ကို ယဉ်ကျေးမှုအစဉ်အလာကို ဆင်နွှဲကြရာ၌ အချို့သောအယူအဆသည် ဗုဒ္ဓမပေါ်မီက ဆင်းသက်လာပြီး ပြောင်းလဲမှုပုံစံအမျိုးမျိုးရှိလျက်ရှိနေသည်။

### အကုသိုလ်များမှ စင်ကြယ်စေရန်


ဥပမာပြရလျှင် သင်္ကြန်နှစ်သစ်ကူးကို ဆင်နွှဲကြသော မြန်မာလူမျိုး၊ ထိုင်းလူမျိုး၊ လာအိုလူမျိုး၊ ကမ္ဘောဒီးယားလူမျိုး၊ တရုတ်ပြည်၊ ယူနန်ပြည်နယ်မှ တိုင်းလူမျိုး၊ အိန္ဒိယလူမျိုးများစွာတို့မှာ သင်္ကြန်နှစ်သစ်ကူးကာလ၌ ရေပက်ဖျန်းသော ဓလေ့ရှိကြ၏။ ဗုဒ္ဓမပေါ်မီ ပင်ကိုမူလ ယုံကြည်မှုမှာ မင်္ဂလာရှိသောအချိန်တွင် အကုသိုလ်များမှ စင်ကြယ်စေရန် ရေဖြင့် မိမိကိုယ်ကို သန့်စင်ရမည်ဟူ၍ ဖြစ်သည်။

ဥဒကသုဒ္ဓိ-ရေဖြင့်စင်ကြယ်စေခြင်း (water purification) ဟု ခေါ်ဝေါ်ကြသည်။ အိန္ဒိယနိုင်ငံတွင် ယနေ့တိုင် ကုမ္ဘမေလ (Kumbh Mela) ဟိန္ဒူဘာသာရေးပွဲတော်ရောက်လာတိုင်း သန်းပေါင်းမြောက်မြားစွာသော ဘာသာဝင်များသည် ဂင်္ဂါမြစ်၌ မိမိအပြစ်ကင်းစင်စေရန် ရေချိုးကြ၏။ အလ္လဟာဘဒ်မြို့ကို ဖြတ်သန်းကြသော ဂင်္ဂါမြစ်သည်ရေပန်းစား၏။ ၂၀၁၈ ခုနှစ်တွင် မင်္ဂလာရှိသောအချိန်သည် ဇန်နဝါရီလတွင် ကျရောက်ပြီး ယခုနှစ် ၂၀၁၉ ခုနှစ်တွင်မူ ဖေဖော်ဝါရီလစောစောပိုင်းတွင် ကျရောက်ပါသည်။ မှန်မြတ်သောရေဖြင့် မှန်မြတ်သော အချိန်အခါတွင် ရေဖြင့်ဖြူစင်စေခြင်းဆိုသည့်အယူကို နှစ်သစ်ကူးသင်္ကြန်အချိန်တွင်လည်း အကျယ်တဝင့် ကျင့်သုံးကြသည်။

ဥဒကသုဒ္ဓိ-ရေဖြင့် ဖြူစင်စေခြင်း (water purification) အယူသည် မိုဟင်ဂျာဒါရို (Mohenja-daro)ခေတ်ကတည်းက ထွန်းကားခဲ့ဟန်တူသည်ဟု ရှေးဟောင်းသုတေသနပညာရှင်များက ယူဆကြသည်။ မိုဟင်ဂျာဒါရိုခေတ်သည် ဗုဒ္ဓမပေါ်မီ နှစ် ၁၉၀၀ ခန့်၊ ခရစ်မပေါ်မီ BCE ၂၅၀၀ ခန့်တွင် ယခုလက်ရှိပါကစ္စတန်နိုင်ငံ ဆင်းဒ်ပြည်နယ် လာကန (Larkana)ဒေသ၌ တည်ရှိခဲ့သည်။

### စိတ်ကိုဖြူစင်စေရန်

မြန်မာနိုင်ငံ၊ တောင်အာရှနှင့် အရှေ့တောင်အာရှမှ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ကြသော နိုင်ငံများသို့ ရောက်ရှိလာသော သင်္ကြန်အစဉ်အလာ၏ အချို့သော အယူအဆများသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်ကြသော နိုင်ငံများသို့ ရောက်ရှိလာသော သင်္ကြန်အစဉ်အလာ၏ အချို့သောအယူအဆများသည် ထေရဝါဒဗုဒ္ဓတရားတော်မှ အစားထိုးမှုကို ခံရသည်။ ဥပမာ-သင်္ကြန်အတက် အတာစားချိန်၌ ဗြဟ္မာကြီးအစား၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဆိုသည့် ရတနာသုံးပါးကို အာရုံပြုစေ၏။ သက်ကြီးရွယ်အိုများကိုလည်း ကန်တော့စေ၏။ ဦးခေါင်းဆေးခြင်းဓလေ့တွင်လည်း အပြင်သန့်ရှင်းမှုထက် မိမိကိုယ်ရော သူတစ်ပါးကိုပါ မကောင်းသောစိတ်အကြံများ



**အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိ**
**(ဓမ္မာစရိယ၊ DPhil-Oxford)** ဓာတ်ပုံ-ကျော်သူ

မထားရှိစေရန် သတိပေးသွန်သင်၏။ မိမိစိတ်ကို ပြင်ဆင်ခြင်းဖြင့် စိတ်ကိုဖြူစင်စေရန်ဖြစ်၏။

ဗုဒ္ဓမြတ်စွာဘုရား ထင်ရှားရှိစဉ်ကပင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အပြစ်များ ကင်းစင်ပပျောက်စေရန် ရေချိုးခြင်း ပြုလုပ်သော သင်္ဂါရဝပုဏ္ဏားကို ဗုဒ္ဓမြတ်စွာဘုရားက အပြင်ရေသန့်စင်ခြင်းဖြင့် အကုသိုလ်အပြစ်များ၊ စိတ်ညစ်မှုများ၊ စိတ်ဆင်းရဲမှုများ၊ မပပျောက်နိုင်ပါ။ အလယ်အလတ်လမ်းစဉ် (middle path- မဇ္ဈိမ ပဋိပဒါ) တည်းဟူသော ဓမ္မရေကန်၌ဖြူစင်စေခြင်း ကျင့်စဉ်လေးမျိုးတည်းဟူသော ရေချိုးမှုဖြင့်သာ ဖြူစင်မှုကိုရနိုင်ကြောင်း ဟောကြားတော်မူသည်။ [သံ၊ ပ၊ ၁၈၄-၁၈၅]

ဗုဒ္ဓတရားတော်၌ အလယ်အလတ်လမ်းစဉ်ကို (၁) အမြင်နှင့်ခံစားမှုမှန်ကန်ခြင်း (ပညာသိက္ခာ-training of wisdom) (၂)အပြုအမူ အနေအထိုင် မှန်ကန်ခြင်း (သီလသိက္ခာ- training of moral ethics)နှင့် (၃)စိတ်တည်ငြိမ်၊ ဖျတ်လတ်မှု မှန်ကန်ခြင်း (သမာဓိသိက္ခာ- training of psychology)ဟူ၍ ကျင့်စဉ်အပိုင်းသုံးပိုင်းပေါင်း၍ တည်ဆောက်ထား၏။ ကိုယ်၊ နှုတ်၊ စိတ်နှလုံး သုံးမျိုးစလုံးကို ဖြူစင်စေရန် ရည်ရွယ်၏။ နေ့စဉ်တွေးခေါ်ရန် အကျဉ်းချုံးရလျှင် (၁) ကမ္ဘာပေါ်၌ မည်သည့်နေရာမဆို ပြဿနာရှိနေသဖြင့် (၂) ထိုပြဿနာများပြေလည်စေရန် မေတ္တာ (Loving Kindness)နှင့် ကရုဏာ (Compassion)အမြင်ဖြင့် မိမိကိုယ်နှုတ်နှစ်မျိုးစလုံးကို ထိန်းချုပ်မှု (သံဝရ- restraint)လုပ်ရန်ဖြစ်ပေသည်။ ဤနည်းဖြင့် ဗုဒ္ဓတရားတော်အရ ဖြူစင်မှု(ဝိသုဒ္ဓိ- purification)အဆင့်ဆင့်ကို ရရှိနိုင်မည်ဖြစ်ပေသည်။

သင်္ကြန်ကာလ၌ အလှူဒါနပြုခြင်း ဥပုသ်သီလစောင့်ထိန်းခြင်း၊ တရားစခန်းဝင်၍ စိတ်ကိုတိုက်ရိုက်လေ့ကျင့်ခြင်းတို့မှာ ရေဖြင့်စင်ကြယ်ခြင်း ( ဥဒကသုဒ္ဓိ-purity-by-water)ဆိုသည့် ဗြာဟ္မဏအယူကို ဗုဒ္ဓမြတ်စွာဘုရား၏ဓမ္မအယူဖြင့် အစားထိုးလိုက်ခြင်းပင်ဖြစ်သည်။

### မြန်မာဗုဒ္ဓဘာသာတို့၏ သင်္ကြန်အယူ

ဖန်ဆင်းရှင်ဗြဟ္မာကြီးကို မိမိတို့အယူအဆထဲမှ ဖယ်ရှားထားသဖြင့် မြန်မာဗုဒ္ဓဘာသာတို့၏ သင်္ကြန်အယူမှာ နက္ခတ်ဗေဒင်တွက်ချက်မှုအပေါ် အခြေခံသော အယူအဆမျှသာ ထင်ရှားစွာကျန်ရှိနေတော့သည်။ ဤနေရာ၌ အပုပ် အကြွတ်ရက်များသည် မင်္ဂလာမရှိ၊ အတက်အထွန်း ရက်ရာဇာများသာ မင်္ဂလာရှိသည်ဟု ယူဆနေကြသေးသည်။ အကြောင်းရင်းမှာ ပုဗ္ဗဏှသုတ်ပရိတ်တော်၌ လာသည့်အတိုင်း စိတ်စေတနာဖြူစင်စွာဖြင့် ပြုလုပ်သောအလုပ်သည် မင်္ဂလာရှိသော အချိန်ထက် ပိုအရေးကြီးကြောင်း ဗုဒ္ဓမြတ်စွာဘုရား၏အဆုံးအမကို ကျယ်ပြန့်စွာလက်မခံကြသေး၍ ဖြစ်၏။ ကြယ်တာရာနက္ခတ်မည်မျှပင်ကောင်းပါစေ၊ အလုပ်တစ်ခုကို ပြုလုပ်သူ၏ စိတ်စေတနာမဖြူစင်ပါက မင်္ဂလာရှိသောအချိန်သည် အကျိုးသက်ရောက်မှုမရှိ၊ အများအကျိုးအတွက် ဦးစားပေးတွေးခေါ်သော ပုဂ္ဂိုလ်သည်သာ အများကြီးပွားစေရန် ပြောဆိုဆောင်ရွက်မည်။

အတာအိုးပြင်ဆင်ရာ၌ ခုနစ်ရက်သားသမီးများ၏ အကျိုးစီးပွားလိုလားသော မေတ္တာစိတ်ထားလျက် ပန်းခုနစ်မျိုး ပါဝင်ရမည်ဟု ရှေးလူကြီးသူမများ ညွှန်ကြားထားမှုသည် အပြင်သန့်ရှင်းမှုထက် စိတ်ဖြူစင်သန့်ရှင်းမှုဘက်သို့ ဦးတည်နေကြောင်း မြင်တွေ့ရပေမည်။ ဗုဒ္ဓတရားတော်၏ အရိပ်အငွေ့ဟု သတ်မှတ်နိုင်ပါသည်။

နှစ်ဦးအချိန်၌ သင်္ကြန်ကျမ်းများ အဆိုအမိန့်အရဆိုလျှင်လည်း မင်္ဂလာရှိစေချင်လျှင် သေရည်အရက်၊ အကြမ်းဖက်မှု၊ အမျက်ဒေါသ၊ ရန်ငြိုးပဋိပက္ခ၊ မာန်မာနတို့မှ ဝေးအောင် ရှောင်သင့်ကြောင်း ဆိုပြန်သဖြင့် စိတ်ပြုပြင်ရေးကို အဓိကထားသော ဗုဒ္ဓ၏ အဆုံးအမသည် သင်္ကြန်ကို ဗုဒ္ဓဘာသာ အနှစ်သာရများဖြင့် ပြည့်စုံအောင် နှစ်ရာစုများစွာ ဆောင်ရွက်လာခဲ့လျက်ရှိနေသည်ဟု ယူဆပါသည်။ ထို့ကြောင့်ပင်လျှင် BBC Website(13-4-2019)၌ ထိုင်း၊ လာေ၊ ကမ္ဘောဒီးယား၊ မြန်မာ စသော လူမျိုးတို့သည် ဧပြီလ ၁၃ မှ ၁၅ ရက်နေ့အထိ “ဗုဒ္ဓဘာသာ နှစ်သစ်ကူး” (Buddhist new year) ကို ရေပက်ဖျန်းမှုဖြင့် ဆင်နွှဲကြကြောင်း သတင်းပါရှိသည်။

### ကရုဏာအသိဖြင့် ဝိုင်းဝန်းဖြေရှင်းနိုင်ကြပါစေ

ဆိုလိုသည်မှာ ဗုဒ္ဓမပေါ်ခင်ကတည်းက တည်ရှိလာခဲ့သော သင်္ကြန်အစဉ်အလာသည် ဗုဒ္ဓဘာသာအသွင်ကို တိုး၍ တိုး၍ ယူဆောင်နေကြောင်းပင် ဖြစ်ပေသည်။ ဤနှစ်မဟာသင်္ကြန်နှစ်သစ်ကူးကိုလည်း အများအတွက် တွေးတောသော မေတ္တာစိတ်ဖြင့် ကြိုဆိုကြလျက် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကောင်းကျိုးအဖြာဖြာနှင့် ပြည့်စုံသော နှစ်သစ်ဖြစ်ပါစေ။ တိုင်းပြည်ပြဿနာများကို ကရုဏာအသိဖြင့် ဝိုင်းဝန်းဖြေရှင်းနိုင်ကြပါစေ။ မြန်မာနိုင်ငံအပေါ် ကမ္ဘာအရပ်ရပ်မှ မေတ္တာဖြင့် မိတ်ဆွေပီသစွာ ဆက်ဆံနိုင်ကြပါစေ။ မေတ္တာရေဖျန်းသဖြင့် အေးမြနိုင်ကြပါစေ။ ။

> **“ စိတ်စေတနာဖြူစင်စွာဖြင့် ပြုလုပ်သောအလုပ်သည် မင်္ဂလာရှိသော အချိန်ထက် ပိုအရေးကြီးကြောင်း ဗုဒ္ဓမြတ်စွာဘုရား၏အဆုံးအမကို ကျယ်ပြန့်စွာလက်မခံကြသေး၍ ဖြစ်၏။ ကြယ်တာရာနက္ခတ်မည်မျှပင်ကောင်းပါစေ၊ အလုပ်တစ်ခုကို ပြုလုပ်သူ၏ စိတ်စေတနာမဖြူစင်ပါက မင်္ဂလာရှိသောအချိန်သည် အကျိုးသက်ရောက်မှုမရှိ၊ အများအကျိုးအတွက် ဦးစားပေးတွေးခေါ်သော ပုဂ္ဂိုလ်သည်သာ အများကြီးပွားစေရန် ပြောဆိုဆောင်ရွက် ”**



**ကယားပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ဧပြီ ၁၆ ရက်က လွိုင်ကော်မြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ယိမ်းအဖွဲ့အား ဆုချီးမြှင့်စဉ်။**

(ယိမ်းအကပြိုင်ပွဲတွင် ယိမ်းအဖွဲ့ (၁၃) ဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပူးတွဲပထမဆုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ရရှိခဲ့ကြောင်း သိရသည်။) **ပြည်နယ် (ပြန်/ဆက်)**

## တောင်ငူမြို့၌ မဟာသင်္ကြန်အတက်နေ့ ရေကစားသူများဖြင့်စည်ကား

**တောင်ငူ ဧပြီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ၁၃၈၀ ပြည့်နှစ် ဧပြီ ၁၆ ရက် ရိုးရာမဟာသင်္ကြန်ပွဲတော် (အတက်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ရေပက်ခံထွက်လာကြသူများ၊ ရေကစားသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။(**ယာပုံ**) ရေတာရှည်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ သံတောင်၊ ထန်းတပင်မြို့နယ် အသီးသီးမှ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ဆိုင်ကယ်များဖြင့် လည်းကောင်း လာရောက်ကြခြင်းဖြစ်ကာ တောင်ငူမြို့တွင် ပထမဦးဆုံးထည့်သွင်းကျင်းပသည့် လမ်းလျှောက်သင်္ကြန်ကို ဗိုလ်မှူးဖိုးကွန်းလမ်း၌ ပုသိမ်ထီးများဖြင့် အလှဆင်၍ ရေကစားမဏ္ဍပ်များတွင် စတုဒိသာမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များပါဝင်ပြီး ဗဟိုမဏ္ဍပ်ရှေ့၌ ရေပက်ခံထွက်လာသူများကိုလည်း တွေ့ရှိခဲ့ရသည်။ တောင်ငူမြို့နယ်တွင် ရေကစားမဏ္ဍပ် စုစုပေါင်း ၁၆ ခုရှိပြီး တောင်ငူမြို့ပေါ်၌ ဖျော်ဖြေရေးမဏ္ဍပ် ခုနစ်ခု၊ ဆုပေးမဏ္ဍပ် လေးခုရှိကာ ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့မှ အင်အား ၂၃၀ ကျော်ဖြင့် လုံခြုံရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပ မိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက်ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❒ *ရွှေဖုံးမှ*

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်တွင် ကုသိုလ်ဖြစ် ငါးစာကျွေးခြင်း၊ ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် နေပြည်တော်ကောင်စီဝင်များသည် ရွှေသံလွင်ကုမ္ပဏီလီမိတက် Sky Net မိသားစု၏ မြန်မာ့ရိုးရာ မဟာသင်္ကြန် ရေကစားမဏ္ဍပ်သို့ ရောက်ရှိကြရာ Sky Net မိသားစုများ၊ အနုပညာရှင်များနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့များက သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးကြပြီး ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**နှစ်သစ်ကူး ဆုတောင်းစကားပြော**

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် အနုပညာရှင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကအဖွဲ့များ၏ သင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးကြပြီး ဒုတိယသမ္မတက နှစ်သစ်ကူး ဆုတောင်းစကား ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်ဇနီးသည် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိပြီး မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း ရေပက်ခံကားများ၊ ရေပက်ခံထွက်ကြသူများ၊ သင်္ကြန်မဏ္ဍပ်များတွင် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသူများ၊ စတုဒိသာကျွေးမွေး ကုသိုလ်ယူကြသူများ၊ ဘုရားကျောင်းကန်များတွင် တရားဘာဝနာပွားများကြသူများနှင့် ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား များပြားခဲ့သည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



## ကလေးမြို့လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် နိုင်ငံခြားသားများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**ကလေး ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၉ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်ပေးသည့် လူထုလူတန်းစားအလွှာစုံ ပူးပေါင်းပါဝင်နိုင်သော လမ်းလျှောက်သင်္ကြန်သို့ သင်္ကြန်ကာလအတွင်းလာရောက်လည်ပတ်သည့် နိုင်ငံခြားသားများအပါအဝင် သင်္ကြန်ချစ်သူပြည်သူအပေါင်း ချစ်ကြည်ရင်းနှီးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ကလေးမြို့ မဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်အကြို၊ အကျ၊ အကြတ်၊ အတက်နေ့များတွင် နေ့စဉ် ကလေးမြို့လယ် ဗိုလ်ချုပ်လမ်းမကြီးလမ်းဆုံမှ ရိုးမဘဏ်ရှေ့အထိ လမ်းတစ်လျှောက်ရောင်စုံပုသိမ်ထီးနှင့် ရောင်စုံသင်္ကြန်ထီးများ ချိတ်ဆွဲအလှဆင်ကာ လူတန်းစားအလွှာစုံလမ်းလျှောက်၍ ရေကစားရင်း စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

"ပြီးခဲ့တဲ့နှစ်လို တစ်မူထူးခြားစွာ ကလေးမြို့မှာကျင်းပတဲ့ လမ်းလျှောက်သင်္ကြန်ပွဲတော်က လူမျိုးဘာသာမရွေး၊ ကလေး လူကြီး အရွယ်မရွေးဘဲ ကိုယ်တိုင်လမ်းလျှောက်ပြီး ရေပက်ခံထွက်ရတာဆိုတော့ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးဖြစ်စေပါတယ်။ ပုသိမ်ထီး၊ သင်္ကြန်ထီးတွေနဲ့ အလှဆင်ထားတဲ့အရိပ်အောက်မှာ အန္တရာယ်ကင်းကင်းနဲ့ပျော်ရွှင်စွာလမ်းလျှောက်ပြီး လည်ပတ်နေတာ တွေ့ခဲ့ရတဲ့အတွက် စိတ်ထဲမှာ ကြည်နူးမိတယ်။ လည်ပတ်ပြီး အစားအသောက်တွေကို လှူဒါန်းကျွေးမွေးနေတဲ့ စတုဒိတာမဏ္ဍပ်တွေကလည်း အဆင်သင့်ရှိနေတဲ့အတွက် သင်္ကြန်လည်ရတာ အလွန်ပျော်ဖို့ကောင်းပါတယ်"ဟု ကလေးမြို့ လမ်းလျှောက်သင်္ကြန်ပွဲတော်ကို မိသားစုအလိုက် လည်ပတ်သူတစ်ဦးက ပြောသည်။

**ချင်းတွင်းသား**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နှစ်သစ်ကူးဆုမွန်



သင်္ကြန်ဆိုသည့် မူလစကား သင်္ကန္တ၊ ပြောင်းရွှေ့ခြင်း၊ ပြောင်းလဲခြင်းဆိုသည့် အဓိပ္ပာယ်အတိုင်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး ပိုမိုကောင်းမွန်သည့်၊ ပိုမိုတိုးတက်သည့်၊ ပိုမိုအေးချမ်းသာယာသည့် အခြေအနေမျိုးကို ပြောင်းလဲနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ၁၃၈၀ ပြည့်နှစ် တစ်နှစ်လုံးအတွင်းမှာ ကဏ္ဍပေါင်းစုံ အတွေ့အကြုံများ ဖြတ်သန်းခဲ့ရပါတယ်။ အဆိုပါ အတွေ့အကြုံများသည် ၁၃၈၁ ခုနှစ်အတွက် ခွန်အားသစ်များဖြစ်ပြီး နိုင်ငံ၏ ဘက်ပေါင်းစုံတိုးတက်သည့် အခြေအနေမျိုးကို ဖန်တီးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

❐ *ကျောဖုံးမှ*

အတာရေများ အပြန်အလှန် ပက်ဖျန်းကြသည်။

**ဂုဏ်ပြုဆုငွေ ပေးအပ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရေသဘင်မဏ္ဍပ်နှင့် တောင်ကြီးမြို့ ဗဟိုရေသဘင်မဏ္ဍပ်၌ သီဆိုကပြဖျော်ဖြေခဲ့ကြသော ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည် မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**






ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားတွင် ယိမ်းအကများ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာ့ရိုးရာမဟာသင်္ကြန် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၆

**မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် အတက်နေ့ဖြစ်သော ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ရေကစားမဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိဂေါက်ကွင်းရှိ မြက်ခင်းပြင်၌ ကျင်းပပြုလုပ်သည်။**

အဆိုပါ ပိတ်ပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြပြီး ရေကစားမဏ္ဍပ်တွင် အမျိုးသမီးအရာရှိ ယိမ်းအကအဖွဲ့၊ အမျိုးသမီးစစ်သည် ယိမ်းအကအဖွဲ့ အပါအဝင် မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၊ အမျိုးသားအရာရှိ/စစ်သည် Dancer အဖွဲ့၊ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ယိမ်းအကများ၊ တေးသီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**အောင်မြင်စွာပိတ်သိမ်း**

ထို့နောက် ပိတ်ပွဲအခမ်းအနားကျင်းပရာ အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြကာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အရာရှိကြီးများ၊ ဇနီးများက ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ယိမ်းအဖွဲ့များအား အတာရေများဖြင့် ပက်ဖျန်းပေးကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု ရေကစားမဏ္ဍပ်အား အောင်မြင်စွာပိတ်သိမ်းခဲ့သည်။

ယနေ့သည် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အတက်နေ့ဖြစ်သည်နှင့်အညီ ဇေယျာသီရိမြို့နယ်အတွင်းရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ ရေကစားမဏ္ဍပ်၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ရှေ့ရှိ ရေကစားမဏ္ဍပ်အပါအဝင် အခြားရေကစားမဏ္ဍပ်များတွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် ပျော်ရွှင်စည်ကားစွာ ရေသဘင်ပွဲတော်ကို အောင်မြင်စွာဆင်နွှဲကြပြီး မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်္ကြန်ချစ်သူပြည်သူများက အတာရေသဘင်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သင်္ကြန်အတက်နေ့တွင် မန္တလေးမြို့ပြင်ရှိ အပန်းဖြေစခန်းများသို့ လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် အထူးစည်ကား

**မန္တလေး ဧပြီ ၁၆**

မြန်မာရိုးရာ သင်္ကြန်အတက်နေ့၌ မန္တလေးမြို့ပြင် ပုသိမ်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ၃ မိုင်၊ ၅ မိုင်၊ ၆ မိုင်၊ ၇ မိုင် ရေကစားဥယျာဉ်အပန်းဖြေစခန်းများသို့ လာရောက်အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**အေးချမ်းပျော်ရွှင်စွာအနားယူနိုင်**

မဟာသင်္ကြန် အတက်နေ့တွင် သင်္ကြန်ပွဲတော် နွှဲပျော်ကြသူများသည် မန္တလေးမြို့တွင်းနှင့် ကျုံးပတ်လည်၌ ကား၊ ဆိုင်ကယ်များဖြင့် ရေပက်ခံလည်ပတ်ကစားကြပြီး မြို့ပြင်နေရာများတွင် ဖွင့်လှစ်ထားသည့် အပန်းဖြေစခန်းများတွင် မိသားစုအလိုက် အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရန်အတွက် သွားရောက်လည်ပတ်လျက်ရှိသည်။

"ကျွန်တော်တို့ ၆ မိုင် အပန်းဖြေစခန်းကို လာရောက်အပန်းဖြေသူတွေအတွက် လုံခြုံရေးကို အဓိကထားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ ကျွန်တော်တို့ အပန်းဖြေစခန်းက ဝန်ထမ်းတွေ ပူးပေါင်းပြီး ဆောင်ရွက်ထားပါတယ်။ ဒါ့အပြင် အပန်းဖြေစခန်းကို လာရောက်ကြတဲ့ ဧည့်သည်တွေရဲ့ ကုန်ဆုံးသွားတဲ့ အချိန်တွေကို တန်ဖိုးရှိရှိ ကျေနပ်စွာ အနားယူ အပန်းဖြေနိုင်ဖို့ လူကြီးရေကူးကန်၊ ကလေးရေကူးကန်အပြင် အအေးခံပါတဲ့ ကလေးကစားကွင်းတွေကိုလည်း ထည့်သွင်းပေးထားပြီး ဝန်ဆောင်မှုအပြည့်နဲ့ ဆောင်ရွက်ပေးထားပါတယ်" ဟု ဖလန်း ဖလန်း ရေလှိုင်းကမ္ဘာ ရေကစားဥယျာဉ် အပန်းဖြေစခန်း မန်နေဂျာ ကိုလှိုင်ဝင်းစိုးက ပြောသည်။

**အထူးစည်ကားလျက်ရှိ**

မဟာသင်္ကြန် အတက်နေ့တွင် မန္တလေးမြို့အနှံ့ ကား၊ ဆိုင်ကယ်များဖြင့် လည်ပတ် ရေကစားကြသူများ ကြိတ်ကြိတ်တိုး စည်ကားနေသည့်အပြင် အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရန် အပန်းဖြေစခန်းများသို့လည်း သွားရောက် လည်ပတ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



သင်္ကြန်အတက်နေ့တွင် ပုသိမ်ကြီးမြို့နယ် ၆ မိုင် အပန်းဖြေစခန်းသို့ လာရောက်လည်ပတ် အပန်းဖြေသူများကို တွေ့ရစဉ်။

# နှစ်သစ် ဆုတောင်း စကားများ



ဦးခင်မောင်ဌေး



ဒေါက်တာလှထွန်း



ဦးညွန့်မောင်ရှိန်



ဒေါက်တာသာဉာဏ်

**ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်**
**အမှုဆောင်အတွင်းရေးမှူး**
**မွန်ဆီညော်မောရစ်ညွန့်ဝေ**

နှစ်သစ်တစ်လျှောက်လုံးမှာ
အပြုံးတွေ ပေးကာ
အမုန်းတွေ ဝေးကာ
နှလုံးတွေ အေးပါစေ။
စစ်ခင်းတာ တား
ချစ်ခြင်းသာ ပွား
မြစ်တစ်စင်းပမာ အလား
စီးဆင်းကာသွားပါစေ။

---

**ဦးခင်မောင်ဌေး(ရွှေတိဂုံစေတီဂေါပကအဖွဲ့) ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)**

ကျွန်တော်တို့နိုင်ငံမှာ လူမျိုးပေါင်းစုံရှိတယ်၊ ကိုးကွယ်တဲ့ ဘာသာပေါင်းစုံရှိတယ်၊ ပြောဆိုကြတဲ့ ဘာသာစကားပေါင်းစုံရှိတယ်။ အဲဒီလို မတူကွဲပြားတဲ့ လူတွေစုပြီးတော့မှ တည်ထောင်ထားတဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် အချင်းချင်းကြားမှာ နားလည်မှုရှိဖို့၊ အပြန်အလှန် လေးစားတန်ဖိုးထားဖို့အတွက် အလွန်အရေးကြီးပါတယ်။ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့ အဲဒီရည်မှန်းချက်တာဝန်ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သစ်မှာ ပြည်သူအားလုံး ကျန်းမာ ချမ်းသာကြပါစေ၊ ဘေးဘယာ ဝေးကွာကြပါစေလို့ ဆုတောင်းပါတယ်။

**ဒေါက်တာလှထွန်း**
**သနန္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်၊ သာသနာပြုအကျိုးတော်ဆောင်**

နှစ်သစ်ကူးအချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ညီအစ်ကိုမောင်နှမများအားလုံး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေတဲ့ အကြီးအကဲအားလုံးနဲ့ နိုင်ငံတော်လုံခြုံရေးအတွက် နယ်စပ်ဒေသမှာ ၂၄ နာရီလုံးလုံး ကြိုးပမ်းအားထုတ်နေကြတဲ့ လုံခြုံရေးပုဂ္ဂိုလ်များအားလုံး ဒီနှစ်သစ်မင်္ဂလာ အချိန်အခါမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ ကျွန်တော်တို့ တိုင်းပြည်သည် ငြိမ်းချမ်းသာယာတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးသည် သမိုင်းခေတ်အဆက်ဆက်က မြန်မာနိုင်ငံမှာ ငြိမ်းငြိမ်းချမ်းချမ်း၊ တစ်ဦးနဲ့တစ်ဦး သဟဇာတဖြစ်ပြီး ယနေ့ မျက်မှောက်ခေတ်အထိ နေထိုင်လာကြတာ ကျွန်တော်တို့ခေတ်အချိန်မှာ ငြိမ်းချမ်းမှုကိုမပျက်ဖို့ အားလုံးဆုတောင်းရမှာဖြစ်ပါတယ်။ အပြောအဆို၊ ကိုယ့်ရဲ့လုပ်ရပ်အားလုံးသည် နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာနဲ့ သဟဇာတဖြစ်ပြီးတော့ ခေတ်အဆက်ဆက်က ဘိုးစဉ်ဘောင်ဆက် နေလာသလို ကျွန်တော်တို့မှာရှိခဲ့တဲ့ မတူကွဲပြားတဲ့ အချက်အလက်တွေကို နှစ်ဟောင်းမှာထားပြီးတော့ စိတ်သစ်၊ လူသစ်နဲ့ စိတ်သဘောထားကြီးကြီးနဲ့ နှစ်သစ်ကူးကို ကြိုဆိုကြပါစို့၊ အတူလက်တွဲပြီး တိုင်းပြည်အကျိုး၊ ဘာသာ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပါစေ။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

**ဦးညွန့်မောင်ရှိန် (ဥက္ကဋ္ဌ- အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်) ဒုတိယဥက္ကဋ္ဌ-ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(မြန်မာနိုင်ငံ)**

ဒီကနေ့အချိန်အခါဟာ မြန်မာ့ရိုးရာနဲ့ ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူးအချိန်အခါသမယ ဖြစ်တဲ့အတွက် အစ္စလာမ်ဘာသာဝင် တစ်ဦးအနေနဲ့ နှစ်သစ်ကူးကာလမှာ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အတူယှဉ်တွဲနေထိုင်လာတဲ့ နိုင်ငံဖြစ်ပါတယ်။

ဒီနှစ်သစ်ကူးကာလဟာ မြန်မာလူမျိုးတွေအတွက် ယဉ်ကျေးမှုဓလေ့ထုံးတမ်းနဲ့ သက်ဆိုင်တဲ့ ရင်းနှီးမှုနဲ့ဖော်ရွေမှုကိုပြတဲ့ ပွဲတော်လည်းဖြစ်ပါတယ်။ မြန်မာရဲ့နှစ်သစ်ကူးအခါသမယမှာလူတွေအားလုံးဟာ ပျော်ရွှင်ကြတယ်။ လွန်ခဲ့တဲ့ ကာလတွေမှာ စိတ်မှာစွဲထင်ခဲ့တဲ့၊ ကိုယ်မှာ စွဲထင်ခဲ့တဲ့ အညစ်အကြေးတွေ ဖြူစင်အောင်၊ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ကြတယ်။ သက်ကြီးရွယ်အိုတွေကို ရေချိုးသန့်စင်ကြတယ်။ တချို့ဆို သာသနာ့ဘောင် ဝင်ကြတယ်၊ အင်မတန်မှ ကြည်နူးစရာကောင်းပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံဟာ မိမိတို့ ကိုးကွယ်ရာ ယုံကြည်ရာ ထုံးတမ်းအစဉ်အလာများနဲ့ ပျော်ရွှင်စွာဖြင့် အနာဂတ်မှာ အတူယှဉ်တွဲနေထိုင်နိုင်ဖို့ဆိုတဲ့ ဆန္ဒပြုရင်း နှစ်သစ်ကို ကြိုဆိုလိုက်ပါတယ်။

**ဒေါက်တာသာဉာဏ်**
**ရန်ကုန်ကလျာဏယုဝ ခရစ်ယာန်အသင်း (YMCA) အထွေထွေအတွင်းရေးမှူး**

ခရစ်ယာန်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံမှာ မွေး၊ မြန်မာနိုင်ငံမှာ ကြီး၊ မြန်မာ့ရေသောက်၊ နိုင်ငံတော်ရဲ့သစ္စာကို စောင့်သိတဲ့ မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ပါတယ်။ သင်္ကြန်ကျတိုင်း ရင်ခုန်ပါတယ်။ မြန်မာတို့ရဲ့ ရိုးရာအစဉ်အလာကို အင်မတန်မှ မြတ်နိုးပါတယ်။

နိုင်ငံတော်အကြီးအကဲတွေနဲ့ မြန်မာပြည်သူပြည်သားတွေအားလုံးအတွက် ဘုရားရှင်ရှေ့မှာ အထူးဆုတောင်းချင်တာက အခုလာမယ့် နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။ မြန်မာနိုင်ငံ ငြိမ်းချမ်းပါစေ။ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် စတဲ့ မအေးချမ်းသေးတဲ့ ဒေသတွေလည်း အေးချမ်းပါစေ။ အတာရေနဲ့ ထိလို့ အေးချမ်းသလို အားလုံးငြိမ်းချမ်းအေးချမ်းကြပါစေ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါ အောင်မြင်ကြပါစေ။ လက်နက်ကိုင်တိုက်ခိုက်မှုတွေလည်း အခုလာမယ့်နှစ်မှာ လုံးဝပျောက်ဆုံးသွားပြီး ငြိမ်းချမ်းသာယာဝပြောသော၊ ခေတ်မီတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သို့ အတူတကွသွားနိုင်ကြပါစေ။ စားဝတ်နေရေး အခက်အခဲများ ပြေပျောက်ပါစေ။ စီးပွားရေးလည်း တိုးတက်အောင်မြင်နိုင်ကြပါစေ။ မြန်မာနိုင်ငံကို အထင်မှားနေသော ကမ္ဘာ့နိုင်ငံကြီးများအချို့ကိုလည်း ဆုတောင်းပေးချင်ပါတယ်။ သူတို့နိုင်ငံမှာရှိသော အခက်အခဲများ ပြေပျောက်ပါစေလို့ ဆုတောင်းပေးတဲ့အပြင် မြန်မာနိုင်ငံကို မှားယွင်းစွာ သံသယအမြင်ဖြင့် ကြည့်နေသော နိုင်ငံများလည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အမှန်မြင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**တွေ့ဆုံမေးမြန်း**
**ဓာတ်ပုံ-သီသီမင်း**

---

# နှစ်သစ်ဆုတောင်း



ဦးခွန်ဥက္ကာ



ဦးလှမောင်ရွှေ



ဒေါ်စောမြရာဇာလင်း

**ဦးခွန်ဥက္ကာ(PNLO-ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့) ဦးဆောင်နာယက**

ဒီနှစ်ကတော့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့၊ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဖို့ ကျွန်တော်တို့ လုပ်ဆောင်နေတာဖြစ်တော့ ငြိမ်းချမ်းရေးကို ပင်တိုင်ထားပြီး ဝိုင်းဝန်းလုပ်ဆောင်ရမယ်။ နှစ်သစ်မှာ ဝိုင်းဝန်းဆုတောင်းကြပါ။ ငြိမ်းချမ်းမှုသာလျှင် ဒုက္ခရောက်နေတဲ့ ပြည်သူတွေနဲ့ တောသူတောင်သားတွေအားလုံး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်မှာဖြစ်ပြီး ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကလည်း လမ်းကြောင်းပေါ် ရောက်လာနိုင်တာပေါ့။

အခုလို တိုက်ပွဲတွေ၊ ဗုံးသံ၊ သေနတ်သံနဲ့ ပဋိပက္ခတွေနဲ့ဆိုရင်တော့ ငြိမ်းချမ်းရေးလည်း မရှိ၊ ဖက်ဒရယ်ပြည်ထောင်စုဆိုတာလည်း အလှမ်းဝေးနေမှာပေါ့။ နှစ်သစ်မှာတော့ ငြိမ်းချမ်းရေးလက်ဝယ်ရရှိပြီးတော့ ဖက်ဒရယ်ပြည်ထောင်စုကိုသွားတဲ့ လမ်းကြောင်းပေါ် တက်လှမ်းနိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံးနဲ့ သက်ဆိုင်ပါတယ်။ လက်နက်ကိုင်နဲ့ပဲ သက်ဆိုင်တယ်၊ တိုင်းရင်းသားနဲ့ပဲ သက်ဆိုင်တယ်၊ အစိုးရ၊ တပ်မတော်နဲ့ပဲ သက်ဆိုင်တယ်လို့ သက်မှတ်လို့မရဘဲ ပြည်ထောင်စုတစ်ဝန်းလုံးက ဝိုင်းဝန်းကူညီပြီးတော့ လှုံ့ဆော်ပေးနိုင်မှ၊ ပူးပေါင်းဆောင်ရွက်ပေးနိုင်မှ ငြိမ်းချမ်းရေးက အကောင်အထည်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ငြိမ်းချမ်းရေးကို မျက်ခြည်မပြတ်ဘဲနဲ့ တစ်နိုင်ငံလုံးက၊ တည်ငြိမ်အေးချမ်းတဲ့ ဒေသကသူတွေကပါ တက်တက်ကြွကြွနဲ့ တောင်းဆိုဖို့လိုပါတယ်၊ ပူးပေါင်းပါဝင်ဖို့ လိုပါတယ်လို့ ကျွန်တော်တိုက်တွန်းချင်ပါတယ်။

**ဦးလှမောင်ရွှေ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၊ အတွင်းရေးမှူးအဖွဲ့ဝင်**

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်မှာ ကျွန်တော်တို့အပါအဝင် မိဘပြည်သူတွေ အားလုံးက အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ငြိမ်းချမ်းတဲ့ နှစ်သစ်ကို အားလုံး မျှော်လင့်ကြတာပါပဲ။ ပြီးခဲ့တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်သုံးသပ်ရင်တော့ တိုးတက်မှုတွေရှိသင့်တာရှိသလို စိန်ခေါ်မှုတွေနဲ့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရမယ့်ကိစ္စတွေလည်း ရှိပါတယ်။ အဲ့ဒါတွေကိုလည်း နှစ်သစ်မှာ ပိုပြီးအားစိုက်ဆောင်ရွက်နိုင်ဖို့ပါပဲ။

ကျွန်တော်တို့ မိဘပြည်သူတွေနဲ့ အတူတူ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ပဋိပက္ခတွေ လျှော့ချဖို့နဲ့ ပဋိပက္ခတွေ ပြီးဆုံးဖို့ဆိုရင်တော့ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွေမှာ ဆက်ပြီး ဆွေးနွေးကြဖို့လိုပါတယ်။ အထူးသဖြင့် လက်မှတ်ရေးထိုးထားပြီးတော့ NCA အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေတဲ့အချိန်မှာ NCA လမ်းပြမြေပုံအတိုင်း အောင်မြင်ဖို့ဆိုရင် ကျွန်တော်တို့အားလုံးက စားပွဲဝိုင်းမှာ အတူတကွဆွေးနွေးပြီး အောင်မြင်အောင် ဆောင်ရွက်ဖို့လိုပါတယ်။

လာမယ့် နှစ်သစ်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး တာဝန်ရှိသူတွေသာမကဘဲ ကျွန်တော်တို့ရဲ့ မိဘပြည်သူများကပါ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပိုပြီးတိုးတက်မှုတွေရမယ်လို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တွေရဲ့အောင်မြင်မှုတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်အချိုးကျပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်သစ်ကစပြီး မိဘပြည်သူများနဲ့ အတူတူကြိုးစားကြဖို့ တိုက်တွန်းတင်ပြလိုပါ တယ်။ ပြည်သူများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ချမ်းမြေ့ကြပါစေ၊ ကြောင့်ကြမှုတွေကင်းပြီး ရွှင်လန်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်ခင်ဗျာ။

**ဒေါ်စောမြရာဇာလင်း (ALP-ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင်**

နှစ်သစ်မှာ မြန်မာပြည်သူပြည်သားအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာလို့ လိုရာဆန္ဒပြည့်ဝကြပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ တစ်ဆက်တည်းမှာပဲ ရခိုင်ပြည်နယ်ဟာ စစ်ဘေးစစ်ဒဏ်ကို ကြုံတွေ့နေရတဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ အဲဒီအနေအထားမှာ ရခိုင်ပြည်သူပြည်သားများအားလုံး စစ်ဘေး၊ စစ်ဒဏ်ကင်းဝေးပြီး မိမိတို့နေရပ်ကို အေးချမ်းစွာဖြင့် ပြန်လည်ရောက်ရှိနိုင်ပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

ဒီ့အပြင် မြန်မာတစ်နိုင်ငံလုံးမှာ ရှိနေကြတဲ့ ပြည်သူပြည်သားများ သက်ရှိများအားလုံးလည်း ဘေးအန္တရာယ်များမှ ကင်းရှင်းကြပါစေလို့ ဆန္ဒပြုပါတယ်။ ထို့အတူ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့မှာလည်း စစ်ပွဲတွေအားလုံးငြိမ်းချမ်းပြီး ကျွန်မတို့နိုင်ငံ မျှော်မှန်းနေတဲ့ အနာဂတ်ပြည်ထောင်စုကြီးတစ်ခုမှာ အားလုံးသော ညီအစ်ကိုမောင်နှမတွေ ချစ်ချစ်ခင်ခင်လက်တွဲပြီး တောက်ပတဲ့ အနာဂတ်တစ်ခုကို ပုံဖော်နိုင်တဲ့ နည်းကောင်း၊ လမ်းကောင်းတွေ အမြဲရလာနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

◆ *ကျောဖုံးမှ*

အင်းလျားလမ်းရှိ မြန်မာ့ရိုးရာတိုင်းရင်းသားလမ်းလျှောက်အတာသင်္ကြန်တွင် လာရောက်ရေကစားသူများ အပူသက်သာရန် ရေပန်းများဖြင့် ပက်ဖျန်းပေးလျက်ရှိပြီး တိုင်းရင်းသားအသီးသီး၏ ရေကစားမဏ္ဍပ်များတွင် ရေလောင်းရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်။

"သုဝဏ္ဏကနေ မိသားစုနဲ့ အင်းလျားလမ်းမှာရှိတဲ့ လမ်းလျှောက်သင်္ကြန်ကို လာတာပါ။ တော်တော်ပျော်ဖို့ကောင်းတယ်။ ဒီနှစ် ရန်ကုန်သင်္ကြန်က သောက်စားမူးယစ်တာလည်း သိပ်မတွေ့ရဘူး။ သရုပ်ပျက်ဝတ်စားဆင်ယင်မှုတွေလည်း သိပ်မတွေ့ရဘူး။ ဒီနှစ်သင်္ကြန်ကတော့ အေးအေးချမ်းချမ်းပါပဲ" ဟု ပုဇွန်တောင်မှ ဦးဇော်မင်းက ပြောသည်။

ထို့အတူ မဟာဗန္ဓုလ ပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်နှင့် မြကျွန်းသာ လမ်းလျှောက်သင်္ကြန်တို့တွင်လည်း လာရောက်ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**သတင်း၊ ဓာတ်ပုံ-မင်းသစ်(MNA)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၁၆**

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/၉လ**

# နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ပွဲတော် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီက အဆိုပါ ရေကစား မဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော် ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဝင်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် သင်္ကြန်ချစ်သူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်တွင် ကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအကအဖွဲ့များက မဏ္ဍပ်ရှေ့မျက်နှာစာတွင် နေရာယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ပိတ်သိမ်းကြောင်း ကြေညာကာ ဝန်ကြီးဌာနများမှ ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေ၍ အခမ်းအနားကို ပိတ်သိမ်းလိုက်သည်။

**သတင်းစဉ်**





နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ဝန်ကြီးဌာနများမှ ယိမ်းအကအဖွဲ့များ စုပေါင်းကပြဖျော်ဖြေနေစဉ်။

သတင်းစဉ်

## မိုင်းယောင်း၌ ရိုးရာမီးရှူးပန်းဖြင့် နှစ်သစ်ကိုကြိုဆို

**မိုင်းယောင်း ဧပြီ ၁၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် သင်္ကြန်အတက်နေ့က ရိုးရာမီးရှူးပန်းဖြင့် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် နှစ်သစ်ကို ကြိုဆို၍ ရပ်ကွက်(၈)ရှိ လယ်ကွင်းပြင်၌ ပျော်ရွှင်စွာပစ်လွှတ်ဂုဏ်ပြုခဲ့သည်။

နှစ်ဟောင်းမှ အညစ်အကြေးများကို ပယ်စွန့်၍ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် အောင်မြင်မှုအသစ်များကို ရရှိကြပြီး ဘေးဘယာဝေးကွာကြစေကြောင်း၊ မနက်ပိုင်းတွင် ကျေးရွာဘုန်းကြီးကျောင်း၌ သဲပုံစေတီနှင့် သက်လွှတ်ပွဲကို စုပေါင်းလှူဒါန်းခဲ့ကာ နေ့လယ်ပိုင်းတွင် ရိုးရာမီးရှူးပန်းဖြင့် လမ်ဝုန်းအကများနှင့်အတူ ပျော်ရွှင်စွာ ကခုန်လျက်ပစ်လွှတ်ကြိုဆိုကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## လွိုင်လင်မောဝ်မြေ တိုင်းရင်းသားလမ်းလျှောက်သင်္ကြန် နောက်ဆုံးနေ့အထူးစည်ကား

**လွိုင်လင် ဧပြီ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်လွိုင်လင်မောဝ်မြေတိုင်းရင်းသား လမ်းလျှောက်သင်္ကြန်နောက်ဆုံးနေ့ အထူးစည်ကားကြောင်း သိရသည်။

လွိုင်လင်မောဝ်မြေသင်္ကြန်ကို ယခုနှစ်တွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး သင်္ကြန်အကြိုနေ့မှစတင်၍ လမ်းလျှောက်သင်္ကြန်ဖွင့်ပွဲကို ကျင်းပလာရာယနေ့သည် သင်္ကြန်အတက်နေ့ (နောက်ဆုံးနေ့)ဖြစ်ကာ လမ်းလျှောက်သင်္ကြန်ရေပက်ခံသူများ၊ စတုဒိသာမဏ္ဍပ်များတွင် စတုဒိသာအဖြစ် ထမင်း၊ ကြာဆံကျော်၊ မုန့်လက်ဆောင်း၊ မုန့်ဟင်းခါး၊ ဖျော်ရည်များ၊ မုန့်လုံးရေပေါ်၊ သာဂူကျိုများဖြင့် ဧည့်ခံကျွေးမွေးကြပြီး သင်္ကြန်ချစ်သူများ၊ ရေကစားထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**လွိုင်လင်မိုး**

## မန္တလေးသင်္ကြန်ပွဲတော် အတက်နေ့တွင် ပါဝင်ဆင်နွှဲသူ များပြား၍ အထူးစည်ကား

**နေပြည်တော် ဧပြီ ၁၆**

၁၃၈၀ပြည့်နှစ် မြန်မာ့ရိုးရာသင်္ကြန် အတက်နေ့ ရေသဘင်ပွဲတော်ကို ယနေ့ဆက်လက်ကျင်းပရာ သင်္ကြန် နောက်ဆုံးနေ့ ဖြစ်သည်နှင့်အညီ ရေကစားသူများ ပိုမိုပါဝင်ဆင်နွှဲခဲ့ကြောင်း တွေ့ရသည်။ **(အောက်ယာပုံ)**

နံနက်ပိုင်းတွင် ရပ်ကွက်များရှိ ဓမ္မာရုံများ၌ ဥပုသ်သီလဆောက်တည်လိုသူများအတွက် သီလပေးပွဲများ ပြုလုပ်ခြင်း၊ ဆွမ်းတော်ကြီးခံ အသင်းများက ရပ်ကွက်အတွင်း လှည့်လည်ဆွမ်းအလှူခံခြင်းများ၊ ရပ်ကွက်အတွင်းရှိ ဗုဒ္ဓဘာသာဝင်များက သဒ္ဓါတရားထက်သန်စွာ လောင်းလှူခြင်းများ ဆောင်ရွက်ကြသည်။

မန္တလေးမြို့ ကျုံးပတ်လည်တွင် အဓိကထားပြုလုပ်သော ရေသဘင်ပွဲတော်များ၌ ပျော်ရွှင်စွာရေကစားကြသူများ၊ စတုဒိသာမဏ္ဍပ်များတွင် တပျော်တပါးဝင်ရောက်အားပေးသုံးဆောင်ကြသူများ၊ မြန်မာ့ရိုးရာအစားအစာများ ရောင်းချသည့်ဆိုင်များတွင်လည်း စည်ကားများပြားစွာ ဝယ်ယူအားပေးကြကြောင်း တွေ့ရသည်။

မန္တလေးမြို့မြန်မာ့ရိုးရာသင်္ကြန်ပွဲသို့ မြို့သူမြို့သားများသာမက အခြားမြို့များမှပါ လာရောက်ပျော်ရွှင်စွာ ဆင်နွှဲကြရာ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် မဟာမုနိဘုရားကြီး၊ မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကျောက်စိမ်းစေတီနှင့် အခြားတန်ခိုးကြီးဘုရားများသို့လည်း ဘုရားဖူးဧည့်သည်များ များပြားစွာ ဝင်ရောက်ဖူးမြော်ခဲ့ကြကြောင်း၊ တစ်ဖန် မန္တလေးမြို့ဝန်းကျင်ရှိ အထင်ကရနေရာများအဖြစ် ဖန်တီးထားသည့် မြစ်ငယ်မြစ်ဘေးရှိ ရေကစားစခန်းများ၊ တောင်သမန်အင်း၊ ဦးပိန်တံတားသို့ သွားရောက် လည်ပတ်သူများလည်း စည်ကားများပြားလျက် ရှိကြောင်း တွေ့ရသည်။

ထို့ပြင် ပြိုင်ပွဲဝင်သံချပ်အသင်းများ၊ ယိမ်းအဖွဲ့များယှဉ်ပြိုင်ရာ မနော်ရမ္မံရပ်ပြည်သူ့ဟစ်တိုင်ကွင်းတွင် အားပေးသူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဒိုင်များက အမှတ်ပေးအကဲဖြတ်ပေးကြပြီး ဆုရအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေးမြ (မန္တလေး)**



## သီပေါဒုဋ္ဌဝတီမြစ် သင်္ကြန်ကာလအတွင်း ရေကစားသူများဖြင့် စည်ကား


**သီပေါ ဧပြီ ၁၆**

သီပေါမြို့နယ်၌ မဟာသင်္ကြန်အတတ်နေ့တွင် သီပေါဒုဋ္ဌဝတီမြစ်တံတားကြီးအောက် ရေလယ်ကျွန်း (သီပေါ-ချောင်းသာ)တွင် အပန်းဖြေနေရာများနှင့် သီပေါနှင့်ကိုးမိုင်ကွာ ဒုဋ္ဌဝတီမြစ် ချောင်းဆုံဒေသသို့လည်း သွားရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သီပေါဒုဋ္ဌဝတီမြစ်ကမ်းဘေး ရေလယ်ကျွန်းတွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း လာရောက်လည်ပတ်သူများအတွက် အပန်းဖြေနားနေနိုင်သည့် ယာယီတဲများကို ချောင်းဘေးသဲသောင်ပေါ်နှင့် ရေပေါ်တွင်တည်ဆောက်ပေးထားပြီး စျေးဆိုင်ခန်းများနှင့် စားသောက်ဖွယ်ရာများရောင်းချပေးလျက်ရှိကာ နှစ်စဉ်ရေကစားသူများနှင့် စည်ကားလျက်ရှိသကဲ့သို့ ယခုနှစ်တွင်လည်း အနယ်နယ်အရပ်ရပ်မှလာရောက်လည်ပတ်သူများနှင့်ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

**စိုင်း(သီပေါ)**

# “ဝ” အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးနှစ် (၃၀) ပြည့် အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့ ပန်ဆန်းမြို့သို့ ရောက်ရှိ



**ပန်ဆန်း မေ ၁၆**

မေ ၁၇ ရက်နေ့တွင် ကျရောက်မည့် “ဝ” အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေးနှစ် (၃၀) ပြည့် အခမ်းအနားသို့ တက်ရောက်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်အကြံပေး ဦးမိုးဇော်ဦးတို့ပါဝင်သည့် အဖွဲ့သည် ယနေ့နံနက် ၆ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကျိုင်းတုံလေဆိပ်သို့ရောက်ရှိကြပြီး ကျိုင်းတုံလေဆိပ်မှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် “ဝ” အထူးဒေသ(၂) ပန်ဆန်းမြို့သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျောက်ကော်အန်းနှင့် ဦးပေါက်ယူရှိ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ၏ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးရှောက်မီလျန်၊ ဗဟိုရုံးအုပ် ဦးအောင်မြင့်၊ လယ်ယာဆည်မြောင်းနှင့် စိုက်ပျိုးရေးဌာနအကြီးအမှူး ဦးလောရာခု၊ နိုင်ငံရေးဌာနအကြီးအမှူး ဦးရင်ဆန်းပိင်၊ မိုင်းမောခရိုင်အတွင်းရေးမှူး ဦးစိုက်ပေါင်းနှင့် “ဝ” အထူးဒေသ (၄၆၈) တပ်မဟာမှူး ဦးပေါက်အိုက်ပန်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့အား “ဝ” ပြည်သွေးစည်း ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးပေါက်ယူချန်းနှင့်အဖွဲ့သည် ပန်ဆန်းမြို့ “ဝ” အထူးဒေသ(၂) ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဦးပေါက်ယူချန်းက ယခုကဲ့သို့ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များအနေဖြင့် ပန်ဆန်းကို လာရောက်သည့်အပေါ် ဝမ်းသာကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပန်ဆန်းသို့ ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်သော်လည်း စာသဝဏ်လွှာ ပါးလိုက်ကြောင်း၊ “ဝ” ဒေသ အောင်မြင်တိုးတက်ပါစေကြောင်း၊ နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အတူတကွ တည်ဆောက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အောင်မြင်ပါစေကြောင်း ပြောကြားသည်။

**အသိအမှတ်ပြုလေးစား**

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က မိမိတို့နိုင်ငံ၏ နှစ်သစ်ကူးကာလနှင့်အတူ တစ်ထပ်တည်းကျရောက်နေသည့် “ဝ” ဒေသ၏ နှစ် (၃၀) ပြည့် ငြိမ်းချမ်းရေးအခမ်းအနားကို လာရောက်ပူးပေါင်းဆောင်ရွက်ရသည့်အတွက် အထူးဝမ်းမြောက်ပါကြောင်း၊ “ဝ” ဒေသအတွင်း နှစ် ၃၀ လုံး ကျည်ဆန်တစ်တောင့်မျှ မထွက်ဘဲ ငြိမ်းချမ်းရေးကို တည်ဆောက်ထိန်းသိမ်းနိုင်ခဲ့သည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ စွမ်းရည်အပေါ် အသိအမှတ်ပြုလေးစားပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖော်ဆောင်၍မရ၊ ညီအစ်ကိုစိတ်ဓာတ်ဖြင့် ဖော်ဆောင်၍သာ ရနိုင်မည်ဟူသည့် ခိုင်မာသည့် စိတ်ဓာတ်ကို ထောက်ခံပါကြောင်း၊“ဝ”ဒေသအတွက် လိုလားချက်နှင့်တောင်းဆိုချက်များကို ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် နိုင်ငံရေးနည်းဖြင့် တစ်ဆင့်ချင်းညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သည့် အစိုးရကိုယ်စားလှယ် အဖွဲ့အား “ဝ” အထူးဒေသ(၂)၏ တာဝန်ရှိသူများက နားလော့ရိပ်သာတွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။ **သတင်းစဉ်**

## နှစ်သစ်ဆုတောင်း



ဦးအောင်ကိုဝင်း



ဦးဇော်မင်းဝင်း



ဒေါက်တာ ခင်ရွှေ



ဒေါက်တာဇေယျာညွန့်



ဒေါက်တာဝင်းမြင့်

**ဦးအောင်ကိုဝင်း**

**နာယက၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်**

မြန်မာနှစ်သစ် အခါသမယမှာ ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသာယာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်မေတ္တာပို့သအပ်ပါတယ်။ နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေဖို့ အားသွန်ခွန်စိုက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးကလည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်အစိုးရနဲ့ အတူတကွလက်တွဲပြီး ကြုံတွေ့လာတဲ့ အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ဖို့အတွက် ဝိုင်းဝန်းကူညီ ကြိုးပမ်းဆောင်ရွက်ကြပြီး တာဝန်ကျေပွန်တဲ့ ပြည်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေး ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရနဲ့အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး အမြန်ဆုံးပေါ်ပေါက်လာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဦးဇော်မင်းဝင်း**

**ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်**

မြန်မာ့ရိုးရာ နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ အသင်းချုပ်ညီနောင်အသင်းများ၊ အသင်းသူ၊အသင်းသားများ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်နဲ့အတူ မင်္ဂလာအပေါင်းပြည့်စုံကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ၍ ပျော်ရွှင်ခြင်းများနဲ့ ပြည့်စုံကြပါစေကြောင်း မေတ္တာပို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကုန်သည်စက်မှုအသင်းချုပ်ဟာ နိုင်ငံတော်အစိုးရနဲ့ ပူးပေါင်းပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီနောင်အသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းဝင်များနဲ့အတူ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နှစ်သစ်မှာ ပြည်သူများအားလုံးပျော်ရွှင်ချမ်းမြေ့မှုများ ရရှိနိုင်ပါစေကြောင်း ထပ်ဆင့်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဒေါက်တာခင်ရွှေ**

**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ နုဂ္ဂဟအသင်း(ဗဟို)**

နိုင်ငံတော်မှာ အဓိက စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးမှာ ငြိမ်းချမ်းရေးကလည်း အဓိကဖြစ်ပါတယ်။ အားလုံးငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားတွေ အားလုံးငြိမ်းချမ်းပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ စီးပွားရေးမှာလည်း နိုင်ငံတကာက မြန်မာနိုင်ငံကို စိတ်ဝင်စားကြပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုဝင်ရောက်လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေးက တစ်ဟုန်ထိုး တိုးတက်လာမယ်။ နှစ်သစ်မှာ စီးပွားရေးတွေ အဆင်ပြေပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဒေါက်တာဇေယျာညွန့်**

**အမှုဆောင်အရာရှိချုပ်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်**

နှစ်သစ်အချိန်ခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး စိတ်၏ ကျန်းမာခြင်း ကိုယ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပြီး ဘာသာသာသနာ အကျိုးကို ထမ်းပိုးနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပေါ်ပေါက်လာကြပါစေ။ မြန်မာနှစ်သစ်မှာ တိုင်းပြည်ရဲ့စီးပွားရေးတွေ ဒီရေအလားတိုးတက်ပြီးတော့ ဘဏ်လုပ်ငန်းကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ နှစ်သစ်ဆိုတာ မြန်မာလူမျိုးတွေအတွက် မြင့်မြတ်တဲ့ နေ့ကောင်းနေ့မြတ် ဖြစ်ပါတယ်။ နှစ်ဟောင်းမှာရှိတဲ့ အညစ်အကြေးတွေကို စွန့်ပစ်ပြီး နှစ်သစ်မှာ မိမိတိုင်းပြည်၊ ဘာသာသာသနာကို အစွန့်ရှည် တည်တံ့ခိုင်မြဲပြီး နိုင်ငံအကျိုး၊ တိုင်းပြည်အကျိုးကို ထမ်းပိုးနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ပေါ်ထွန်းလာပြီး မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး တခြားနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာပါစေကြောင်း နှစ်သစ်မှာ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**ဒေါက်တာဝင်းမြင့်**

**ဥက္ကဋ္ဌ၊ မြတ်မေတ္တာမွန်ကုမ္ပဏီ**

နှစ်စဉ်နှစ်တိုင်းကျရောက်လေ့ရှိတဲ့ မြန်မာ့ရိုးရာနှစ်သစ်ကူးပွဲတော် အတာရေနဲ့ ပက်ဖျန်းပြီး နှစ်သစ်ကိုကြိုဆိုကြတာပေါ့။ နှစ်ဟောင်းမှာရှိတဲ့ အညစ်အကြေးတွေ ဆေးကြောပြီး နှစ်သစ်မှာ အသစ်အသစ်တွေနဲ့ ဘဝကြီးကိုဖြတ်သန်းကြမယ်။ နိုင်ငံကိုလည်း ဒီထက်ပိုတိုးတက်အောင် သွားကြမယ်။ လက်ရှိအစိုးရကလည်း တိုင်းပြည်ကောင်းအောင် ကြိုးစားပြီး လုပ်နေတယ်။ ထိုက်သင့်တဲ့ တိုးတက်မှုတွေလည်း ရနေပါတယ်။ ရလာတဲ့ ဒီမိုကရေစီကို တန်ဖိုးရှိရှိ စည်းကမ်းရှိရှိနဲ့ဆက်လက်ပြီးနောင်အနာဂတ်မှာ ဒီထက်ပိုပြီး တိုးတက်ကောင်းမွန်အောင် အားလုံးဝိုင်းပြီး ကြိုးစားရမှာ ဖြစ်ပါတယ်။ အစိုးရတစ်ခုတည်း ကြိုးစားလို့မရပါဘူး။ ပြည်သူတွေအားလုံး ပူးပေါင်းပါဝင်ပြီး ကြိုးစားရမှာဖြစ်ပါတယ်။ ပြစ်တင်ဝေဖန်ရှုတ်ချခြင်း လုပ်နေမယ့်အစား လိုအပ်တာတွေ ဝိုင်းဖြည့်ပြီး အကြံပြုမယ်။ အားလုံးဝိုင်းဝန်းပြီး အကောင်းမြင်ဝါဒနဲ့ အကြံဉာဏ်ပေးမယ်။ စေတနာနဲ့ ဝိုင်းလုပ်ပေးမယ်ဆိုရင် လာမယ့် နှစ်သစ်မှာ ကျွန်တော်တို့နိုင်ငံဟာ ဒီထက်ပိုပြီး တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ပြောချင်ပါတယ်။

**နေလင်း**

# ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ရေသဘင်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဧပြီ ၁၆**

၁၃၈၀ ပြည့်နှစ် ရန်ကုန်မြို့တော် ဗဟိုမဏ္ဍပ်မဟာသင်္ကြန်ရေသဘင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားကာ ရန်ကုန်မြို့တော်ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ရေသဘင်ပွဲတော်အား အောင်မြင်စွာ ပိတ်သိမ်းကြောင်း ကြေညာပြီး ယိမ်းအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့များနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ခါသင်္ကြန်သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြကာ **(ယာပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ညနေ ၅ နာရီခွဲတွင် ၁၃၈၀ ပြည့်နှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ရေသဘင်ပွဲတော် ဗဟိုမဏ္ဍပ်၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက (ရှမ်း)ပြိုင်ပွဲ ၁၂ ဦးယိမ်း၊ အမျိုးသား (အလွတ်တန်း)ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက (ရခိုင်) ပြိုင်ပွဲ ၁၂ ဦး ယိမ်း(ကျောင်းများ)ပြိုင်ပွဲ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက (ကရင်) ပြိုင်ပွဲ၊ ၁၂ ဦးယိမ်း(ရုံး/ အခြား)ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက(ချင်း) ပြိုင်ပွဲ၊ ၁၆ ဦးယိမ်း(ကျောင်းများ)ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက (မွန်)ပြိုင်ပွဲ၊ ၁၆ ဦးယိမ်း(ရုံး/အခြား)၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက (ထားဝယ်)ပြိုင်ပွဲ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက(ပအိုဝ်း)ပြိုင်ပွဲ၊ ၂၀ယိမ်း (အလွတ်တန်း)ပြိုင်ပွဲ၊ တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအက(ကချင်)ပြိုင်ပွဲ၊ ၁၂ ဦးယိမ်း(မူကြို) ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တိုင်းဒေသကြီး စာရင်းစစ်ချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# AFC Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အုပ်စုအဆင့်မှ ထွက်ရ

**ရန်ကုန် ဧပြီ ၁၆**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (G) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ကျင်းပရာ ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုလေးပွဲဆက် ရှုံးနိမ့်ခဲ့သောကြောင့် နှစ်ပွဲကစားရန် ကျန်သေးသော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရမှ နောက်တစ်ဆင့်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း အဝေးကွင်း၌ ဂိုးဒါဇင်ဝက်ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် မျှော်လင့်ချက်အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။ ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် အာဆီယံဇုန် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် အသင်းခေါင်းဆောင်အဖြစ် ဒေးဗစ်ဒန်းကို တာဝန်ပေးကာ မေကွန်၊ ဂူစတာဗို၊ နန္ဒကျော်၊ အောင်ရှိုးသာမောင်တို့ဖြင့် လူစုံနီးပါး ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးပေးခဲ့ရသော်လည်း အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ အသုံးချနိုင်ပါက ပွဲအဖြေတစ်မျိုးဖြစ်သွားနိုင်ပေသည်။ ပွဲအစငါးမိနစ်တွင် ဘင်ဒေါင်းအသင်း ဂိုးစရခဲ့ပြီး ငုယင်အန်ဒူက သွင်းယူခဲ့သည်။ နှစ်မိနစ်အကြာတွင် ရှမ်းအသင်း ချေပဂိုးပြန်ရနိုင်သည့်အခွင့်အရေးရခဲ့ပြီး အောင်ရှိုးသာမောင်၏ အနီးကပ်ကန်ချက် ဘေးထွက်ခဲ့သလို ၂၂ မိနစ်တွင် ဇင်မင်းထွန်း၏ ကန်ချက်ဘားထိထွက်ခဲ့ပြီး မေကွန်ထပ် ပိတ်သော်လည်း လွဲချော်ခဲ့၍ ချေပဂိုးနှင့် ဝေးခဲ့ရသည်။ ၂၅ မိနစ်တွင် ဘင်ဒေါင်းအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး တူဗန်ဗူက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ဘင်ဒေါင်းအသင်း ဂိုးများဆက်တိုက်ရသွား၍ ရှမ်းအသင်း ချေပဂိုးပြန်ရရန် ခက်ခဲသွားသလို ဂိုးပြတ်အရှုံးနှင့်ပါ ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဘင်ဒေါင်းအသင်းအတွက် ဗစ်တာက ၄၆၊ ၆၁၊ ၆၄ မိနစ်တွင် ဟက်ထရစ်သွင်းခဲ့ပြီး နောက်ဆုံးအနိုင်ဂိုးကို ၈၉ မိနစ်တွင် အလီက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပြိုင်ပွဲတွင် အုပ်စုလေးပွဲကစားရာ လေးပွဲစလုံးရှုံးထားပြီး အမှတ်မရသေးပေ။

**ညီမြတ်သော်တာ**

# မဟာသင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်နေရာများရှိ စွန့်ပစ်အမှိုက်များကို စည်ပင်သာယာက နေ့စဉ်ရှင်းလင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၆**

၁၃၈၀ ခုနှစ် မဟာသင်္ကြန်ကာလလေးရက်တာတွင် ရန်ကုန်မြို့ရှိ မဏ္ဍပ်ကြီး၊ မဏ္ဍပ်လတ်၊ လမ်းလျှောက်သင်္ကြန်နှင့်ရိုးရာသင်္ကြန်ဆင်နွှဲကြသူတို့ နေ့စဉ်စွန့်ပစ်သည့် စွန့်ပစ်ပစ္စည်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့်သက်ဆိုင်ရာမြို့နယ်အလိုက် စည်ပင်ဝန်ထမ်းတို့က ညပိုင်းနှင့် နံနက်အစောပိုင်းတို့တွင် ရှင်းလင်းဆောင်ရွက်မှုကြောင့် သင်္ကြန်ကာလတွင် စွန့်ပစ်အမှိုက်များ စုပုံနေခြင်းမရှိကြောင်း သိရသည်။



**ကမ္ဘာအေးဘုရားလမ်းနှင့်စက်မှု (၁) လမ်းဆုံ မီးပွိုင့်ရှေ့အင်းလျားကန်ပေါင် ရေမြောင်းအတွင်းရှိ စွန့်ပစ်အမှိုက်များကို တွေ့ရစဉ်။**

**စွန့်ပစ်အမှိုက်များ ရှင်းလင်း**

ယခုနှစ်သင်္ကြန်တွင် မဏ္ဍပ်ကြီး ၁၃ ခုမဏ္ဍပ်အလတ် ၁၆ ခု၊ လမ်းလျှောက်သင်္ကြန် ငါးခုနှင့် ရိုးရာသင်္ကြန်တစ်ခုတို့ဖြင့် စုစုပေါင်း ၃၅ ခုဖြင့် အတာရေသဘင်ပွဲတော်ကို ဆင်နွှဲလျက်ရှိရာ ရန်ကုန်မြို့တွင်း ဆူးလေ၊ မဟာဗန္ဓုလပန်းခြံ၊ အင်းလျားကန်စောင်း၊ မြကျွန်းသာ၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်းနှင့် အရှေ့မြင်းပြိုင်ကွင်းလမ်းတစ်လျှောက်တွင် သင်္ကြန်ဈေးသည်များရောင်းချလျက်ရှိရာ သုံးစွဲသူတို့၏စွန့်ပစ်အမှိုက်များဖြင့် ကားလမ်းပေါ်နှင့် ရေမြောင်းများတွင် ပြန့်ကျဲလျက်ရှိ၍ အတာရေသဘင်ပွဲတော်နောက်ဆုံးနေ့တွင် အများပြည်သူ စိတ်အေးချမ်းသာစွာပျော်ရွှင်နိုင်စေရန် သက်ဆိုင်ရာ စည်ပင်သာယာဝန်ထမ်းများက စွန့်ပစ်အမှိုက်များကို ရှင်းလင်းဆောင်ရွက်ခဲ့ပြီး လူမှုအထောက်အကူပြုအဖွဲ့ဖြစ်သော ရန်ကုန် ကလင်းနင်းနှင့် အခြားသော ပရဟိတလုပ်ငန်းများကလည်း စွန့်ပစ်အမှိုက်များကိုဝိုင်းဝန်းရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ -သန်းစိုး**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ရီးရဲမက်ဒရစ် ပေါ့ဂ်ဘာအား ခေါ်ယူမည်ဆိုလျှင် ပေါင်သန်း ၁၅၀ ပေးချေဖို့ လိုအပ်**

မန်ယူအသင်းသည် ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ် ပေါ့ဂ်ဘာ (၂၆နှစ်) အား ခေါ်ယူမည်ဆိုလျှင် ပေါင်သန်း ၁၅၀ ပေးချေဖို့ လိုအပ်ကြောင်း အဆိုပါ ကစားသမား၏ အေးဂျင့်ဖြစ်သူ ရိုင်အိုလာအား ပြောကြားလိုက်ကြောင်း မာကာတွင် ဖော်ပြထားသည်။

**နယူးကာဆယ် စာချုပ်သစ်အတွက် ဘင်နီတက်ဇ်နှင့် သဘောတူညီရန် မျှော်လင့်နေ**

နယူးကာဆယ်အသင်းသည် လာမည့် ရက်သတ္တနှစ်ပတ်အတွင်း စာချုပ်သစ်ချုပ်ဆိုနိုင်ရေးနှင့်ပတ်သက်ပြီး နည်းပြ ဘင်နီတက်ဇ်နှင့် သဘောတူညီမှုအဆင့်သို့ ရောက်ရှိရန် မျှော်လင့်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မန်နိုလပ်စ်အား မန်ယူအသင်းသို့ ခေါ်ယူလို**

မန်ယူအသင်းသည် ရိုးမားအသင်းမှ ဂရိခံစစ်ကစားသမား မန်နိုလပ်စ် (၂၇နှစ်) အား စာချုပ်လျော်ကြေး ပေါင် ၃၀ သန်းပေးချေပြီး အသင်းသို့ ခေါ်ယူလိုနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ကွန်ပနီ လာမည့်ရာသီတွင် မန်စီးတီးအသင်း၌ ဆက်လက်ရှိနေမည်**

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီ (၃၃နှစ်) သည် လာမည့် ရာသီတွင် ၎င်းအနေဖြင့် မန်စီးတီးအသင်း၌ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

**မန်ယူ၊ ဂျူဗင်တပ်စ်နှင့် ပီအက်စ်ဂျီ ဖာနန်ဒက်စ်အား ခေါ်ယူရန် ဆန္ဒပြင်းပြ**

မန်ယူ၊ ဂျူဗင်တပ်စ်နှင့် ပီအက်စ်ဂျီအသင်းတို့သည် စပို့တင်းလစ္စဘွန်းအသင်းမှ အသက် (၂၄ နှစ်) အရွယ် ပေါ်တူဂီ ကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ်အား ခေါ်ယူရန် ဆန္ဒပြင်းပြကြနေကြောင်း ပေါ်တူဂီသတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# အာရှ ယူ-၁၉ အမျိုးသမီး ဒုတိယအဆင့်ခြေစစ်ပွဲအတွက် မြန်မာအသင်း ပြင်ဆင်လျက်ရှိ

**ရန်ကုန် ဧပြီ ၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲ ဒုတိယအဆင့်အတွက် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲကစားမည့်ကာလ နီးကပ်နေပြီ ဖြစ်သောကြောင့် သင်္ကြန်ရက်များပင် နားရက်မယူဘဲ ဆက်တိုက်လေ့ကျင့်ခဲ့ပြီး ဧပြီ ၁၈ ရက်တွင် မန္တလေးမြို့သို့ ကြိုတင်သွားရောက်ကာ လေ့ကျင့်မည် ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲ အောင်မြင်ရန်အတွက် ပထမအဆင့် ခြေစစ်ပွဲပြီးကတည်းက ပြင်ဆင်ခဲ့ပြီး ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်မီ မတ်လဆန်းက ဂျပန်နိုင်ငံ၌ ကျင်းပသည့် ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရလဒ်ကောင်းများ ရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် ခြောက်ပတ်ကျော်ရခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲများ ကစားရန် စီစဉ်သော်လည်း အဆင်မပြေသောကြောင့် ပြည်တွင်းခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားခဲ့ရသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲတွင် ရန်းကန်ခဲ့ရသော်လည်း လက်ရှိရရှိထားသည့် ခြေစွမ်းကြောင့် ခြေစစ်ပွဲအောင်မြင်ရန် အခြေအနေကောင်းလျက်ရှိသည်။

အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ကို ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ပါဝင်သည့် အုပ်စု (က) ကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည် ဖြစ်သည်။ ယင်းအုပ်စုတွင် မြန်မာ၊ သြစတြေးလျ၊ ဥဇဘက်ကစ္စတန်နှင့် နီပေါ အသင်းတို့ ပါဝင်ပြီး ဒုတိယအဆင့် ခြေစစ်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**



နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက်ဝင်း ရေကစားမဏ္ဍပ်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ နေပြည်တော်သတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်တို့မှ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ဧပြီ ၁၆ရက်(သင်္ကြန်အတက်နေ့) တွင် ပျော်ရွှင်စွာ ရေကစားနေကြသည်ကိုတွေ့ရစဉ်။ ဟိန်းထက်ဇော် (မြန်မာ့အလင်း)

*❍ ကျောဖုံးမှ*

မြန်မာကလပ် ရန်ကုန်နှင့် ကမ္ဘောဒီးယားကလပ် နာဂါဝေါအသင်းတို့က သုံးမှတ်စီ ရထားသည်။

ရန်ကုန်နှင့် ဟန္ဒိုင်းအသင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ် နှင့် ကစားသမားများ တက်ရောက်သည်။

ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းက “ပြီးခဲ့တဲ့ ပထမ အကျော့ပွဲမှာ ဟန္ဒိုင်းအသင်းကို အနိုင်ရခဲ့တဲ့အတွက် ဒီပွဲက အရေးပါသွားပါပြီ။ ဒီပွဲအနိုင်ရရင် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိသွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ ကြိုးစားယှဉ်ပြိုင်မှာပါ။ ဟန္ဒိုင်းအသင်းက ကျွန်တော်တို့ထက် အများကြီးသာပြီး ပထမအကျော့မှာ အနိုင်ရခဲ့တာကလည်း ကစားသမားတွေရဲ့ ကြိုးစားမှုအပြင် ကံတရားလည်း ပါပါတယ်။ သင်္ကြန်ကာလဖြစ်တဲ့အတွက် ပြင်ဆင်ရာမှာ အခက်အခဲတော့ ရှိပါတယ်”ဟု ပြောကြားခဲ့သည်။ ဟန္ဒိုင်း အသင်းနည်းပြချုပ် ချောင်ဒင်ငုယင်က “ဒီပွဲက နှစ်သင်းစလုံး အရေးပါပါတယ်။ ဒီပွဲမှာ အနိုင်ရတဲ့အသင်းက နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းသွားမှာပါ။ ပြီးခဲ့တဲ့ပွဲမှာ အခွင့်အရေးတွေ အများကြီး ဖန်တီးနိုင်ခဲ့ပေမယ့် အဆုံးသတ်အားနည်းခဲ့တာကြောင့် ဂိုးမရခဲ့ပါဘူး။ ဒီပွဲမှာ နိုင်ပွဲပြန်ရဖို့ သေချာပြင်ဆင်ထားပါတယ်။ နိုင်ပွဲရယူနိုင်အောင် ကြိုးစားမှာပါ” ဟု ပြောကြားခဲ့သည်။

ရန်ကုန်အသင်းသည် ဟန္ဒိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲတွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **ညီမြတ်သော်တာ**

# ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးလမ်းဆုံအနီး၌ AA အဖွဲ့ ထောင်ထားသော ဒေသန္တရလက်လုပ်မိုင်းသုံးလုံး ဖော်ထုတ်ရရှိ

**နေပြည်တော် ဧပြီ ၁၆**

ကျောက်တော်မြို့နယ် မဟာမုနိဘုရားကြီးလမ်းဆုံအနီး၌ AA အဖွဲ့ ထောင်ထားသော ဒေသန္တရလက်လုပ်မိုင်းသုံးလုံးကို ယမန်နေ့ ညနေပိုင်းက ဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး၊ ကျောက်တော်-မြောက်ဦး လမ်းပိုင်းပေါ်ရှိ ကျောက်တော်မြို့ မဟာမုနိဘုရားကြီး လမ်းဆုံအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းခြင်းနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ဧပြီ ၁၅ ရက် ညနေပိုင်း၌ AA အဖွဲ့ ထောင်ထားသော ဒေသန္တရ လက်လုပ်မိုင်းများအား တွေ့ရှိခဲ့သဖြင့် ခရီးသွားပြည်သူများနှင့် ဘုရားဖူးပြည်သူများ ဘေးအန္တရာယ် မရှိစေရေးအတွက် ဖော်ထုတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။



AA အဖွဲ့ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း သုံးလုံးကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထိုသို့ ဒေသန္တရလက်လုပ်ကားမိုင်း သုံးလုံးအား ဖော်ထုတ် သက်မဲ့ပြုလုပ်လျက်ရှိစဉ် အဆိုပါနေရာ၏ အရှေ့ဘက် ၁၅ ပေ ခန့်အကွာ၌ ထောင်ထားသော အဝေးထိန်းမိုင်းနှစ်လုံးအား AA အဖွဲ့က ဖောက်ခွဲတိုက်ခိုက်လာခဲ့သည်။ ဖြစ်စဉ်တွင် မိမိဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ AA အဖွဲ့ထံမှ အလျား ၆ လက်မခန့်၊ အမြင့် ၈ လက်မခန့်ရှိ ပလတ်စတစ်ဘူးဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်း သုံးလုံးအား ဖော်ထုတ်ရရှိခဲ့သည်။

AA အဖွဲ့အနေဖြင့် ခရီးသွားပြည်သူလူထု၊ ဘုရားဖူးပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သွားလာမှုနှင့် အုပ်ချုပ်မှုယာဉ်များ ဖြတ်သန်းသွားလာမှုကို ဖောက်ခွဲဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ မိုင်းထောင်ခြင်းများအား မကြာခဏပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ယနေ့အချိန်အထိ ရန်ကုန်-အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ မိုင်းထောင်ခဲ့သည့် အကြိမ် ၁၁ ကြိမ်ရှိပြီး မိုင်း ၁၆ လုံးအား ဖော်ထုတ်နိုင်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် မိုင်းအန္တရာယ်မရှိစေရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - မြန်မာနှစ် ၁၃၈၁ ခုနှစ်အတွက် သီတဂူဆရာတော်ကြီး၏ နှစ်သစ်ကူးဩဝါဒ
၇း၄၀ - နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ ရွှေကျင်ဂိုဏ်း အကျိုးတော်ဆောင် ရှမ်းပြည်နယ် ကျောက်မဲမြို့ သီဟိုဠ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ၏ “အပ္ပမာဒ တရားတော်”
၈း၃၅ - နှစ်သစ်ကူးမိန့်ခွန်းနှင့် နှုတ်ခွန်းဆက်စကား (နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ (၂)ဦး)
၉း၁၅ - “ဒေါက်တာ ဘဒ္ဒန္တကုမာရ ဘိဝံသ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဇန်းမော်ကျောင်းတိုက်၊ မဟာအောင်မြင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂ ဥပေါသထသီလခံယူ ဆောက်တည်ခြင်း”
၁၂း၃၀ - နှစ်သစ်ကူးမိန့်ခွန်းနှင့် နှုတ်ခွန်းဆက်စကား (နိုင်ငံတော်သမ္မတ၊ လွှတ်တော် ဥက္ကဋ္ဌ(၂)ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)
၁၂း၅၀ - ဓမ္မဘေရီ အရှင်ဝိရိယ တောင်စွန်းဆရာတော် သာသနဓဇ ဓမ္မာစရိယ၊ ဒီဃဘာဏက(ပိဋကတ်တစ်ပုံဆောင်) နိကာယ ဓဇ္ဇတက (ဒီဃနိကာယ အဂ္ဂဓမ္မာစရိယ) ဟောကြားတော်မူအပ်သော “ငြိမ်းချမ်းပါစေ” တရားတော်

**ညပိုင်း**

၁၆း၂၀ - နှစ်သစ်ကူးမိန့်ခွန်းနှင့် နှုတ်ခွန်းဆက်စကား (နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ(၂)ဦး၊ လွှတ်တော် ဥက္ကဋ္ဌ (၂)ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - နှစ်သစ်ကူးမိန့်ခွန်းနှင့် နှုတ်ခွန်းဆက်စကား (နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ(၂)ဦး၊ လွှတ်တော် ဥက္ကဋ္ဌ(၂)ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်)
- “မြန်မာနှစ်ဆန်း တစ်ရက်နေ့”
- “ရဟန်းစားရသော ဆွမ်းတစ်နပ်”

## မော်တော်ယာဉ်တစ်စီး တိမ်းမှောက်ရာမှ တစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိ

**ပေါင် ဧပြီ ၁၆**

သထုံခရိုင် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာအုပ်စု ရန်ကုန်-မော်လမြိုင်ကားလမ်းမပေါ်တွင် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းက မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားရာ လူငယ်တစ်ဦးသေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း မြို့မရဲစခန်းမှ သိရသည်။

သတင်းအရ မုတ္တမနယ်မြေစခန်းမှ ဒုရဲအုပ် လေးမင်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ကျခတ်ငူကျေးရွာအုပ်စု ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၈၁/၄)နှင့် (၁၈၁/၅) ကြားအရောက် လမ်းအကွေ့တွင် ယာဉ်မောင်း သထုံမြို့နေမိုးမင်း (၂၇ နှစ်) မောင်းနှင်သည့် MDY 4L/---- မော်တော်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ် လိုက်ပါသူများဖြစ်သည့် ကျော်ဝဏ္ဏ(၂၀ နှစ်)တွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားကြောင်း သိရသည်။ ထို့အပြင် ယာဉ်ပေါ်ပါ အမျိုးသား ငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး မော်လမြိုင် ပြည်သူ့ဆေးရုံသို့ တင်ပို့ထားကာ ယာဉ်မောင်း မိုးမင်းမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## ကသာမြို့၌ လူငယ်ချင်း စကားများရန်ဖြစ်ရာမှ တစ်ဦးသေဆုံး

**ကသာ ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အတာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် လူငယ်ချင်းစကားများ ရန်ဖြစ်ရာမှ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကသာမြို့အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်တွင် လူငယ်ချင်းရေကစားရာမှ ခိုက်ရန်ဖြစ်ပွားရာ ကသာမြို့နယ် ဒုံးအော့ကျေးရွာနေ ခိုင်ဇော်ထွန်းနှင့် ချစ်ဦးဇော်တို့နှစ်ဦး ဓားဖြင့် ထိုးခံခဲ့ရပြီး ခိုင်ဇော်ထွန်းမှာ ကသာဆေးရုံ၌ ဆေးကုသမှုခံယူစဉ် သေဆုံးသွားပြီး ချစ်ဦးဇော်မှာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းမိရေးအတွက် ကသာမြို့ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ရန်ကုန်သင်္ကြန်ပွဲတော်တွင် ထိခိုက်သေဆုံးမှု ယခင်နှစ်ထက်လျော့နည်း

**ရန်ကုန် ဧပြီ ၁၆**

ယခုနှစ် ၁၃၈၀ ခုနှစ်၊ မဟာသင်္ကြန်ကာလတွင် ယခင်နှစ်ထက် ထိခိုက်သေဆုံးမှု လျော့နည်းကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီမှ ဧပြီ ၁၄ ရက် နံနက် ၈ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ထိခိုက်ဒဏ်ရာဖြင့်ရောက်ရှိလာသူ ၁၄၅ ဦးရှိပြီး ထိုနေ့တွင် သေဆုံးသူမရှိကြောင်း၊ ဧပြီ ၁၄ ရက် နံနက် ၈ နာရီမှ ဧပြီ ၁၅ ရက် အကျနေ့ နံနက် ၈ နာရီအထိ ရန်ကုန်ဆေးရုံကြီးသို့ ထိခိုက်ဒဏ်ရာဖြင့် ရောက်ရှိသူ ၂၀၆ ဦးရှိပြီး သေဆုံးပြီး ရောက်ရှိသူလေးဦး ရှိကြောင်း၊ ဧပြီ ၁၅ ရက် နံနက် ၈ နာရီမှ ဧပြီ ၁၆ ရက် နံနက် ၈ နာရီအထိ အရေးပေါ်ဌာနသို့ ထိခိုက်ဒဏ်ရာဖြင့် ရောက်ရှိသူ ၂၀၄ ဦးရှိပြီး သေဆုံးပြီး ရောက်ရှိသူတစ်ဦးရှိရာ ယခုနှစ်အတာသင်္ကြန်အကြိုနေ့ နံနက် ၈ နာရီမှ အတက်နေ့ နံနက် ၈ နာရီထိ သင်္ကြန်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသူငါးဦးသာရှိကြောင်း သိရသည်။

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီမှ ၁၄ ရက် နံနက် ၈ နာရီအထိ ပြင်ပလူနာ ၁၀၁ ဦးနှင့် အတွင်းလူနာ ၄၄ ဦး၊ ဧပြီ ၁၄ ရက် နံနက် ၈ နာရီမှ ဧပြီ ၁၅ ရက် နံနက် ၈ နာရီအထိ ပြင်ပလူနာ ၁၃၃ ဦးနှင့် အတွင်းလူနာ ၇၃ ဦး၊ ဧပြီ ၁၅ ရက် နံနက် ၈ နာရီမှ ဧပြီ ၁၆ ရက် နံနက် ၈ နာရီအထိ ပြင်ပလူနာ ၁၃၇ ဦးနှင့် အတွင်းလူနာ ၆၇ ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကုသမှုပေးခဲ့ကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် သင်္ကြန်အကြိုနေ့ နံနက် ၈ နာရီမှ အတက်နေ့ နံနက် ၈ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် ၅၁၃ ဦးရှိပြီး ၂၀၁၉ ခုနှစ် ယခုနှစ်သင်္ကြန်ကာလ ဧပြီ ၁၃ ရက် နံနက် ၈ နာရီမှ အတက်နေ့ နံနက် ၈ နာရီအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသူ ၅၆၀ ရှိရာ ၂၀၁၈ ခုနှစ်တွင် သေဆုံးပြီး ရောက်ရှိသူ ၁၁ ဦးနှင့် ယခုနှစ်သင်္ကြန်ကာလတွင် သေဆုံးပြီး ရောက်ရှိလာသူ ငါးဦးသာရှိကြောင်း သိရသည်။

“မနှစ်က သင်္ကြန်ထက် ဒီနှစ်သေဆုံးမှု လျော့နည်းပါတယ်။ သင်္ကြန်ကာလအတွက် ရန်ကုန်ဆေးရုံကြီးမှာ သရုပ်ပြလေ့ကျင့်မှုတွေ လုပ်ဆောင်ခဲ့ပြီးတော့ ပြင်ဆင်မှုအနေနဲ့ ဝန်ထမ်းတွေချထားပြီး လူနာများခဲ့ရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာ လုပ်ဆောင်ခဲ့ကြပါတယ်။ တာဝန်ကျဝန်ထမ်းတွေ စားသောက်ဖို့အတွက် သင်္ကြန်ကာလမှာ ဆေးရုံကြီးက ကျွေးမွေးပါတယ်”ဟု ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်အေးက ပြောသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အရေးပေါ်ဌာနသို့ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့တွင် နံနက် ၈ နာရီမှ ဧပြီ ၁၄ ရက် နံနက် ၈ နာရီအထိ ၂၄ နာရီဖြင့် အရေးပေါ်ကုသမှုကို သတ်မှတ်ထားရာ ဧပြီ ၁၆ ရက် သင်္ကြန်အတက် နောက်ဆုံးနေ့ နံနက် ၈ နာရီ နောက်ပိုင်း ရောက်ရှိလာမှုကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီမှသာ သိရှိရမည်ဖြစ်သည်။ ယမန်နှစ်ထက် ထိခိုက်ဒဏ်ရာဖြင့် အရေးပေါ်ကုသမှု ၄၇ ဦး တိုးလာသော်လည်း ယခုနှစ် သေဆုံးသူငါးဦးသာရှိ၍ ယမန်နှစ်ထက်ခြောက်ဦး လျော့နည်းသွားကြောင်း သိရသည်။

**သန်းထိုက်**

## မင်းဘူး၌ တံတားပလက်ဖောင်းကို ဆိုင်ကယ်နှင့် တိုက်မိပြီး အမျိုးသားတစ်ဦး သေဆုံး

**မင်းဘူး ဧပြီ ၁၆**

မဟာသင်္ကြန်ကာလအတွင်း မကွေးတိုင်းဒေသကြီး ရေဝတီတံတား (မကွေး) မင်းဘူးဘက်ခြမ်းတွင် ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲခန့်က ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် တံတားပလက်ဖောင်းကို တိုက်မိပြီး အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးဘက်မှ မင်းဘူးဘက်သို့ အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်သည် လမ်းယာဘက်ခြမ်း ပလက်ဖောင်းကို ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်တိမ်းမှောက်ကာ အခင်းဖြစ်ပွားရာနေရာတွင် ဒဏ်ရာရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## လေပြင်းတိုက်မှုကြောင့် လူနေအိမ်နှင့် စာသင်ကျောင်းများ အမိုးလန်ပျက်စီးမှုဖြစ်

**ခါမ်းပါတ် ဧပြီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခါမ်းပါတ်မြို့တွင် ဧပြီ ၁၅ ရက် မွန်းတည့် ၁၂ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်နှင့် ကျေးရွာများရှိ နေအိမ်အချို့နှင့် စာသင်ကျောင်းများ အမိုးလန်ပျက်ဆီးခဲ့ကြောင်း သိရသည်။

ခါမ်းပါတ်မြို့ အမှတ်၁ရပ်ကွက်၊ အမှတ် ၂ ရပ်ကွက်၊ အမှတ် ၅ ရပ်ကွက်၊ ကနန်ကျေးရွာ၊ ရွာသာကျေးရွာ၊ စွန်လည်ကျေးရွာနှင့် ကျွန်းတောရေရှင်ကျေးရွာတို့မှ နေအိမ် ၅၅ အိမ်နှင့် စာသင်ကျောင်းနှစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ယခင်လ ၃၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အမှတ် ၁ ရပ်ကွက်ရှိ အလယ်တန်းကျောင်းမှာ သွပ်ပြား ၁၀၀ ခန့် ပျက်စီးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

# ပြင်သစ်နိုင်ငံ၏ ထင်ရှားကျော်ကြားသော ဘုရားကျောင်းကြီး မီးလောင်




မီးလောင်နေသော ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ရှိ ဘုရားကျောင်းကြီးကို တွေ့ရစဉ်။

**ပါရီ ဧပြီ ၁၆**

ပြင်သစ်နိုင်ငံ ပါရီမြို့လယ်ကောင်ရှိ ထင်ရှားကျော်ကြားသော နိုထရီဒိန်းကက်သလစ် ဘုရားကျောင်းကြီးမှာ ယမန်နေ့က မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အပျက်အစီး အမြောက်အမြား ဖြစ်ပေါ်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့အကြီးအကဲ ဂျင်ကလောဒီဂဲလက်က ပြောသည်။

၁၂ ရာစုကတည်းက တည်ဆောက်ခဲ့ပြီး အမိုးတစ်ခုလုံးပျက်စီးအောင်လောင်ကျွမ်းခဲ့သော အဆိုပါဘုရားကျောင်းမီးကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်နိုင်ခဲ့သောကြောင့် သမိုင်းဝင်မျှော်စင်နှစ်ခု ပျက်စီးမည့်ဘေးမှ ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

မီးမည်ကဲ့သို့ စတင်လောင်ကျွမ်းခဲ့ကြောင်း မသိရသေးသော်လည်း ဘုရားကျောင်းပြန်လည်ပြုပြင်မွမ်းမံမှုနှင့် မီးလောင်မှုဖြစ်စဉ်ဆက်စပ်မှု ရှိနိုင်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

ပါရီမြို့တော်ဝန် အန်နီဟိုင်ဒယ်ဂိုက ဘုရားကျောင်းရှိထူးခြားသည့် အနုပညာလက်ရာများနှင့် ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်ပစ္စည်းများကို ပြန်လည်ရရှိပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဒေသစံတော်ချိန်ည ၇ နာရီမတိုင်မီ လောင်ခဲ့သော အဆိုပါမီးလောင်မှုအား မီးသတ်သမား ၄၀၀ ကျော်အပါအဝင် မီးသတ်ကားအများအပြားဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ယခုမီးလောင်မှုကိုတွေ့ရသည်မှာ စိတ်မကောင်းဖြစ်ရကြောင်း ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြောကြားခဲ့သည်။ ထို့အတူ မီးလောင်မှုဖြစ်စဉ်ကြောင့် ပြင်သစ်နိုင်ငံ၏ အမျိုးသားရေးမူဝါဒဆိုင်ရာ ရုပ်သံမိန့်ခွန်းပြောကြားမည့် အစီအစဉ်ကိုလည်း ဆိုင်းငံ့ထားလိုက်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ပါရီမြို့လယ်ဘုရားကျောင်း မီးအကြီးအကျယ်လောင်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း ၎င်း၏ တွစ်တာတွင် ရေးသားဖော်ပြထားသည်။

အလယ်ခေတ်ကဆောက်လုပ်ခဲ့သည့် အဆိုပါကက်သလစ်ဘုရားကျောင်းကြီးသည် ဥရောပတွင် ကမ္ဘာလှည့်ခရီးသွားအများဆုံး သွားရောက်ကြည့်ရှုသည့် သမိုင်းဝင်အဆောက်အအုံတစ်ခုဖြစ်သလို နှစ်စဉ်လူပေါင်း ၁၃ သန်းခန့် လာကြည့်ရှုလေ့ရှိသည်။

**အေအက်ဖ်ပီ**

## ထိုင်းနိုင်ငံတွင်ကျင်းပနေသည့် ဆောင်ခရန် ပွဲတော်ကာလအတွင်း မတော်တဆဖြစ်မှုကြောင့် ၂၉၇ ဦး သေဆုံးပြီး ၂၈၀၀ ကျော် ဒဏ်ရာရ

**ဗန်ကောက် ဧပြီ ၁၆**

ထိုင်းနိုင်ငံတစ်လွှားတွင် ကျင်းပခဲ့သည့် ဆောင်ခရန် ပွဲတော်ကာလအတွင်း လမ်းပေါ်၌ မတော်တဆဖြစ်မှုများကြောင့် သေဆုံးသူ ၃၀၀ နီးပါးခန့်ရှိပြီး ဒဏ်ရာရရှိသူ ၂၈၀၀ ကျော်ရှိကြောင်း အာဏာပိုင်များက ဧပြီ ၁၆ ရက်တွင် ပြောသည်။

လွန်ခဲ့သည့် ကြာသပတေးနေ့မှ တနင်္လာနေ့အထိ ငါးရက်ကြာကျင်းပခဲ့သည့် ပွဲတော်ကာလအတွင်း လမ်းပေါ်တွင် ဖြစ်ပွားခဲ့သည့် မတော်တဆမှုများကြောင့်လူပေါင်း ၂၉၇ ဦး သေဆုံးခဲ့ပြီး ၂၈၀၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု လမ်းအသုံးပြုမှုလုံခြုံစိတ်ချရေးဌာနမှ ညွှန်ကြားရေးမှူး ဆုခ်ဟမ်ကန်ချနာဖီမိုင်က ပြောသည်။

ဆောင်ခရန်ပွဲတော်ကာလအတွင်း ချင်းမိုင်တွင် လူပေါင်း ၁၀၄ ဦး ဒဏ်ရာရရှိခဲ့သည့်အတွက် ချင်းမိုင်သည် ဒဏ်ရာရရှိမှုအများဆုံးမြို့ဖြစ်ပြီး အူဒုန်သန်နီမြို့တွင် မတော်တဆမှုကြောင့်လူပေါင်း ၁၄ ဦးသေဆုံးခဲ့သောကြောင့် အူဒုန်သန်နီမြို့သည် သေဆုံးမှုအများဆုံးမြို့ဖြစ်ခဲ့သည်ဟု လမ်းအသုံးပြုမှုလုံခြုံစိတ်ချရရေး ညွှန်ကြားရေးမှူးရုံးက သိရသည်။

မတော်တဆဖြစ်မှု အများဆုံးဖြစ်ပွားရသည့်အကြောင်းအရင်းမှာ အရက်သေစာသောက်စားရင်း မော်တော်ဆိုင်ကယ်မောင်းသည့်အတွက်ကြောင့်ဖြစ်ပြီး ပွဲတော်ကာလအတွင်း လမ်းပေါ်၌ မတော်တဆဖြစ်မှု ၄၀ ဒသမ ၆၈ ရာခိုင်နှုန်းအထိရှိကြောင်းသိရသည်။

**ဆင်ဟွာ**

## ၂၀၁၉ ခုနှစ်အတွက် ပူလစ်ဇာဆုရှင်များကိုကြေညာ

**ဝါရှင်တန် ဧပြီ ၁၆**

အမေရိကန်သတင်းစာပညာရပ်၌ တန်ဖိုးအရှိဆုံးဆုတစ်ခုဖြစ်သည့် ပူလစ်ဇာဆုကို ဖလော်ရီဒါပြည်နယ်ရှိ သတင်းစာတစ်စောင်ကရရှိသွားကြောင်း သိရသည်။ အထက်တန်းကျောင်းတစ်ကျောင်းတွင် ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့မှုများအတွက် ယင်းသတင်းစာက ပူလစ်ဇာဆုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

သတင်းစာပညာနှင့် အနုပညာအမျိုးအစားပေါင်း ၂၁ ခုတို့မှ အကောင်းဆုံးလုပ်ဆောင်ချက်များကို ပူလစ်ဇာဆုပေးအပ်ခြင်းဖြစ်ပြီး ၂၀၁၉ခုနှစ် အတွက် ပူလစ်ဇာဆုရှင်များကို နယူးယောက်မြို့ရှိ ကိုလံဘီယာတက္ကသိုလ်၌ ဧပြီ ၁၅ ရက်က ကြေညာခဲ့သည်။

ပြီးခဲ့သည့်နှစ်က အထက်တန်းကျောင်းတစ်ကျောင်းတွင် ဖြစ်ပွားခဲ့သည့် အစုလိုက်အပြုံလိုက်သေနတ်ပစ်ခံရမှုတွင် သတင်းရယူခဲ့မှုအတွက် The South Florida Sun Sentinel သတင်းစာသည် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်သည့် ပူလစ်ဇာဆုကိုရရှိခဲ့သည်။

အမေရိကန် ပြည်ထောင်စုတစ်လွှား၌ သေနတ်ပစ်ခတ်မှုများ ဥဒဟိုဖြစ်ပွားနေသော်လည်း ကျောင်းအတွင်းသို့ သေနတ်သမားမည်သို့ မည်ပုံချိုးဖျက်ဝင်ရောက်လာပုံ၊ အနီးအနားတွင် တစ်နာရီနီးပါးခန့် လွတ်လပ်စွာလှုပ်ရှားသွားလာနေခဲ့ပုံတို့ကို အဆိုပါသတင်းစာက အသေးစိတ်ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံ၌ တရားမဝင်ဆင်စွယ်အမြောက်အမြား ဖမ်းဆီးရမိ

**ပေကျင်း ဧပြီ ၁၆**

တရုတ်နိုင်ငံတွင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုကို တိုက်ဖျက်ရေးဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ မကြာသေးမီနှစ်များအတွင်း လုပ်ဆောင်ခဲ့သည့် ဖမ်းဆီးမှုအတွင်း ဆင်စွယ်ပေါင်း ၂၇၄၈ ချောင်း ကိုဖမ်းဆီးရမိခဲ့ပြီး အလေးချိန်အားဖြင့် တန်ချိန် ၇ဒသမ ၅ တန်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ဆင်စွယ်ဈေးကွက်တစ်ခုဖြစ်ခဲ့မှုကို ထိန်းထားနိုင်ရန် ကြိုးပမ်းသည့်အနေဖြင့် ဆင်စွယ်တင်ပို့ကုန်များကို ၂၀၁၅ ခုနှစ်က ပိတ်ပင်ခဲ့ပြီး ၂၀၁၇ နှစ်ကုန်ပိုင်းတွင် ဆင်စွယ်ရောင်းချမှုကို ပိတ်ပင်ခဲ့သည်။

တရားမဝင် ဆင်စွယ်များကို ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သည့် ဖမ်းဆီးစစ်ဆေးဆောင်ရွက်မှုအတွင်း ပြည်နယ်ခြောက်ခုတို့မှ အကောက်ခွန်အရာရှိများနှင့် ရဲများက ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင် ဆင်စွယ်များဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ သံသယရှိသူ လူ ၂၀ ကိုလည်း ဖမ်းဆီး ထိန်းသိမ်းထားသည်။ ယင်းဆင်စွယ်များကို အာဖရိကနိုင်ငံများမှ သင်္ဘောဖြင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

**အေအက်ဖ်ပီ**

## အကြိတ်အနယ်ဖြစ်လာမည့် အင်ဒိုနီးရှားရွေးကောက်ပွဲ ဧပြီ ၁၇ ရက် ကျင်းပမည်

ဂျကာတာ ဧပြီ ၁၆

**အင်ဒိုနီးရှားသမ္မတ ရွေးကောက်ပွဲကို ဧပြီ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီးပြည်သူသန်း ၁၉၀ ကျော် မဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲ အမျိုးသားအဆင့်မြင့် ဒေသဆိုင်ရာအဆင့် လွှတ်တော်ရွေးကောက်ပွဲများတွင် မဲပေးမည့်သူ ၁၉၂ သန်းကျော်ရှိပြီး ကိုယ်စားလှယ်ပေါင်း နှစ်သိန်းလေးသောင်းခွဲပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး တစ်ရက်တည်းကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။**




သမ္မတ ဂျိုကို ဝီဒိုဒိုနှင့် အတိုက်အခံ သမ္မတ လောင်း ကိုယ်စားလှယ် တို့ကို တွေ့ရစဉ်။

ယခုရွေးကောက်ပွဲတွင် သမ္မတဂျိုကိုဝီဒိုဒိုနှင့် အငြိမ်းစားဗိုလ်ချုပ်ကြီး ပရာဗိုဝူဆူဘရန်တိုတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ အငြိမ်းစားဗိုလ်ချုပ်ကြီးပရာဗိုသည် အနောက်ဂျာဗားတွင် လူကြိုက်များလျက်ရှိကာ အနောက်ဂျာဗားတွင် မဲပေးပိုင်ခွင့်ရှိသူ ၃၂ သန်းခွဲရှိပြီး အဆိုပါအရေအတွက်သည် မဲဆန္ဒရှင်အားလုံး၏ ၁၇ ရာခိုင်နှုန်းရှိသည်။

ယခုရွေးကောက်ပွဲသည် သဘောထားအလယ်အလတ်ရှိသူနှင့် သဘောထားတင်းမာသူတွေကြား ဒွိဟဖြစ်စေသည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အထိနာစေမည့် သဘောသက်ရောက်ကာ လူနည်းစု၏ လွတ်လပ်ခွင့်အပေါ် ထိခိုက်မည့်အရေး စိုးရိမ်ပူပန်မှုများလည်း မြင့်တတ်လျက်ရှိကြောင်း သိရသည်။ ဘာသာရေးအပေါ် ထိပါးစော်ကားမှုများ၊ မတရားမှုများ တွေ့မြင်နေရပြီး ယခုလိုကိစ္စများက မိမိ၏စိတ်ကို ထိခိုက်စေကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် သမ္မတကိုပြောင်းပစ်ချင်ကြောင်း အင်ဒိုနီးရှားသမ္မတ ကိုယ်စားလှယ်လောင်း အငြိမ်းစားဗိုလ်ချုပ်ကြီး ပရာဗိုက ပြောသည်။

ယခုရွေးကောက်ပွဲတွင် သဘောထားပျော့ပျောင်းပြီး အလယ်အလတ်ရှိသည့် သမ္မတဝီဒိုဒိုအနေဖြင့် အတိုက်အခံသမ္မတလောင်း ပရာဗိုကို ယှဉ်ပြိုင်နိုင်ရေး အကြိတ်အနယ်ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။ လတ်တလောတွင် ဝီဒိုဒိုအနေဖြင့် အသက် ၇၆ နှစ်အရွယ် ဘာသာရေး ဆရာတစ်ယောက်ဖြစ်သူ မာရက်ဖ်အေမင်ကို ဒုသမ္မတလောင်းအဖြစ် ရွေးချယ်ခဲ့သည့်အတွက် အစဉ်အလာဟောင်းမှ ခွဲထွက်သူများ၊ သဘောထားမပြင်းထန်သည့် ထောက်ခံသူများအတွက် စိတ်ပျက်စရာဖြစ်စေခဲ့သည်။

ဝီဒိုဒိုက အေမင်ကို ရွေးချယ်လိုက်သည့်အတွက် ထောက်ခံမှုတချို့ကျဆင်းသွားနိုင်သလို တစ်ချိန်တည်းတွင် အေမင်၏ ဂုဏ်သတင်း ကျော်စောမှုကြောင့် ယခင်ကသမ္မတကို မထောက်ခံခဲ့သူများ၏ ထောက်ခံမှုကိုလည်းရရှိလာနိုင်ကြောင်း သုံးသပ်သူတချို့က ပြောသည်။

**အေအက်ဖ်ပီ**

# အိမ်ပြန်ခရီးမသေချာသေးသည့် ပျောက်ဆုံးနေဆဲ မိန်းကလေးများ

**ချိုးစန္ဒီမွှေး**



နိုင်ဂျီးရီးယား လာဂို့စ်မြို့ရှိ လမ်းဆုံတွင် ပျောက်နေဆဲဖြစ်သည့် မိန်းကလေးများ၏ ဓာတ်ပုံများကပ်ထားသည်ကို တွေ့ရစဉ်။

လွန်ခဲ့တဲ့ငါးနှစ်ခန့်က ဘိုကိုဟာရမ် အကြမ်းဖက်သမားတွေ ပြန်ပေးဆွဲတာကို ခံလိုက်ရတဲ့ နိုင်ဂျီးရီးယားနိုင်ငံက ချီဘော့ ကျောင်းသူလေးတွေကို မှတ်မိကြဦးမယ် ထင်ပါတယ်။ ချီဘော့ ကျောင်းသူ ၂၇၆ ဦးကို ဘိုကိုဟာရမ် အကြမ်းဖက်သမားတွေ က ပြန်ပေးဆွဲသွားခဲ့တာပါ။ တချို့တစ်ဝက်ကတော့ ပြန်လည် လွတ်မြောက်လာပြီဖြစ်ပေမယ့် မိန်းကလေး ၁၁၂ ဦးကတော့ ယခုထက်ထိ ပျောက်ဆုံးနေဆဲဖြစ်ပါတယ်။

**ပျောက်ဆုံးနေဆဲ**

ပြန်လွတ်လာတဲ့ မိန်းကလေးထဲက အချို့ကတော့ ကျောင်းပြောင်းသွားတာ ရှိသလို၊ တချို့သောမိန်းကလေး တွေကျပြန်တော့လည်း အိမ်ပြန်ကာ မိသားစုလယ်ယာ လုပ်ငန်းခွင်ထဲ ပြန်လည်လုပ်ကိုင်နေကြပါပြီ။ ဒါပေမယ့် ပြန်လည်လွတ်မြောက်မလာသေးတဲ့ နိုင်ဂျီးရီးယား အရှေ့ မြောက်ပိုင်းက မိန်းကလေး ၁၀၀ကျော်ရဲ့ ကံကြမ္မာကိုတော့ ဘယ်သူမှ မသိနိုင်သေးပါဘူး။ သူတို့ပျောက်ဆုံးသွားခဲ့တာ အခုဆိုရင် ငါးနှစ် တိုင်တိုင်ရှိခဲ့ပါပြီ။ မေ ၁၅ ရက်မှာတော့ ချီဘော့ကျေးရွာမှာ ချီဘော့မိန်းကလေးတွေ ပြန်ပေးဆွဲခံရတာ ငါးနှစ်ပြည့်အထိမ်းအမှတ်ကို ပြုလုပ်နေပါတယ်။

**သမ္မတ၏ကတိ**

သမ္မတ မူဟာမက်ဒူဘူဟာရီကလည်း သူအရင်ပေးခဲ့ဖူး တဲ့ ကတိအတိုင်းမိန်းကလေးတွေကို အိမ်ပြန်ခေါ်လာပေးမယ် လို့ ကတိပေးနေတုန်းပါပဲ။ “ ပြန်လွတ်မလာဘဲကျန်ရှိနေတဲ့ မိန်းကလေးတွေ၊ နေအိမ်ပြန်နိုင်ပြီးမိသားစုရင်ခွင်မှာ ခိုနားနိုင် ဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ဒီမိန်းကလေးတွေ ပြန်မလွတ်မချင်း ရှာဖွေမှုကိုရပ်တန့်သွားမှာ မဟုတ်ပါဘူး” လို့ နိုင်ဂျီးရီးယားသမ္မတဟာ သူ့ရဲ့တွစ်တာ စာမျက်နှာကနေ တစ်ဆင့်ပြောကြားခဲ့ပါတယ်။ “ကျွန်တော်သမ္မတ စဖြစ် ကတည်းက ပေးခဲ့တဲ့ ကတိပါ။ ဒီကတိအတိုင်း အကောင် အထည်ဖော်နိုင်အောင် ကျွန်တော်ကြိုးစားသွားမှာပါလို့” ပြောကြားခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်တုန်းက ဘိုကိုဟာရမ် စစ်သွေးကြွတွေဟာ ချီဘော့အမျိုးသမီးကျောင်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး နောက်တစ်နေ့ဆိုရင် စာမေးပွဲဖြေ ရတော့မယ့် မိန်းကလေးတွေကို ခေါ်ဆောင်သွားခဲ့ပါတယ်။ ဒီဖြစ်ရပ်ဟာ လျင်လျင် မြန်မြန်ပဲ ပျံ့နှံ့သွားပြီး တစ်ကမ္ဘာလုံးရဲ့ အာရုံစူးစိုက်မှုကို ခံခဲ့ရပါတယ်။ ဒီမိန်းကလေးတွေကိုပြန်လွှတ် ပေးဖို့ ဝိုင်းဝန်းတောင်းဆိုခဲ့ကြပါတယ်။

**မေ့လျော့လာကြပြီလား**

ဒါပေမယ့် အချိန်ကာလကြာမြင့်လာတာနဲ့အမျှ ကိစ္စ တစ်ခုမှာ စိတ်ဝင်စားမှုဟာလည်း လျော့ကျလို့လာတာဟာ လူ့သဘာဝပါပဲ။ ချီဘော့မိန်းကလေးတွေ စပြီးပြန်ပေးဆွဲခံရ စဉ်ကာလက တစ်ကမ္ဘာလုံးက လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကြ ပေမယ့် အချိန်ကာလကြာမြင့်လာတဲ့နောက် မေ့မေ့ လျော့လျော့ ဖြစ်လာခဲ့ကြပါတယ်။ မိန်းကလေးတွေပျောက်ဆုံး နေဆဲဖြစ်တဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး သမ္မတဆီက အသံမကြားရတာလည်း အချိန်အတော်လေးကြာခဲ့ပါတယ်။ လာမယ့်နှစ်ဆိုရင် သမ္မတရွေးကောက်ပွဲ ပြုလုပ်ရမယ့်အချိန် ကိုရောက်လာတော့မှာပါ။

ဒီလိုအချိန်မျိုးမှာပဲ ပျောက်ဆုံးနေတဲ့ မိန်းကလေးတွေကို ပြန်ရှာပေးမယ်ဆိုတဲ့ သတင်းစကား ထပ်မံပေါ်ထွက်လာခဲ့ တာလည်းဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် မိန်းကလေး တွေပြန်ပေးဆွဲခံရလို့ ဆန့်ကျင်ဆန္ဒပြကြ သူတွေဟာ နေ့စဉ် လိုလို နိုင်ဂျီးရီးယားမြို့တော် အဘူဂျာကို ချီတက်ခဲ့ကြပါတယ်။ အခုအချိန်မှာတော့ သူတို့ရဲ့အသံတွေဟာလည်း ငြိမ်သက်နေ ခဲ့ပါတယ်။ နောက်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတစ်ရပ် အနေနဲ့ လက်မှတ်ရေးထိုးတောင်းဆိုခဲ့ကြတဲ့ တက်ကြွ လှုပ်ရှားသူအဖွဲ့တွေရဲ့ အသံတွေဟာ တိတ်ဆိတ်နေခဲ့ပါတယ်။

**ဘယ်တော့မှမမေ့**

ဒါပေမယ့်လည်းပျောက်ဆုံးနေတဲ့ မိန်းကလေးတွေရဲ့မိဘ တွေကတော့ သူတို့သမီးတွေကို ဘယ်တုန်းကမှ မေ့မသွားခဲ့ ပါဘူး။ တနင်္ဂနွေနေ့တိုင်း သမီးတွေပြန်လည်လွတ်မြောက်လာဖို့ ချီဘော့ကျောင်းမှာစုဝေးပြီး ဆုတောင်းခဲ့ကြပါတယ်။ အခု အချိန်မှာတော့သူတို့ အားလုံးရဲ့မျှော်လင့်ချက်ဟာ ယဲ့ယဲ့ လေးပဲကျန်တော့တယ်လို့ ချီဘော့ကျေးရွာက ပြောရေးဆိုခွင့် ရှိသူ အယ်လန်မာနာဆာကပြောပါတယ်။

ဒီငါးနှစ်အတွင်းမှာ အစိုးရဘက်က ပျောက်ဆုံးနေတဲ့ မိန်းကလေးတွေနဲ့ ပတ်သက်ပြီး သတင်းအစအနလေးတောင် မပေးခဲ့ဘူးလို့ ဆိုပါတယ်။ နိုင်ဂျီးရီးယားအစိုးရကို ဖိအားပေး ပြီး ပျောက်နေဆဲဖြစ်တဲ့ မိန်းကလေးတွေကို ပြန်ရှာပေးဖို့ ဝိုင်းဝန်းတောင်းဆိုကြပါလို့ အသိုင်းအဝိုင်းအားလုံးကို အယ်လန်က တိုက်တွန်းခဲ့ပါတယ်။

မေ ၁၅ ရက်က ပြောကြားခဲ့တဲ့ နိုင်ဂျီးရီးယားသမ္မတ ရဲ့ပြောစကားအရတော့ နိုင်ဂျီးရီးယားတွေဟာ ဒီမိန်းကလေး တွေကို မေ့မသွားသေးဘူးဆိုတာကို အာမခံနေပါတယ်။

**ရှာသားတွေကို ပြန်ပေးဆွဲ**

ပျောက်ဆုံးနေဆဲဖြစ်တဲ့ ကျွန်တော်တို့ရဲ့သမီးတွေကို ရှာဖွေနေမှုအား ဘယ်တော့မှအဆုံးသတ်သွားမှာ မဟုတ် ပါဘူးလို့ပြောခဲ့ပါတယ်။ ဘိုကိုဟာရမ်တွေရဲ့ ပြန်ပေးဆွဲခံ ခဲ့ရတဲ့ အခြားလူတွေနဲ့ဆက်စပ်ပြီးတော့လည်း သမ္မတက “ကျွန်တော်တို့ရဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ လွန်ခဲ့တဲ့ လေးနှစ် အတွင်းမှာ ဘိုကိုဟာရမ်တွေရဲ့လက်ထဲကနေ ကယ်တင်ခဲ့တဲ့ လူတွေဟာလည်း ထောင်နဲ့ချီပြီးရှိတယ်၊ ဓားစာခံတွေ မလွတ်မချင်း ဘယ်တော့မှအလျှော့ပေးသွားမှာ မဟုတ်ပါ ဘူး”လို့ တွစ်တာစာမျက်နှာပေါ်မှာ ရေးခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း နိုင်ဂျီရီယားအရှေ့မြောက်ပိုင်းမှာရှိတဲ့ နယ်မြေတွေမှာ ဘိုကိုဟာရမ်စစ်သွေးကြွတွေနဲ့ တိုက်ပွဲဖြစ်ပွား မှုကြောင့် များစွာပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဘိုကိုဟာရမ် တွေဟာ သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုကိုပြသဖို့ အပြစ်မဲ့တဲ့ ရွာသားတွေကို ပြန်ပေးဆွဲတာမျိုးတွေ ပြုလုပ်ခဲ့ကြပါတယ်။

**ပြန်အုပ်စုဖွဲ့လာ**

၂၀၁၅ ခုနှစ်မှာတော့ မစ္စတာဘူဟာရီဟာ သမ္မတ ဖြစ်လာခဲ့ပါတယ်။ သူသမ္မတ ဖြစ်လာတဲ့အခါ စစ်သွေးကြွ တွေကို ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြပါတယ်။ စစ်သွေးကြွ တွေပုန်းအောင်းနေတဲ့နေရာတွေကို လိုက်လံရှာဖွေ တိုက်ခိုက် ခဲ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့လတွေအတွင်းမှာတော့ ဒီ စစ်သွေးကြွတွေဟာ ပြန်လည်ပြီး အုပ်စုဖွဲ့လာကြပြန်ပါ တယ်။ ဘိုကိုဟာရမ်တိုက်ခိုက်ရေးသမားတွေဟာ နိုင်ဂျီးရီး ယားနဲ့ ချဒ်နိုင်ငံတို့ နယ်စပ်တစ်လျှောက် အသေခံဗုံးခွဲ တိုက်ခိုက်တာတွေ လုပ်ဆောင်လာပါတယ်။

**ပညာဆက်လက်သင်ကြား**

သမ္မတ ဘူဟာရီအနေနဲ့ကတော့ ချီဘော့မိန်းကလေးတွေ တစ်ဝက်နီးပါးပြန်လွတ်လာဖို့ ညှိနှိုင်းနိုင်ခဲ့ပါတယ်။ အကျဉ်း သားလဲလှယ်ရေးအစီအစဉ်နဲ့ မိန်းကလေး ၁၀၀ ကျော် ပြန်လည်လွတ်မြောက်လာခဲ့ပါတယ်။ အခုဆိုရင် အဲဒီ မိန်းကလေးတွေဟာ ၂၀ ဝန်းကျင်တွေ ဖြစ်ကုန်ကြပါပြီ။ သူတို့ထဲက အချို့ဟာ နိုင်ဂျီးရီးယားနိုင်ငံ ယိုလာမှာရှိတဲ့ အမေရိကန်တက္ကသိုလ်မှာ ပညာသင်ကြားနေကြပါတယ်။

အထူးအစီအစဉ်တစ်ရပ်အနေနဲ့ စီစဉ်ပေးတာဖြစ်ပြီး တက္ကသိုလ်နယ်ပယ် အလုပ်တွေမှာ စိတ်ဝင်စားလာအောင် လုပ်ဆောင်တဲ့ အစီအစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ ကတော့ ပြန်လွတ်လာတဲ့ မိန်းကလေးတွေအတွက် စီစဉ် ပေးတာဖြစ်ပြီး ပျောက်ဆုံးနေဆဲ မိန်းကလေးတွေရဲ့ကံကြမ္မာ ကရော ဘယ်လိုဆက်ဖြစ်မှာလဲ။

**ရှင်နေသေးလား၊သေပြီလား**

မစ္စဟာမူဆာ မိုင်နာရဲ့သမီးဖြစ်သူ ဟူဝါကတော့ အခု ချိန် အိမ်ပြန်မလာနိုင်သေးတဲ့ ချီဘော့မိန်းကလေးတစ်ဦး ပါ။ သေသလား၊ ရှင်သလားတောင် သူ့မိဘတွေ မသိရပါဘူး။ ဟူဝါပြန်ပေးဆွဲခံရလို့ သူ့မိသားစုဝင်တွေတောက်လျှောက် စိတ်ဆင်းရဲခဲ့ရပါတယ်။ မိဘတွေအဓိက သိချင်တာကတော့ သူတို့သမီး အသက်ရှင်သေးလား ဒါမှမဟုတ် အစာရေစာငတ် ပြတ်ပြီး သေပြီလားဆိုတာပါပဲ။

နိုင်ဂျီရီးယားအစိုးရက ဘိုကိုဟာရမ်တွေကို အစာရေစာ ဖြတ်တောက်ထားလို့ အစာမရဘဲ သေပြီးလား၊ ဒါမှမဟုတ် သမီးဖြစ်သူကို အကြမ်းဖက်အစွန်းရောက်ဝါဒတွေ ခေါင်းထဲ ကို ရိုက်သွင်းလိုက်ပြီးလား ဆိုတာကို မိဘတွေ အလွန်သိချင် နေကြပါတယ်။ ဒါပေမယ့်အခုထက်ထိအိမ်ပြန်ရောက်မလာ နိုင်သေးတဲ့သမီးအပေါ် မျှော်လင့်ချက်ကလည်း မစွန့်လွှတ် နိုင်သေးပါဘူး။ ပြန်ရောက်လာဖို့ စောင့်နေဆဲပါပဲ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်၊ အေအက်ဖ်ပီ**

# နိုင်ငံတကာသတင်းတိုတွေ

## ဆော်ဒီနှင့် ယူအေအီးတို့ ဈေးကွက်စီမံကိန်းဆွေးနွေး

**ရီယာ့ဒ် မေ ၁၆**

ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့သည် ပူးပေါင်းဈေးကွက်အတွက် လုပ်ရှားမှုဆိုင်ရာများကို မေ ၁၅ ရက်က ဆွေးနွေးခဲ့ကြ ကြောင်း ဆော်ဒီသတင်းအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။ ရီယာ့ဒ်မြို့တွင် ကျင်းပခဲ့သည့် ဆော်ဒီ-ယူအေအီး ပူးပေါင်း ဆောင်ရွက်ရေးကောင်စီက အစည်းအဝေးတွင် နှစ်နိုင်ငံစလုံးမှ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်ရန်နှင့် ဈေးကွက်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်တို့အတွက် ပွင့်လင်းသည့်ဈေးကွက်ကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း အလေးပေး ဆွေးနွေးခဲ့ကြသည်။ ၂၀၁၆ ခုနှစ် မေလမှစ၍ ယူအေအီးနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်ရေးကောင်စီကို တည်ထောင်ခဲ့ပြီး စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေး၊ စစ်ရေးပူးပေါင်းဆောင်ရွက်မှုတို့တွင် အောင်မြင်မှုရရှိစေရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အမေရိကန်နှင့် ကုန်သွယ်ရေးညှိနှိုင်းမှုများ ပြုလုပ်ရန် အီးယူအသင့်ဖြစ်နေ

**ဝါရှင်တန် မေ ၁၆**

ဥရောပသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကုန်သွယ်ရေးသဘောတူညီမှုတစ်ရပ်နှင့်ပတ်သက်၍ အမေရိကန် လုပ်ဖော်ကိုင်ဖက်များနှင့် ညှိနှိုင်းဆွေးနွေးမှုများစတင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။ ဥရောပသမဂ္ဂသည် စက်မှုထုတ်ကုန်ပစ္စည်းများအပေါ်တွင် အခွန်ကောက်ခံမှုများဖယ်ရှားသွားစေရေး အလေးပေးဆောင်ရွက်သွားရန် ရည်ရွယ်လျက်ရှိသည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်တို့သည် ပြီးခဲ့သည့် ဇူလိုင်လက မော်တော်ယာဉ်များအပါအဝင် စက်မှုထုတ်ကုန်ပစ္စည်း များအပေါ်တွင် အခွန်ကောက်ခံမှုဖျက်သိမ်းစေရေး လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြသည်။ ထရမ့်ဦးဆောင်သည့် အစိုးရအဖွဲ့က သံမဏိတင်ပို့ကုန်များကို အခွန်တိုးမြှင့်ကောက်ခံရန် ဆုံးဖြတ်ခဲ့ပြီးနောက်တွင် ယင်းသဘောတူညီမှု ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်အစောပိုင်းက အမေရိကန်သည် အခွန်တိုးမြှင့်ကောက်ခံမည့်အထဲတွင် လယ်ယာထွက်ကုန်ပစ္စည်းများကိုပါ ထည့် သွင်းရန် အလေးအနက်ဖော်ပြခဲ့သည်။ ယင်းအစီအစဉ်သည် လယ်ယာစိုက်ပျိုးရေး ဈေးကွက်ကြီးကြီးမားမားရှိသည့် ပြင်သစ် နိုင်ငံကို အမေရိကန်နှင့် ဆွေးနွေးပွဲများစတင်ရာတွင် သတိကြီးစွာထားရမည့်အခြေအနေကို ရောက်ရှိစေခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနှစ်သစ်တွင် ပြည်သူအားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဦးတန်ခူးလဆန်း ၁၃ ရက်(ဧပြီ ၁၇ ရက်)ဗုဒ္ဓဟူးနေ့သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ပင်ဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသွားပြီဖြစ်သည်။ အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ တစ်နှစ်ဆိုသောအချိန်သည် ရှေ့လှည့်၊ နောက်လှည့်ဖြင့် ကုန်ဆုံးသွားပြီ ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ကြသူများရှိသလို ကျရှုံးမှုများနှင့် မလွဲသာမရှောင်သာ ကြုံတွေ့ခဲ့ရသူများလည်း ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ အဆွေစာရှုသူသည် အောင်မြင်သူလား၊ ကျရှုံး သူလား။



သင်္ကြန်တွင်းကာလ တရားရိပ်သာ၌ တရားအားထုတ်နေသည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို တွေ့ရစဉ်။ ဓာတ်ပုံ- မြင့်မြင့်ခိုင် (ပြန်/ဆက်)

## သတိထားဆင်ခြင်မှုသာလျှင်

မြန်မာတို့သည် သင်္ကြန်ကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ပပျောက်ကင်းစင်စေရန် ရေပက်ဖျန်းကြသည်ဟုဆိုသည်။ ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးကို ဆေးကြောနိုင်မည် မဟုတ်ချေ။ လောဘ၊ ဒေါသ၊ မောဟကို မည်သည့် ရေပိုက်နှင့်မျှ ထိုး၍ မရချေ။ တွေးတောပြောဆိုပြုမူမှုမှန်သမျှကို ကိုယ်တိုင်သတိထား ဆင်ခြင်မှုသာလျှင် တဖြည်းဖြည်းလျှော့ချနိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အမှောင်ဖုံး၍ လွဲမှားစွာ ပြုမူခဲ့သည်များရှိကောင်းရှိနေနိုင်ပေသည်။ သို့သော်နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက လောဘ၊ ဒေါသ၊ မောဟဆိုသည့် ကိလေသာမှန်သမျှကို သီလ၊ သမာဓိ၊ ပညာဆိုသည့်မဂ္ဂင်ရှစ်ပါးဖြင့် ဆေးကြောသန့်စင်သွားနိုင်ပါသည်။ ကြိုးစားသွားကြည့်မည်ဆိုလျှင် ထူးခြားမှုရှိပါသည်။ ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။

## နှစ်သစ်မှာ စိတ်သစ်ခွန်အားသစ်တွေဖြစ်ပေါ်

ဆိုရလျှင် သင်္ကြန်ရုံးပိတ်ရက် ငါးရက်လုံးကို ဒါန၊ သီလ၊ ဘာဝနာ စသည့် မင်္ဂလာရှိသော ကောင်းမှု ကုသိုလ် အဝဝဖြင့် အကျိုးရှိစွာဖြတ်သန်းခဲ့သူများသည် မျက်နှာများကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များ ပြည့်နေမည်ဖြစ်သည်။ ထိုသူများသည်ရုံးဌာနများသို့ ပြည့်ဝနေသော စိတ်ဓာတ်ခွန်အားတို့ဖြင့် ချီတက်လာလေ့ရှိကြသည်။ ရုံးသို့ရောက်ချိန်တွင်လည်း သင်္ကြန်ကာလအတွင်းက ရရှိခဲ့သော ကောင်းမှုကုသိုလ်များကို အချင်းချင်းမျှဝေပြီး သာဓုအကြိမ်ကြိမ်ခေါ်ကြရသဖြင့် ပီတိကုသိုလ်များ ထပ်မံရရှိကြပြန်သည်။ အထူးသဖြင့် လုပ်ငန်းတာဝန်များကိုလည်း စိတ်သစ်ကိုယ်သစ်ဖြင့် အင်တိုက်အားတိုက် ထမ်းဆောင်နိုင်ကြသည်။

အမှန်တော့ သင်္ကြန်ကာလတွင်အပြည့်အဝအနားယူခဲ့ကြသည့် ရွှင်လန်းတက်ကြွနေသော ဝန်ထမ်းများသည် ရုံးခန်းအတွင်း၌ ငါးရက်တာကာလအတွင်း တင်နေသောဖုန်များ၊ အမှိုက်များအားသန့်ရှင်းရေးလုပ်၊ ဆောင်ရွက်ရန် စောင့်ဆိုင်းနေသော လုပ်ငန်းတာဝန်များကိုဦးစားပေးအဆင့်လိုက်ခွဲခြားပြီး ချက်ချင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို နေ့ချင်းပြီးရန်အတွက် စိတ်ရောကိုယ်ပါ အားတက်သရော တက်ညီလက်ညီ စတင်လုပ်ကိုင်ကြသဖြင့် လုပ်ငန်းများအချိန်မီပြီးစီးလေ့ရှိကြသည်။ ထိုသူများသည် တိုင်းပြည်နှင့်လူမျိုးအကျိုးကို အစဉ်သယ်ပိုးနေသောဝန်ထမ်းကောင်းများဖြစ်ကြသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများပေါ်တွင် များစွာတည်မှီလျက်ရှိသည်။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

မြန်မာနိုင်ငံသည် ၁၃၀၀ ပြည့်နှစ်အတွင်း အတက်၊ အကျကြမ်းခဲ့သည်။ အထူးသဖြင့် ရခိုင်အရေးပင်ဖြစ်သည်။ နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကျဆင်းခဲ့ရသည်။ လက်ရှိအချိန်ထိလည်း တချို့သောအဖွဲ့အစည်းများနှင့် နိုင်ငံများက ကုလသမဂ္ဂတွင် ရခိုင်အရေးကိုပုံကြီးချဲ့ ဆွေးနွေးနေကြဆဲပင်ဖြစ်သည်။ ရခိုင်အရေးတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့်ပြည်သူအားလုံးပူးပေါင်းပါဝင်မှသာ ထိရောက်မှုရှိမည်ဖြစ်သည်။ အထူးသဖြင့် ဒေသခံပြည်သူများသည် အမြင်ကျယ်ဖို့ လိုနေပြီဖြစ်သည်။ ဆိုရလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အသက်တမျှပင် အရေးပါလှသည်။

ထို့အပြင် တချို့သောပြည်သူများသည် မိမိထောက်ခံသည့်ပါတီများကိုအကြောင်းပြု၍ အုပ်စုကွဲနေကြသည်။ လူမှုကွန်ရက်တွင် တစ်ဖွဲ့ကိုတစ်ဖွဲ့ အပြန်အလှန်ပြစ်တင်ရှုတ်ချဆဲဆိုနေကြသည်။ အကျိုးမရှိသော လုပ်ရပ်များပင်ဖြစ်သည်။ တိုင်းပြည်တိုးတက်ရေးနှင့် အေးချမ်းသာယာရေးကို အမှန်တကယ်လိုလားသူများသည် ထိုသို့လုပ်နေမည်မဟုတ်ချေ။ နိုင်ငံအရေးနှင့်ယှဉ်လာလျှင် မိမိတို့၏စိတ်ခံစားချက်များကို လျစ်လျူရှုနိုင်ရမည်ဖြစ်သည်။ ထိုသို့အုပ်စုကွဲပြားနေမည်ဆိုလျှင် တိုင်းပြည်သည် တိုးတက်သင့်သလောက် တိုးတက်မည် မဟုတ်ချေ။ စည်းလုံးခြင်းသည်အင်အား မဟုတ်ပါလား။

ဆိုရလျှင် မြန်မာအများစုသည် ခံစားလွယ်ကြသည်။ ပြဿနာတစ်ခု၏အခြေခံအကြောင်းအရင်းကို မသိဘဲ အလျင်စလို ကောက်ချက်ချလေ့ရှိကြသည်။ အကျိုးဆက်အနေဖြင့် ပြဿနာကိုသာ ပိုမိုကြီးထွားစေပါသည်။ သူများအသုံးချမှုမခံရအောင် စာများများဖတ်ဖို့လိုပါသည်။ နည်းနည်းပြောပြီး များများတွေးဖို့လည်း လိုပါသည်။ မည်သို့ပင်ဆိုစေကာမူ နှစ်သစ်တွင် ပြည်သူအားလုံး အခြေခံစိတ်ဓာတ်ပြုပြင်ရန် လိုမည်ဟု ထင်ပါသည်။

## မေတ္တာအရင်းခံဖြင့်သာ

အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည်ဖြစ်သည်။

လူတိုင်းနှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိဖို့လိုပါသည်။ အရာရာတွင် ကိုယ်ချင်းစာတရားလက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ပြဟ္မစိုရ်တရားကိုလက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။

## နှစ်သစ်တွင် အားလုံးရွှင်လန်းချမ်းမြေ့ပါစေ

ဆိုရပါလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံ၌ အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန် လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် အချိန်ကိုအကျိုးရှိစွာ အသုံးချသွားဖို့လိုသည်။ အချိန်တိုင်း စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေသူတစ်ဦးသည် မအောင်မြင်စရာ အကြောင်းမရှိချေ။ ထိုသို့အချိန်ကို တန်ဖိုးထားသောပြည်သူများ မှီတင်းနေထိုင်သော ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ထာဝစဉ်ခိုင်မြဲစွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာနှစ်သစ်တွင် နိုင်ငံသားအားလုံး ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး ရွှင်လန်းချမ်းမြေ့သောဘဝကို ပိုင်ဆိုင်သွားနိုင်ကြပါစေ။ ။

---

# "ပိတောက်ပွင့်ပြန် တူးပို့သင်္ကြန်"

◆ ခါနွေဘယာတွေ ကွာစေကြောင်းငဲ့
သဟာဆွေအပေါင်းနဲ့ နွဲပျော်ဆင်
အတာရေလောင်းတဲ့ ပွဲတော်သဘင်၊
တစ်နှစ်တစ်ခါ ချစ်စရာ နှစ်တစ်ရာတိုင်လည်း
မေတ္တာခိုင်မြဲ မောင်နှမအသွင်
သစ္စာမယိုင်မလဲ နှောင်ဘဝအစဉ်ဗျ၊

◆ အစဉ်ရှေးရှူမြဲ အဓိကအရာ
ယဉ်ကျေးမှုလည်း ရှိကြပါသရှင့်၊
နွေဂိမှာန်အလှ တူးပို့သင်္ကြန်
ရွှေအိမ်စံနှမ မြူးဖို့ရန်ကွယ့်၊
ကျီစားမသန်နဲ့ ယောက်ဖရေ
ဒီစကားအမှန်ကွယ့် ထောက်သလေရှင့်၊
အဆင်အသွေးရှုမဝ ဂိမှာန်နွေ
ယဉ်ကျေးမှုအလှ ထိန်လျှံဝေလေ့၊

◆ မြန်မာ့ယဉ်ကျေးမှု အလှတွင်ရှေးယခု
နှမခင်အလေးဂရု ဝတ်စားဆင်
ကမ္ဘာ့တစ်ခွင်တွေးရှု အပြစ်များမမြင်စေ့၊
ရွှေဝါပန်းပိတောက် ဝေဖြာလမ်းတစ်လျှောက်
နွေကဗျာတမ်းလောက် စာဖွဲ့မကုန်
(ပြည်)ပြေမြန်မာလျှမ်းတောက် 'အတာ'ရဲ့ ဂုဏ်ရှင့်၊

◆ ဩော်-တစ်နှစ်တစ်ခါ
ချစ်စရာ မြန်မာလေ့ရယ်က
ပျော်မွေ့ဖွယ် နှစ်ကူးအလှတွေနဲ့
မြူးကြွကြွ ဟန်ရေးပြင်
သင်္ကြန်တေးလွှင်လွှင်နှင့်
မလေးခင် တစ်သိုက်ဟာဖြင့်
ဗိုက်အဆာပြေ မုန့်လုံးရေပေါ်ကုသိုလ်ပြုတာမို့
သာဓုခေါ်ကာ ကိုလူပျိုမှာ ပါးစောင်ကိုက်တယ်
(အလို...)စပ်လိုက်ဘိလေး။ ။

အောင်မြင့်စိုး (ရေစကြို)

# တွံတေးမြို့ ရွှေဆံတော်စေတီတော်ကြီး၏ တန်ခူးလ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကျင်းပ

**တွံတေး ဧပြီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ဆကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၂၅၈၈)ကြိမ်မြောက် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၆ ရက် နံနက်ပိုင်းက စေတီတော် မြောက်ဘက်စောင်းတန်းရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဆရာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးနှင့် ဦးနေနိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းနှင့် ရွှေဆံတော်ဘဏ္ဍာတော်ထိန်းဂေါပက ဥက္ကဋ္ဌ ဦးမင်းလွင်တို့က ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်တွင် ဆီမီးထွန်းညှိပူဇော်ပွဲ၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့၏ ခြင်းလုံးအလှခတ်ပွဲ၊ ဇာတ်ပွဲများ၊ မျက်လှည့်နှင့် ဖျော်ဖြေပွဲများ၊ ဈေးရောင်းပွဲများ ပါဝင်ကာ ဧပြီ ၁၆ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တန်ခူးလပြည့်နေ့ ဧပြီ ၁၉ ရက်တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသည့် ပြည်သူတိုင်းအား နံနက်စာ ထမင်းကျွေးမွေ့ခံပြီး နေ့လယ်ပိုင်း တွံတေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၂၅၉ ကျောင်းမှ ကျောင်းထိုင်ဆရာတော် ၂၅၉ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကိုလည်း ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ရမည်းသင်းမြို့ရှိ စပျစ်ခြံများ အထွက်ကောင်းပြီး ဈေးနှုန်းပိုရ၍ စပျစ်စိုက်သူများအဆင်ပြေနေ

**နေပြည်တော် ဧပြီ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း စပျစ်သီးနှံ စိုက်ပျိုးသည့်ဧက ၃၀၀၀ ကျော်ရှိရာ ယခုနှစ်တွင် စပျစ်စိုက်ခင်းအများစုအနေဖြင့် အထွက်နှုန်းကောင်းကြသလို ဈေးနှုန်းမှာလည်း ယမန်နှစ်ကဈေးနှုန်းထက် ပိုမိုရရှိနေကြသဖြင့် ဒေသခံ စပျစ်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့် စပျစ်သီးနှံများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အသီးသီးမှ အထင်ကရဈေးကြီးများအပြင် ရှမ်းပြည်နယ် အောင်ပန်းမြို့၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်နှင့် သာဂရမြို့များသို့တိုင် ဖြန့်ဖြူးရောင်းချရပြီး ၂၀၁၈ ခုနှစ် မိုးရာသီက စပျစ်သီးပိဿာချိန် သုံးသောင်းကျော်နှင့် ယခုနှစ် နွေရာသီတွင် ပိဿာချိန် သုံးသောင်းကျော် ဖြန့်ဖြူးရောင်းချခဲ့ရကြောင်း ရမည်းသင်းမြို့မှ စပျစ်သီးကုန်သည်တစ်ဦးဖြစ်သူ ဒေါ်မာမာရီက နေပြည်တော်မြို့မဈေးတွင် ကုန်ချနေခိုက်ပြောပြသည်။

"အရင်နှစ်က တစ်ပိဿာ ၃၅၀၀ ကျပ်နဲ့ ရောင်းချခဲ့ရတယ်၊ ဒီနှစ်တော့ ၃၈၀၀ ကျပ်နှုန်းနဲ့ လက်ရှိပေါက်ဈေးအဖြစ် ချနေဆဲပါ၊ ခြံစိုက်တဲ့သူရော အရောင်းအဝယ်သမားရော အဆင်ပြေတယ်လို့ပြောလို့ရပါတယ်၊ ကျွန်မ စပျစ်သီးကုန်သည်လုပ်လာခဲ့တာ ၁၀နှစ် ရှိပါပြီ၊ ကုန်ချိန်အများဆုံး ပို့ရတာကတော့ အောင်ပန်းမြို့ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။


နေပြည်တော်၌ ရောင်းချနေသည့် ရမည်းသင်းမြို့ထွက် စပျစ်သီးများ

ယခုရက်ပိုင်းအတွင်း ရာသီဥတုအပူချိန် မြင့်တက်လာနေမှုကြောင့် နေပြည်တော်ရှိ ဈေးများတွင် စပျစ်သီးဝယ်ယူစားသုံးသူ ပိုမိုများပြားလာခဲ့ပြီး အရောင်းအဝယ်များလည်း ကောင်းမွန်သွက်လက်နေကြောင်း နေပြည်တော် မြို့မဈေးမှဈေးသည်တစ်ဦးကပြောသည်။

ရမည်းသင်းမြို့နယ်အတွင်း စပျစ်သီးစိုက်ပျိုးထုတ်လုပ်သည့် ဒေသများမှာ ရွာတန်း၊ ကုလားမျော၊ လက်ပံတော၊ ပေါက်တော၊ အိုင်ပုတ်၊ လက်ပံခါးလုနှင့် ရွှေဒါးကျေးရွာတို့ဖြစ်ကြပြီး ၎င်းဒေသတွင် အများဆုံးစိုက်ပျိုးသည့် စပျစ်မျိုးများမှာ အီတလီ နံပါတ် -၁၊ ဘစ်ဘလက်၊ ဘလက်ကွင်း၊ ချွန်းနှင့် သီးစိမ်းတို့ဖြစ်ကြောင်း၊ အဆိုပါဒေသရှိ စပျစ်သီးနှံများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP စနစ်)ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက စားသုံးသူများအတွက် ပို၍ ဘေးအန္တရာယ်ကင်းရှင်းစေမည်ဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မကွေးမြို့နယ်မှ မီးဘေးသင့်ပြည်သူများထံသို့ သောက်သုံးရေများ ဖြန့်ဝေပေး

**မကွေး ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကြို့ပင်အင်းကျေးရွာ၌ ဧပြီ ၁၃ ရက်က ပေါ့ဆမီး လောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၃၀၊ အိမ်ထောင်စု ၃၂ စုမှ လူဦးရေ ၁၁၅ ဦး မီးဘေးသင့်ခဲ့ရာ အဆိုပါ မီးဘေးသင့်ပြည်သူများအတွက် သောက်ရေ အခက်အခဲ မရှိစေရန် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေ ဂါလန် ၁၅၀၀ ကို ဧပြီ ၁၄ ရက်က ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကြို့ပင်အင်းကျေးရွာ မီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ထောင်စု ၃၂ စုမှ ပြည်သူများမှာ ဆွေမျိုးများ၏နေအိမ်များတွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင်လည်းကောင်း ယာယီနေထိုင်လျက်ရှိရာ အဆိုပါ မီးဘေးသင့်ပြည်သူများ သောက်သုံးရေအခက်အခဲ မဖြစ်စေရေးအတွက် သောက်သုံးရေ ဂါလန် ၁၅၀၀ ကို သွားရောက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ကျော်က ပြောသည်။

ကြို့ပင်အင်းကျေးရွာတွင် စုစုပေါင်း အိမ်ခြေ ၂၃၅ အိမ်၊ အိမ်ထောင်စု ၂၄၀ နှင့် လူဦးရေ ၁၂၀၀ ကျော်ရှိပြီး လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေကို ကျေးရွာပိုင် အများသုံးစက်ရေတွင်းမှ ရယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# အောင်လံမြို့နယ် ကင်ပွန်းခြံကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**အောင်လံ ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကင်ပွန်းခြံကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၈ ဒသမ ၄ သိန်းဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း အရှည်ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ ခြောက်လက်မထု ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြီးက ပြောသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများသွားလာရေး ကောင်းမွန်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ယခင်ကထက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ကျေးရွာတစ်ရွာလျှင် ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာ ၁၄ ရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတစ်ခု၊ ကျေးရွာအဝင် ကျောက်ချောခင်းခြင်းလုပ်ငန်းတစ်ခု၊ ကျေးရွာအဝင်နှင့် ကျေးရွာအတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းခုနစ်ခု၊ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်း လုပ်ငန်းတစ်ခု၊ ကျေးရွာမီးလင်းရေးအတွက် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းလေးခု စုစုပေါင်းလုပ်ငန်း ၁၄ ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**


ကင်ပွန်းခြံကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်မှုကို တွေ့ရစဉ်။

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၄-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၂၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၅ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၅၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၃ ・ ၈ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၇ ・ ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၂ ・ ၂ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၃ ・ ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ・ ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၂ ・ ၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ ・ ၁၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၆၁၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရေဖြူမြို့သင်္ကြန်ပွဲတော်တွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ပါဝင်ဆင်နွှဲ




**ရေဖြူ ဧပြီ ၁၆**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင်နှင့်အဖွဲ့သည် သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် ရေဖြူ မြို့နယ်၌ကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အခမ်းအနားသို့ တက်ရောက်၍ ရေဖြူမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြသည်။

ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းမှ ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားပြီး ဌာနဆိုင်ရာများ စုပေါင်းဧည့်ခံကျွေးမွေးသော သင်္ကြန်ထမင်းကို သုံးဆောင်ကာ ယိမ်းအက ဖျော်ဖြေတင်ဆက်မှုများကိုလည်း ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့ရှိ သောင်ရင်းမြစ်နှင့် မဲ့ပလဲ့ချောင်းဆုံ၌ ရေကစားသူများဖြင့် အထူးစည်ကား

**မြဝတီ ဧပြီ ၁၆**

မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သည့် မြဝတီမြို့ ချောင်းဆုံကျေးရွာရှိ သောင်ရင်းမြစ်နှင့် မဲ့ပလဲ့ချောင်းဆုံရာနေရာတွင် မြန်မာ့ရိုးရာမဟာသင်္ကြန် အကျနေ့မှ အတက်နေ့အထိ လာရောက်ရေကစားသူများဖြင့် အထူးစည်ကားခဲ့သည်။

အဆိုပါ ချောင်းဆုံနေရာသည် မြဝတီမြို့နယ် ချောင်းဆုံကျေးရွာနှင့် အမှတ်(၅)ရပ်ကွက် ရေပူကျေးရွာတို့၏ နယ်စပ်ဖြစ်သလို သောင်ရင်းမြစ်နှင့် မဲ့ပလဲ့ချောင်းတို့ဆုံသည့်နေရာလည်းဖြစ်သည်။ ချောင်းရေမှာ သန့်ရှင်းခြင်းနှင့် ပတ်ဝန်းကျင်သာယာခြင်းကြောင့် မြဝတီမြို့မှ သင်္ကြန်ချစ်သူ ပြည်သူများအနေဖြင့် အဆိုပါ ချောင်းဆုံနေရာသို့ လာရောက်၍ အပန်းဖြေ ရေကစားကြခြင်းဖြစ်သည်။ ရေကစားသူများအလွယ်တကူ မှာယူစားသောက်နိုင်ရေးအတွက် မြစ်ကမ်းစပ်နေရာများတွင် အစားအစာများကိုလည်း ဆိုင်ခန်းများဖွင့်လှစ် ရောင်းချပေးနေခြင်းကြောင့် အထူးစည်ကားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



မဲ့ပလဲ့ချောင်းဆုံ သောင်ရင်းမြစ်အတွင်း ရေကစားနေကြသူများ

မြဝတီမြို့၌ သင်္ကြန်ကာလအတွင်း ရေကစားသူများ စည်ကားသည့် သောင်ရင်းမြစ်ကမ်းစပ် နေရာများအနက် အဆိုပါ ချောင်းဆုံနေရာသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# သင်္ကြန်ရုံးပိတ်ရက်တွင် ငွေဆောင်ကမ်းခြေသို့ အပန်းဖြေလာရောက်သူ များပြားနေ

**ငွေဆောင် ဧပြီ ၁၆**

သင်္ကြန်ရုံးပိတ်ရက်အတွင်း ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းရှိ ချစ်သူများကျွန်း၌ အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာကမ်းခြေ အပန်းဖြေစခန်းတို့မှာ နာမည်ကြီး ပင်လယ်ကမ်းခြေစခန်းများဖြစ်ပြီး ရခိုင်ကမ်းရိုးတန်းနှင့်ဆက်စပ်လျက် အပန်းဖြေ အနားယူသူများ အထူးစိတ်ဝင်စားသော ဒေသဖြစ်ကာ ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများပါ လာရောက်အနားယူကြသည်ကိုတွေ့ရသည်။

"ကျွန်မတို့က မုံရွာက လာတာပါ၊ ဧရာဝတီတိုင်းကို အရင်က မရောက်ဖူးပါဘူး၊ သင်္ကြန်ပိတ်ရက်မှာ မိသားစုနဲ့ လာရင်း ပင်လယ်ကြီးရဲ့အလှကိုကြည့်ဖို့နဲ့ ပင်လယ်ရေချိုးဖို့ ရောက်လာတာပါ၊ ပျော်ပါတယ်၊ နောင်နှစ်တွေလည်း လာချင်ပါတယ်"ဟု မုံရွာမြို့မှ လာရောက်လည်ပတ်သော အထက်တန်းပြဆရာမ ဒေါ်သင်းမြမြနွေးက အတွေ့အကြုံသစ်ပေါ် ခံစားမှုကို ပြောပြသည်။

ငွေဆောင်ကမ်းခြေသည် သဲသောင်ပြင် သန့်ရှင်းခြင်းနှင့် ပင်လယ်ရေမှာ အထူးကြည်လင်ခြင်းကြောင့် ပင်လယ်ရေစိမ်ခြင်း၊ ရေကူးခြင်းဖြင့် အနားယူရန် နေရာကောင်းတစ်ခုဖြစ်သကဲ့သို့ ဒေသခံကျေးရွာသားများ ရောင်းချသော ပင်လယ်ဒေသထွက် ငါးကင်၊ ပုစွန်ကင်၊ ဒေသအခေါ် ရေကြက်(ပြည်ကြီးငါး) အကင်၊ ရေဘဝဲအကင် အသုပ်များနှင့် လတ်ဆတ်သော အုန်းရည်ချိုမြမြကိုလည်း ကမ်းခြေ၌ပင် ရေကူးပြီး အနားယူရင်း အရသာရှိရှိစားသောက်နိုင်သလို လတ်ဆတ်သော ပင်လယ်စာ အစားအစာ မျိုးစုံကိုလည်း စားသောက်ဆိုင်များတွင် ရောင်းချလျက်ရှိသည်။

သင်္ကြန်ရက်များအတွင်း ငွေဆောင်ကမ်းခြေရှိ ဟိုတယ်နှင့် တည်းခိုခန်းများမှာ စျေးနှုန်းများ မြင့်တက်နေကြောင်းလည်း သိရသည်။ "ဒီလို အထူးနေ့ရက်မျိုးတွေဆိုရင် ဟိုတယ်ကြီးတွေမှာ Sea View Guest-house တစ်ခုကို ကျပ်သုံးသိန်းအထိ စျေးရှိတတ်သလို တည်းခိုခန်းတွေမှာလည်း ခြောက်သောင်း ခုနစ်သောင်း ယူကြတယ်၊ သာမန် ရက်တွေမှာတော့ ဒီစျေးလောက် မရှိကြပါဘူး"ဟု ချစ်သူများကျွန်းမှ မိဘမေတ္တာ စားသောက်ဆိုင်နှင့် တည်းခိုခန်းဖွင့်လှစ်ထားသူ ကိုကျော်စိုးနိုင်က ပြောသည်။

တည်းခိုစရိတ် စျေးနှုန်းများ မြင့်တက်နေသော်လည်း သင်္ကြန်ပိတ်ရက်များအတွင်း လာရောက်လည်ပတ်သူ အရေအတွက်မှာ ပုံမှန်အချိန်များထက် ပိုမိုများပြားကာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ပထမအကြိမ် ယောချောင်းသာသင်္ကြန်ပွဲတော် စည်ကား၍ စျေးရောင်းချသူများအဆင်ပြေ

**ပေါက် ဧပြီ ၁၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နှင့် တစ်မိုင်ခန့်အကွာ၊ ပခုက္ကူမြို့နှင့် ၄၇ မိုင်ခန့်အကွာတွင် တည်ရှိသော အမှတ်(၁) ပေါက်ယောချောင်းတံတား အောက်ဘက်ရှိ(၄၇) မိုင် ယောချောင်းသာသင်္ကြန်ပွဲတော်သို့ လာရောက်ရေကစားကြသူများ များပြားစည်ကားခဲ့၍ စျေးရောင်းချသူများမှာလည်း ရောင်းအားကောင်းပြီး အဆင်ပြေကြကြောင်း သိရသည်။

အဆိုပါတံတားအနီး၌ ပထမဆုံးအကြိမ်ကျင်းပသော ယောချောင်းသာသင်္ကြန်ပွဲတော်တွင် ရေကစားသူ၊ လာရောက်အပန်းဖြေသူများ ဝယ်ယူစားသောက်နိုင်ရန် စျေးဆိုင်ခန်းများဆောက်လုပ်၍ မုန့်ပဲသွားရည်စာမျိုးစုံ၊ အချိုရည်မျိုးစုံ၊ ဆေးလိပ်၊ ကွမ်းယာနှင့် ထမင်းဟင်းများ ရောင်းချလျက်ရှိရာ လာရောက်အပန်းဖြေ ရေကစားသူများမှာ ယောချောင်းပြင်အပြည့် အထူးစည်ကားခဲ့သဖြင့် စျေးရောင်းချသူများမှာလည်း လက်မလည်အောင် ရောင်းချခဲ့ရပြီး အဆင်ပြေခဲ့ကြကြောင်း စျေးဆိုင်ပိုင်ရှင်အချို့၏ ပြောကြားချက်များအရ သိရသည်။

**ဉာဏ်တိုး(ပေါက်)**



ယောချောင်းသာ သင်္ကြန်တွင် ဖွင့်လှစ်ထားသောဆိုင်ခန်းများ

# သင်္ကြန်အတက်နေ့တွင် မြို့နယ်အသီးသီး၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစား

**ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့တွင် မြို့နယ်အသီးသီး၌ ပြည်သူများ ပျော်ရွှင်စွာ ရေကစားခဲ့ကြသလို ဘုရားစေတီများနှင့် ဘုန်းကြီးကျောင်းများတွင်လည်း ဥပုသ်သီလဆောက်တည်ကြသူများ၊ ဒုလ္လဘဝတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**

**နေပြည်တော်**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌လည်း မဟာသင်္ကြန်အတက်နေ့တွင် ရေကစားသူများ၊ မဏ္ဍပ်များ၌ စတုဒိသာကုသိုလ်ပြုသူများ၊ ဘုရားနှင့် ဘုန်းတော်ကြီးကျောင်းများ၌ တရားဘာဝနာပွားများသူများဖြင့် အထူး စည်ကားလျက်ရှိသည်။ နံနက်ပိုင်းမှစ၍ မြို့ပေါ်ရှိ မဏ္ဍပ်ကြီးများနှင့် ကျေးရွာ ရေကစားမဏ္ဍပ်ငယ်များတွင် ရေပက်ကြသူများ၊ ရေပက်ခံထွက်သူများ၊ သင်္ကြန်ယိမ်းအကများဖြင့် ဖျော်ဖြေသည့် အစီအစဉ်များဖြင့် စည်ကားပျော်ရွှင်စွာ ရေကစားကြသလို ငလိုက်ဆည်အတွင်း၌လည်း ရေကစားကြသူများ၊ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဖန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ သင်္ကြန်ပွဲတော် အတက်နေ့တွင် မြို့မရပ်ကွက် ရှပ်ပြေးဂိတ်အနီးရှိ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲကျင်းပရာ နေရာတို့၌ လာရောက်ရေကစားကြသည့် ပြည်သူများ ယခင်နေ့ထက် ပိုမိုများပြား စည်ကားခဲ့သည်ကို တွေ့ရသည်။ ဗန်းမော်မြို့ဗဟိုမဏ္ဍပ်တွင် မြို့ပေါ်ရှိရပ်ကွက်များမှ ယိမ်းအဖွဲ့များက အလှည့်ကျ ကပြဖျော်ဖြေပေးလျက်ရှိကာ ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမောက်၊ မန်စီနှင့်ရွှေကူမြို့နယ်တို့မှ ပြည်သူများအနေဖြင့် ဗဟိုမဏ္ဍပ်သို့ လာရောက်ကြည့်ရှု ရေကစားကြ၍ အထူးစည်ကားလျက်ရှိသလို သိမ်မဟာစေတီတော် ရှေ့လမ်းဆုံ၌ ကျင်းပလျက်ရှိသော လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်လည်း ရေပက်ကစားကြသူများ၊ စတုဒိသာများ ဧည့်ခံကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။ အလားတူ မိုးမောက်မြို့နယ် ကျောက်စခန်းကျေးရွာရှိ ကျောက်စခန်းအပန်းဖြေစခန်း၌လည်း ရေကစားကြသူများ စည်ကားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဘိုကလေး**

ဘိုကလေးမြို့၌ သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာနှုတ်ဆက်သောအားဖြင့် နောက်ဆုံးရက် သင်္ကြန်အတက်နေ့တွင် ဘိုကလေးမြို့၏ အထင်ကရ ရေကစားမဏ္ဍပ်များ၊ လမ်းမကြီးများနှင့် လမ်းသွယ်များတွင်ပါမကျန် ပြည်သူများ ပျော်ရွှင်စည်ကားစွာ ရေကစားခဲ့သည်။ ယခုနှစ်တွင် ဘိုကလေးမြို့၌ ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ကိုပါ ထည့်သွင်းကျင်းပခဲ့သလို စတုဒိသာကျွေးမွေးခြင်း အစီအစဉ်များ၊ အကအဖွဲ့များဖြင့် ဖျော်ဖြေတင်ဆက်မှုများလည်း ရှိခဲ့ပြီး ညပိုင်းတွင်လည်း အမှတ်(၅)ရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်တွင် ဖျာပုံမြို့မှ သံချပ်အဖွဲ့များ၏ လာရောက်ဖျော်ဖြေမှုများ၊ တေးသီချင်းနှင့် အကပဒေသာ အစီအစဉ်များဖြင့် ညစဉ်ညတိုင်း စည်ကားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မင်းတုန်း**

သရက်ခရိုင် မင်းတုန်းမြို့၌ သင်္ကြန်အတက်နေ့တွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားခဲ့ကြသလို အမှတ်(၂)ရပ်ကွက်ရှိ ဘုမ္မဝတီ ရေကစားမဏ္ဍပ်တွင်လည်း လာရောက်ရေကစားကြသည့် ပြည်သူများအား အမှတ်(၂)ရပ်ကွက်နေ ပြည်သူများက စတုဒိသာ ထမင်းဘူးများ ဝေငှဧည့်ခံခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**ငပုတော**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ပေါ်ရှိ ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် သင်္ကြန်ကာလ ပိတ်ရက်များအတွင်း ဥပုသ်သီလဆောက်တည်သူများ၊ တရားထိုင်ပုတီးစိပ်သူများ၊ ရဟန်းခံ၊ ရှင်ပြု အလှူပြုလုပ်သူများဖြင့် အလွန်စည်ကားခဲ့သည်ကို တွေ့ရကာ ယခုနှစ်တွင် တရားစခန်းများ၌ တရားစခန်းဝင်ခြင်းများလည်း ပိုမိုများပြားခဲ့ကြောင်း မြို့ခံပြည်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

**လှမင်းထွန်း(ပြန်/ဆက်)**

**တောင်တွင်းကြီး**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အတက်နေ့တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရေကစားမဏ္ဍပ်များ၌ ပြည်သူများအနေဖြင့် အေးချမ်းပျော်ရွှင်စွာ ရေကစားကြသလို စတုဒိသာ မဏ္ဍပ်များတွင်လည်း မုန့်ဟင်းခါး၊ ကြာဇံဟင်းခါး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ အချိုရည်များ ကုသိုလ်ပြုကျွေးမွေးလှူဒါန်းလျက်ရှိသည်။ ရေကစားရာတွင် ပြည်သူများ တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားမှု မရှိစေရန်နှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက်လည်း ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စည်းကမ်း ထိန်းသိမ်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ဘရက်ပစ်ရဲ့ မျိုးရိုးနာမည်ကို အင်ဂျလီနာဂျိုလီ စွန့်လွှတ်ခွင့်ရ

တရားရုံးမှတ်တမ်းအသစ်အရ အင်ဂျလီနာဂျိုလီဟာ ဘရက်ပစ်ရဲ့ မျိုးရိုးနာမည်ကို သူ့နာမည်မှာ ပေါင်းထည့်စရာမလိုတော့ပါဘူး။ အင်ဂျလီနာဂျိုလီပစ်အဖြစ်ကနေ အင်ဂျလီနာဂျိုလီလို့ပဲ ပြောင်းလဲခေါ်ရတော့မှာပါ။


အသက် ၄၃ နှစ်အရွယ် ဂျိုလီဟာ လက်ထပ်တုန်းက သူ့နာမည်မှာ ပေါင်းထည့်ခဲ့ရတဲ့ ပစ်ဆိုတဲ့ နာမည်ကို တရားဝင်ဖြုတ်ခွင့်ရသွားပါပြီ။ အင်ဂျလီနာဂျိုလီရော ဘရက်ပစ်ပါ တရားဝင်ကွာရှင်းမှုကို အဆုံးမသတ်နိုင်သေးပါဘူး။

ဖြေရှင်းစရာတွေကျန်ရှိနေပါသေးတယ်။ ဒါပေမယ့် ပစ်ဆိုတဲ့နာမည်ကို ဖြုတ်ချပြီးတဲ့နောက်မှာတော့ ကွာရှင်းမှုအဆုံးသတ်နိုင်ဖို့ တဖြည်းဖြည်းနီးကပ်လာပြီပဲဖြစ်ပါတယ်။

အမည်ပြောင်းလဲမှုအပြင် ဂျိုလီရော ဘရက်ပစ်ပါ တရားဝင်ကွာရှင်းမှု အဆုံးမသတ်ရသေးပေမယ့် သီးခြားစီရပ်တည်ပိုင်ခွင့်ကို တောင်းခံခဲ့ကြပါတယ်။ အခုတရားရုံးရဲ့ အမိန့်အရ သူတို့နှစ်ဦးဟာ တစ်ဦးနဲ့တစ်ဦးပတ်သက်ခြင်းမရှိဘဲ သီးခြားစီရပ်တည်ပိုင်ခွင့် တရားဝင်ရသွားပြီပဲ ဖြစ်ပါတယ်။

ဂျိုလီက ဘရက်ပစ်ကို လွမ်းနေတယ်လို့ ကောလာဟလတွေထွက်ပေါ်ခဲ့ပေမယ့် ဘရက်ပစ်ကတော့ ဂျိုလီနဲ့ သူ့ရဲ့ဇာတ်လမ်းကို အမြန်ပဲအဆုံးသတ်ချင်နေပြီလို့ သတင်းရင်းမြစ်တစ်ခုက ပြောပါတယ်။ လက်ရှိအချိန်မှာတော့ ဘရက်ပစ်နဲ့ ဂျိုလီတို့ဟာ သူတို့ရဲ့ ကလေးခြောက်ယောက်ကို အမြဲတမ်း အုပ်ထိန်းပိုင်ခွင့်ရဖို့ အပြိုင်အဆိုင် ကြိုးပမ်းနေကြပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



အင်ဂျလီနာဂျိုလီနှင့် ဘရက်ပစ်

# မက်ဒေါ်နား၏ သီချင်းအယ်လ်ဘမ်အသစ်ကို ကြေညာ

ပေါ့ပ်ဘုရင်မလို့ တင်စားရတဲ့ အဆိုတော် မက်ဒေါ်နားဟာ သူ့ရဲ့သီချင်းအယ်ဘမ်သစ်အကြောင်းကို ကြေညာခဲ့ပါတယ်။ သူ့ရဲ့သီချင်းအယ်လ်ဘမ်အသစ်ကို Madame X လို့အမည်ပေးထားပါတယ်။

ဧပြီ ၁၄ ရက်မှာပဲ မက်ဒေါ်နားရဲ့ အင်စတာဂရမ်အကောင့်မှာ အယ်လ်ဘမ်အသစ်အကြောင်းကို မျှဝေထားတာ တွေ့ရပါတယ်။ မက်ဒေါ်နားတင်ထားတဲ့ ဗီဒီယိုဖိုင်မှာ သူ့သီချင်းအယ်လ်ဘမ်ကို Madame X လို့ အမည်ပေးဖြစ်တဲ့အကြောင်းကို ရှင်းပြထားပါတယ်။

မက်ဒေါ်နား နောက်ဆုံးထွက်ရှိခဲ့တဲ့ အယ်လ်ဘမ်ကတော့ ၂၀၁၅ ခုနှစ်ကထွက်ရှိခဲ့တဲ့ Rebel Heart ဆိုတာပဲ ဖြစ်ပါတယ်။ ဧပြီ ၁၅ ရက်မှာတော့ ရက်ဂေးအဆိုတော်တစ်ဦးဖြစ်တဲ့ မာလူမာနဲ့တွဲပြီးတော့ သီချင်းဖန်တီးထားတာကို ဧပြီ ၁၇ ရက်နေ့မှာ ထွက်ရှိမယ်လို့ကြေညာခဲ့ပါတယ်။ သူတို့နှစ်ဦး အတူပြုလုပ်ထားတဲ့ သီချင်းကိုတော့ Medellin လို့ အမည်ပေးထားပါတယ်။ အဲဒီသီချင်းကို အင်စတာဂရမ်မှာ နမူနာပြသထားရာမှာတော့ မက်ဒေါ်နားဟာ မင်္ဂလာဝတ်စုံဝတ်ဆင်ထားတာကို တွေ့ရပါတယ်။ မက်ဒေါ်နားဟာ သူ့ရဲ့သီချင်းအသစ်နဲ့ ပတ်သက်ပြီး ဘာကိုမှ အသေးစိတ်ထပ်ပြီး ရှင်းလင်းမထားပါဘူး။

**စီအင်န်အင်န်**



အဆိုတော် မက်ဒေါ်နား

## ဥပဒေအတွေးရေးပါရစေ အပိုင်း (၁၆၉)

# ရှေ့နေဘဝ တွေ့ကြုံရသည်



ဦးဟန်ညွန့် (ဥပဒေ)

**တစ်ခါသော်**

အလုပ်သင်ရှေ့နေ မောင်ပျင်းရိတစ်ယောက် ယနေ့ရုံးသို့ မရောက်သေး။ ရုံးအဖွဲ့အားလုံးစုံပြီ။ မောင်ပျင်းရိတစ်ယောက်သာ ကျန်နေသည်။ ရှေ့နေရုံးခန်းမှာ ချိန်းဆိုထားသော အမှုသည်တွေလည်း ရောက်နေကြပြီ။ အလုပ်သင်ရှေ့နေ မောင်ထက်မြက်အား ကျွန်တော်က "အမှုတွေတင်ကွာ။ ကြိုတင်ပြင်ဆင်ကြစို့" ဟု ပြောလိုက်ပါသည်။ အချိန်အနည်းငယ်ကြာသွား၍ "အမှုတွဲတွေ မတင်သေးဘူးလား။ အမှုသည်တွေကို အားနာစရာကွာ" ဟု ပြောတော့ အမှုတွဲဗီရိုသော့တွဲကို မောင်ပျင်းရိ ဘယ်မှာထားခဲ့မှန်းမသိ၊ ရှာမတွေ့၍ .. ဟု ဆိုလေသည်။ ကျွန်တော်အတော်စိတ်ပျက်သွားလေသည်။

**အချိန်လေးစားခြင်း**

ရှေ့နေတစ်ဦးသည် အချိန်လေးစားရသည်။ ကိုယ်တိုင်အချိန်လေးစားမှ သူများကလေးစားမည်။ အမှုသည်နှင့် တွေ့ဖို့ ချိန်းဆိုလျှင် လေးစားရမည်။ တရားသူကြီးနှင့် ရုံးချိန်းဆိုလျှင်မူ ပြောစရာပင်မလို။ ရုံးချိန်နောက်ကျသည်နှင့် ကိုယ့်အမှုအား ပယ်ပြီဟုသာ မှတ်ပေရော့။ အချို့အမှုသည်များကလည်း အချိန်မလေးစား၊ တရားသူကြီးကို ရှေ့နေက တာဝန်ခံရသည်။ အမှုသည် မလာလျှင် (ရုံးချိန်နောက်ကျလျှင်) ရှေ့နေက မျက်နှာပူပြီ။ ကိုယ်စားထိုး၍ မရ။ ဒုက္ခလှလှတွေ့ပြီ။ တစ်ဖက်ကရှေ့နေ၊ တစ်ဖက်က အမှုသည်က ကန့်ကွက်ဖို့ အမြဲကြည့်နေတတ်သည်မဟုတ်လား။

**အမှုခေါ်စာရင်း**

တရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၌ အမှုခေါ်စာရင်း ကြိုတင်ကပ်ထားတတ်စမြဲ။ ကြေညာထားစမြဲ။ ကိုယ်က အမြဲလေ့လာ၊ စောင့်ကြည့်။ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်အမှု၊ ဘာလုပ်ရမယ်ဟု ကြေညာပြီးဖြစ်သည်။ အမှုသည်တွေကိုလည်း အသိပေးရမည်။

ဝီရိယရှိမှဖြစ်သည်။ ဒီလောက်တော့ အလုပ်သင်ရှေ့နေတွေနှင့် လွှဲထားနိုင်ပါမည်။ မောင်ပျင်းရိက ပျင်းရိသူဖြစ်သော်လည်း အမှုခေါ်စာရင်း (မိတ္တူ) တစ်စောင်တော့ ရအောင်လုပ်နိုင်သည်။ တော်ပါသေးရဲ့။ ဆိုင်ရာအမှုသည်တွေကိုလည်း မိတ္တူကူးပြီး ဝေပါကွာဟု ပြောတော့ မိတ္တူကူးခမည်မျှသူစိုက်ထားရကြောင်း ပြောနေသေးသည်။ သူ့လုပ်အားကို အသိအမှတ်ပြုပေးရပေသည်။

**စကားများသောအမှုသည်**

အမှုတွဲဗီရိုသော့ပျောက်နေ၍ အချိန်နောက်ကျနေပါသည်ဆိုမှ စကားများသော အမှုသည် (ဦးလေကျယ်)နှင့် တိုးပြန်သည်။ လိုတိုရှင်း အမှုအကြောင်းရှင်းပြသည်။ သူနားလည်ပါသည်။ သို့သော် ဦးလေကျယ်က လေကျယ်နေလေသည်။ ဒီလိုရော မဖြစ်သင့်ဘူးလား။ ဟိုလိုရော မတွေးသင့်ဘူးလား။ ကျွန်တော့်အား ပြန်လှန်မေးခွန်းထုတ်နေပါသည်။ နောက်ဆုံး ကျွန်တော်ပြောတဲ့အတိုင်း လုပ်ဟု ဆုံးဖြတ်ပြီး လေသံမာမာနှင့် နိဂုံးချုပ်လိုက်မှ အခြားအမှုသည်နှင့် ကြိုတင်ညှိနှိုင်းခွင့်ရသွားလေသည်။ စိတ်ရှည်သည်းခံ၍ စီမံရပေသည်။

**မှာထားသော စာရွက်စာတမ်း**

နောက်တစ်ယောက်...။ ကိုင်း၊ ဟိုနေ့က ကျွန်တော်မှာလိုက်တဲ့ စာရွက်စာတမ်းပါခဲ့ရဲ့လား။ ဒီနေ့တရားရုံးကို သက်သေခံတင်ရမှာဟု မေးသည်။ ဟိုလိုလို၊ ဒီလိုလို လုပ်နေပြီးမှ စာရွက်တစ်ရွက်ကို သူက ထုတ်ပြသည်။ ဒါက မိတ္တူပဲ။ မူရင်းပြရမယ်လေ။ မူရင်းပေးပါဟု ကျွန်တော်က တောင်းသည်။ နောက်တစ်ပတ်မှပေး၍ ရမလားဟု ပြန်မေးသည်။ ဩော်... ခက်ပါဘိ။ တရားရုံးမှာ မူရင်းတင်မှ မူရင်းနှင့် တိုက်ဆိုင်စစ်မေးပြီးမှ သက်သေခံအဖြစ် မိတ္တူတင်ခွင့်ရှိကြောင်း (အမှုသည်အား) သေသေချာချာ ရှင်းပြခဲ့ပြီးသားပါ။ သို့သော်ငြား ပေါ့ခင်ဗျာ။

**အဖော်ပါသူ**

ဒီအမှုသည်ကတော့ တစ်မျိုးပါ။ လူနှစ်ဦးဆိုကြပါစို့။ A နှင့် B။ A က အဓိက အမှုသည်။ B က အဖော်ပါသူ။ A ကို ကျွန်တော်က မေးခွန်းများ မေးသည်။ A က မဖြေနိုင်။ အဖော်ပါသူ B က A ကိုယ်စား ပြောပြသည်။ ကရားရေလွှတ် တတွတ်တွတ်ပြောပါသည်။ A ကလည်း (ဟုတ်တယ်၊ ဟုတ်တယ်) ဟုတော့ ထောက်ခံနေသည်။ တရားခွင်ရှေ့မှာ တကယ်အစစ်ခံရမည်က A ။ A က ဘာမှမသိ။ နားမလည်သလို။ အဖော်ပါသူကသာ တိတိကျကျ၊ သေသေချာချာ၊



ရေရေရာရာပြောနိုင်သူ။ B သည် အမှုနှင့် မသက်ဆိုင်သူ။ သက်ဆိုင်သူ A အား မသက်ဆိုင်သူ B က လက်ထပ်သင်ကြားပေးရတော့မည်။ အချိန်ကနည်းနေပြီး လေ့ကျင့်သင်ကြားရမည့် သဘာဝကို သေချာစွာ ထမ်းဆောင်နိုင်မှ ဖြစ်မည်။

**ညွှန်ကြားချက်**

ညွှန်ကြားချက်ကတော့ အရေးအကြီးဆုံးပါ။ ဘာညွှန်ကြားချက်လဲ။ ဘယ်သူက ဘယ်သူ့ကို ညွှန်ကြားတာလဲ။ အမှုဆိုင်ရာ ညွှန်ကြားချက်ဖြစ်ပါသည်။ အမှုသည်က ရှေ့နေကို ညွှန်ကြားတာပါ။ သူ့အမှုကို ဘယ်လိုလုပ်ပါ။ သူဘယ်လိုဖြစ်ခဲ့တာပါဆိုသော အမှုအဖြစ်အပျက်အကြောင်း ပြောပြခြင်းပါပဲ။ အမှန်၊ အမှားရောထွေးပြောခြင်း၊ အမှန်အတိုင်းပြောခြင်း၊ ကိုယ်မှန်သည်ဟုသာ ပြောခြင်းတွေ စုံလင်စွာပါရှိသည်။ သို့ဖြစ်၍ အမှုသည်၏ ညွှန်ကြားချက်ကို ဂရုစိုက်ရပါသည်။

စာနှင့်ရေး၍ ယူရပါသည်။ ဘာကြောင့်လဲ။ အမျိုးမျိုးငြင်းကွယ်တတ်၍ ဖြစ်ပါသည်။ ဒီနေရာမှာ တစ်မျိုးပြော၊ ဟိုနေရာမှာ တစ်မျိုးပြော။ တစ်ခါတစ်ရံ မှတ်စုထဲ စာနှင့်ရေးမှတ်ပြီး ယူထားသည်ကိုပင် ကျွန်တော်၊ ကျွန်မပြောတာ ဒီလိုမဟုတ်ပါဘူးဟု ငြင်းကွယ်တတ်သေးသည်။ ထို့ကြောင့် ဘေးမှာ သက်သေထားပြီး မေးရတတ်သည်။ မှတ်သားရသည်။ အတော်ဉာဏ်များသော အမှုသည်များပေပဲ။

**အမှုနိုင်မှာသေချာသလား**

" ဆရာ့ကို ဒီအမှုအပ်ရင် ဒီအမှုနိုင်မှာ သေချာသလား " ဟု မေးသောအမှုသည်ပေါင်းများစွာ တွေ့ဖူးပါသည်။ ကျွန်တော်၏အဖြေမှာ **"ကျွန်တော် တရားသူကြီး မဟုတ်ပါ "** ဟု ဖြေရပါသည်။

" တရားသူကြီးမဟုတ်ပေမယ့် အနိုင်အရှုံးတော့ မှန်းဆနိုင်ရမှာပေါ့။ ဘယ်လိုမှန်းဆပါသလဲ " ဟု ထပ်ကွန့်မေးပြန်ပါသည်။

**" ကျွန်တော် ဗေဒင်ဆရာမဟုတ်ပါ "** ဟု ဖြေရပြန်ပါသည်။

"ငွေဘယ်လောက်ကုန်ကုန်၊ အမှုနိုင်ဖို့အဓိကဖြစ်ပါတယ်။ ဆရာအားမနာပါနဲ့" ဟု ငွေစကားပြောကြားသူအမှုသည်များကိုတော့ ဈေးသည်အလုပ်နှင့် တရားစီရင်ရေးအလုပ် ကွဲပြားကြောင်း ခပ်ရှင်းရှင်း ပြောလိုက်ပါသည်။

**အသံတူ၊ ရန်သူ**

အသံတူ၊ ရန်သူဆိုတာဘာလဲ။ အမှုနိုင်မှာသေချာသည်ဟု ကတိပေးသောရှေ့နေ၊ တရားသူကြီးကို ဘယ်လောက်၊ ဥပဒေအရာရှိကို ဘယ်မျှ၊ ရဲတပ်ဖွဲ့ကို ဤသို့၊ ဤရွေ့၊ ဤမျှကုန်ကျပါလျှင် အမှုနိုင်မှာ သေချာသည်ဟု ကတိပြုသောရှေ့နေ (အချို့ အချို့) ရှိပေလိမ့်မည်။ ငွေမည်မျှပုံပေးပါ။ ဉာဏ်ဆင်သူ အသံတူ အမှုသည်နှင့် ပူးပေါင်းသူဝန်ထမ်းများလည်း ရှိပေလိမ့်မည်။ အမှုပွဲစားများလည်း ရှိပေလိမ့်မည်။ ပူပင်သောကနှင့် ဘဝမှာကြုံရဆုံရသောအမှုသည်များမှာ တွေ့ရာသူကို အားကိုးပြီး အမှတ်မှားနိုင်ကြသည်။ ယုံလွယ်နိုင်ကြသည်။ မဖြစ်သင့်တာ ဖြစ်တတ်ကြသည်။ ထိုအခါ တရားရေးလောက၊ ဥပဒေလောက၊ ရှေ့နေလောက၊ ရဲတပ်ဖွဲ့လောကတွင် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ရသည့်အဖြစ် ရောက်တတ်ပေမည်။

**ဆောင်းပါးထဲထည့်မရေးနှင့်**

အလုပ်သင်ရှေ့နေကလေး မောင်ပျင်းရိက "ဆရာ၊ ကျွန်တော်ပျင်းတဲ့အကြောင်းတွေ သတင်းစာဆောင်းပါးထဲထည့်မရေးပါနဲ့။ ရေးရင် ဆောင်းပါးစာမူခတစ်ဝက် ကျွန်တော့်ကို ပေးရမှာနော်..." ဟု အရေးဆိုလာ၍ "အေးပါကွာ" ဟုဖြေလိုက်ရသေးသည်။

**စေတနာ**

တရားလွှတ်တော်ရှေ့နေနှင့် နိုင်ငံတော်ပဗ္ဗလစ်တစ်ဦးအနေဖြင့် တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်အချို့အား တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

**"ရှေ့နေတစ်ဦးသည် အချိန်လေးစားရသည်။ ကိုယ်တိုင်အချိန်လေးစားမှ သူများကလေးစားမည်။ အမှုသည်နှင့် တွေ့ဖို့ ချိန်းဆိုလျှင် လေးစားရမည်။ တရားသူကြီးနှင့် ရုံးချိန်းဆိုလျှင်မူ ပြောစရာပင်မလို။ ရုံးချိန်နောက်ကျသည်နှင့် ကိုယ့်အမှုအား ပယ်ပြီဟုသာ မှတ်ပေရော့။ အချို့အမှုသည်များကလည်း အချိန်မလေးစား၊ တရားသူကြီးကို ရှေ့နေက တာဝန်ခံရသည်။ အမှုသည်မလာလျှင် (ရုံးချိန်နောက်ကျလျှင်) ရှေ့နေက မျက်နှာပူပြီ။ ကိုယ်စားထိုး၍ မရ။ ဒုက္ခလှလှတွေ့ပြီ။ တစ်ဖက်ကရှေ့နေ၊ တစ်ဖက်က အမှုသည်က ကန့်ကွက်ဖို့ အမြဲကြည့်နေတတ်သည်မဟုတ်လား"**

# မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း MRPDA

## မြန်မာနှစ်သစ်ကူးဆုတောင်း

မြန်မာသက္ကရာဇ် ၁၃၈၁ခုနှစ် နှစ်သစ်ကူးအခါသမယမှစ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ငြိမ်းချမ်းသာယာဝပြောစေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံသူ နိုင်ငံသားများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း MRPDA အသင်းဝင်များအားလုံးလည်း လုပ်ငန်းများချောမွေ့စေပြီး စီးပွားဥစ္စာများ တိုးတက်ကြီးပွားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။


တိုက်ခန်းကျယ်
ရောင်းမည်
အဆင့်မြင့်
ပြင်ဆင်ပြီး
အမှတ်(၁၉)
ဗေဒါကီလမ်းမကြီး
အလုံမြို့နယ် ရန်ကုန်
၀၉ ၅၀၅၁၆၉၉


### ဖခင်အမည်မှန်

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် မခိုင်အေးရီ ၁၁/ကတန(နိုင်)၁၅၀၆၅၄ ၏ ဖခင်အမည်မှန်မှာ ဦးကျော်လှခိုင် ၁၁/ကတန(နိုင်)၀၂၆၁၅၂ ဖြစ်ပါကြောင်း။ **ဦးကျော်လှခိုင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၆၇၈၊ ဧရိယာ ၀ ဒသမ၀၅၅ ဧကရှိ ဦးစိုးဟန် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တင်မိုးလှိုင်(ဘ)ဦးကျော်လှိုင် ၈/ဂဂန(နိုင်)၀၀၁၆၃၃မှ ပျဉ်းမနားမြို့ မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးဝင်းစိုး ၉/ပမန(နိုင်)၂၀၀၂၈၂ (ဘ) ဦးကြိုင်အမည်ပေါက် ပါမစ်မြေကွက်အမှတ်(ပ-၄၂၁၆) ကိုဦးချိုမင်း ၉/ပမန(နိုင်)၁၉၁၇၆၃(ဘ)ဦးတင်ရှိန်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်းအမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ပျဉ်းမနားမြို့၊ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၉၅၂)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးကျော်ထွားအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်စန်းဝင်း(ဘ)ဦးစီ ၁၂/အစန(နိုင်)၀၉၄၈၈၈မှ ပျဉ်းမနားမြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၄၆)၊ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးချစ်/မောင်ဝင်း(ဘ) ဦးဖားနီ/ချစ် ၉/လဝန(နိုင်)၀၁၅၅၄၉ အမည်ပေါက်ပါမစ်မြေကွက်အား ဦးထွန်းကြည်(ဘ)ဦးဘိုဝ ၉/လဝန(နိုင်)၀၁၆၀၉၁မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁/ ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် ၁၃၄၊ မြေကွက်အမှတ် ၂၆၃၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ၀၅၅ ဧကရှိ ဦးလှမောင် အမည်ပေါက် မြေကွက်အား ဒေါ်သီတာချို(ဘ)ဦးသိန်းကြည် ၉/ပမန(နိုင်)၀၅၈၈၀၇မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေး ကော်မတီ၏ လူနေထိုင်ရန် ချထားပေးသော မြေကွက်ဖြစ်ကြောင်းထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ်(၁၃၅)၊မြေကွက်အမှတ်(၂၆၄)၊ပေ(၄၀×၆၀)၊ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးတင်ဦးအမည်ပေါက် မြေကွက်အား ဒေါ်နန်းသူဇာဝင်း(ဘ)ဦးစောလှဘော် ၉/ပမန(နိုင်)၂၅၃၇၃၈မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၁၁၁၅၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးညိုရင် အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူ ဦးညိုရင်(ဘ) ဦးတင်မောင် ၉/ပမန(နိုင်)၁၆၂၈၀၀မှ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြေကွက်ချထားမှုထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် ၉၀၊ မြေကွက်အမှတ် ၂၈၃၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဒေါ်မြရီ အမည်ပေါက် မြေကွက်အား ဦးကျော်သူဝင်း(ဘ) ဦးတင်ရွှေ ၉/မထလ(နိုင်)၂၉၇၅၉၈မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ လူနေထိုင်ရန် ချထားပေးသောမြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၇၆၇)၊ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်ဆန်းတင်(ဘ) ဦးအောင်သိန်း ၉/လဝန(နိုင်)၀၀၇၁၃၁ အမည်ပေါက်ပါမစ်မြေကွက်အား ဦးကျော်မင်း(ဘ) ဦးဘိုငွေး ၉/လဝန(နိုင်)၁၈၃၆၃၂မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၂၂၆၈)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဦးခွန်လတ်(ဘ)ဦးအောင်မင်း ၁/မကန(နိုင်)၁၃၁၀၆၆ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တွမ်ကျင်းလန်(ဘ) ဦးတွမ်ရင်ရှိန် ၁၃/လရန(နိုင်)၁၅၆၅၂၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် ၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၂၅၆)၊ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးစိုးနိုင်(ဘ) ဦးမောင်လေး အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သီဂီသန့်(ဘ) ဦးကိုလေး ၉/ပမန(နိုင်) ၀၁၆၃၇၁၊ ဒေါ်ဖြူဖြူသန့်(ဘ)ဦးကိုလေး ၉/ပမန(နိုင်)၀၆၉၃၀၀တို့မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် ၂၅၂၊ မြေကွက်အမှတ်၁၆၉၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ ဒသမ၀၅၅ ဧကရှိ ဦးတင်မောင်ဝမ်း အမည်ပေါက် မြေကွက်အား ဦးအောင်မြတ်ဆွေ (ဘ)ဦးတင်မောင်ဆွေ ၉/စကတ(နိုင်)၀၈၂၃၉၉မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ လူနေထိုင်ရန် ချထားပေးသော မြေကွက်ဖြစ်ကြောင်း ထောက်ခံချက်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၁/ရွှေအင်ကြင်းရပ်၊ မြေကွက်အမှတ်(ဒ-၁၆၅)၊ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်အေးမြ(ဘ) ဦးစံညွန့် ၉/လဝန(နိုင်)၁၄၅၆၃၅ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းလွင်(ဘ) ဦးအုန်းမောင် ၉/လဝန(နိုင်)၁၄၅၅၄၀မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၁/ ပေါင်းလောင်း-၁၊ ဦးပိုင်အမှတ် ၄၆၈၊ မြေကွက်အမှတ် ၉၈၇၊ ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးကျော်ဇံလှ အမည်ပေါက် မြေကွက်အား ဦးမြင့်သူ(ဘ)ဦးကျော်ဆန်း ၉/ပမန(နိုင်)၀၂၇၀၃၀မှ ပျဉ်းမနားမြို့မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း-၂၊ ဦးစိန်မောင်အမည်ပေါက် မြေကွက်အမှတ်(၁၉၂၀)၊ပေ(၄၀×၆၀)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေကွက်အား ဦးချစ်ဦး(ဘ) ဦးသံချောင်း ၈/မကန(နိုင်)၁၃၅၁၇၅မှ ပျဉ်းမနားမြို့မြေ နေရာချထားရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၁၂၈)၊ ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ဦးကိုကြီး(ဘ)ဦးကိုဆင့် ၉/လဝန(နိုင်)၀၅၂၅၁၀ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမောင်မောင်လတ်(ဘ)ဦးလှကျော် ၉/အမရ(နိုင်)၁၁၅၃၄၇မှ မြေပေးမိန့်(ပါမစ်)မူရင်း၊မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/ဒက္ခိဏသီရိအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၃၃၆၅)၊ ဧရိယာ ၀ဒသမ ၁၄၆ဧကရှိ ဒေါ်စန္ဒာဦး (ဘ)ဦးလှမြင့်ဦး DGN-၀၀၅၃၉၂ အမည်ပေါက်ပါမစ်မြေကွက်အား ဦးဝင်းမြတ်ထွန်း(ဘ)ဦးမောင်နွယ် ၁/မကတ(နိုင်)၀၈၁၈၀၃မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# နှစ်သစ်မင်္ဂလာဆုမွန်လွှာ

မြန်မာသက္ကရာဇ် ၁၃၈၀–၈၁ ခုနှစ်၊ တန်ခူးလ၊ ၂၀၁၉ ခုနှစ် ဧပြီလတွင်ကျရောက်သော မြန်မာ့အတာသင်္ကြန် နှစ်သစ်ကူးအချိန်အခါသမယတွင် **Win & San Diamonds and Fine Jewelry** ကို အစဉ်အမြဲ ယုံကြည်လေးစား တန်ဖိုးထားအားပေးခဲ့ကြပါကုန်သော မိတ်ဟောင်း မိတ်သစ်များနှင့်တကွ မြန်မာပြည်သူပြည်သားအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြ၍ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း Win & San မှ နှစ်သစ်ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်း နှင့် သားသမီးများ
ကိုအာကာဝင့်ကို + မချမ်းငြိမ်းဆု
မဖူးပွင့်ခိုင်
မချောခိုင်ခိုင်ဆက်
**Win & San Diamonds and Fine Jewelry** မိသားစု

---

## မြရတနာ ပရိဘောဂ မှ နှစ်သစ်ကူးဆုတောင်း

နှစ်သစ်အခါသမယ တွင် လိုရာဆန္ဒတလုံးတဝတည်း ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြရတနာပရိဘောဂမိသားစု**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅၂ယ/၂၈၁၇၁ Honda Scoopy 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့်သူ ၉/အမဇ(နိုင်)၀၁၅၇၇၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောင်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၂ဟ/၂၈၃၇ BAJAJ 200 Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၉/မရတ(နိုင်)၀၅၄၆၃၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

---

## Asia Myanmar Consortium Development Co.,Ltd.

### (ကန်သာယာစီမံကိန်း)

မြန်မာ့နှစ်သစ်မှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးငြိမ်းချမ်းသာယာပြီး ပြည်ထောင်စုသားအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေ။

Kantharyar Residence တွင် ဝယ်ယူအားပေးကြသော မိတ်ဆွေအပေါင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် နှစ်သစ်မှာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**Asia Myanmar Consortium Development Co.,Ltd.**
**(မိသားစု)**




## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)

အမှတ်၃၈၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့

ဖုန်း -၅၄၁၇၉၅ ၊ ၅၅၈၄၃၇

### အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ငွေအလှူ ၊ပစ္စည်းအလှူ၊ လုပ်အားဒါနတို့ဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့ လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပ အလှူရှင်များအားလုံးတို့ ၁၃၈၁ ခုနှစ်၊ နှစ်သစ် မင်္ဂလာ အခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ ကျန်းမာခြင်း၊စိတ်၏ ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

### ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ကျော်သိန်း ၁၃/ဆဆန (နိုင်)ဝ၈ဝ၃၇၇၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၂၁၁၃၃၇၂

### ပျောက်ဆုံးကြောင်း

ကျွန်မနန်းမိဆံ့၁၃/ ကလန(နိုင်) ၀၁၁၆၃၅၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၉၅၂၆၇၄

### ဖခင်အမည်မှန်

ပင်းတယမြို့၊ မိုင်းလီ(အထက)မှ မမာလာဝင်း(အဋ္ဌမတန်း)၊ မောင်အောင် နေမင်း (စတုတ္ထတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လင်း(၁၃/ရစန(နိုင်)၀၈၉၇၂၆ဖြစ်ပါကြောင်း။

ဦးအောင်လင်း

## ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး
## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃၈)မြို့နယ်မှ ပရိယတ္တိစာချစာသင် သုတဗုဒ္ဓသံဃာတော် အရှင်သူမြတ်တို့အား နေ့စဉ်အရက်ဆွမ်းအတွက် တစ်နှစ်လျှင်သုံးကြိမ် ဆွမ်းဆန်တော်များလှူဒါန်းလျက်ရှိခြင်း၊ အထက်ပါ စာသင်တိုက်များရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအားဂုဏ်ပြုပူဇော်လှူဒါန်းခြင်း၊ စာမေးပွဲအသီးသီးအောင် စာအောင်အရှင်သူမြတ်တို့အား စာအောင်သံဃာလှူဒါန်းပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ အစီအမံဖြင့် ကျင်းပပြုလုပ်သော လှူဒါန်းမှုကိစ္စအဝဝတွင် ပါဝင်ကူသိုလ်ပြုလှူဒါန်းခြင်းနှင့် အခြားထည့်ဝင်လှူဒါန်းမှုများကိုလည်း ဆောင်ရွက်ခဲ့သည်မှာ ၉၃နှစ်တိုင်ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်ဆန်လှူအသင်း စာကြည့်တိုက်ကို ဖွင့်လှစ်ထားရှိပြီး ရဟန်းရှင်လူပြည်သူအများအား ပိဋကတ်စာပေ၊ သုတ၊ ရသစာပေများ လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားလျက်ရှိသလို သာသနာတော်ပြန့်ပွားရေးအတွက် အဘိဓမ္မာနှင့် အခြားဘာသာရေးဆိုင်ရာသင်တန်းများ ၊ လူပုဂ္ဂိုလ်များဆိုင်ရာ နိုင်ငံတကာဘာသာစကား သင်တန်းများကိုလည်း အခမဲ့ ဖွင့်လှစ်ထားလျက်ရှိပါသည်။

ဤကဲ့သို့နှစ်စဉ်အစဉ်အလာမပျက် လှူဒါန်းပူဇော်နိုင်ခြင်း၊ သာသနာတော်ဆိုင်ရာ သင်တန်းများဖွင့်လှစ်နိုင်ခြင်းသည် အနယ်နယ်အရပ်ရပ်မှအကျိုးဆောင်များ၏ ကူညီဆောင်ရွက်လှူဒါန်းပေးမှု၊ စေတနာ သဒ္ဓါထက်သန်စွာဖြင့် အာစိဏ္ဏကံစုဘူးများရယူစုဆောင်းလှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နှစ်သစ်အခါသမယတွင် ရန်ကုန်ဆန်လှူအသင်းကြီးသို့ ထည့်ဝင်လှူဒါန်းလျက်ရှိသော စေတနာရှင်အလှူရှင်များ ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော အမှုဆောင်၊ အကျိုးဆောင် ၊ အသင်းသား ၊ ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ ၊ စိတ်ချမ်းသာကြလျက် ဘာသာ ၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးနိုင်ပြီး စီးပွားလာဘ်လာဘများ တိုးပွားကြစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အမှုဆောင်အဖွဲ့

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
မဟာသင်္ကြန်နှစ်သစ်ကူး အချိန်ခါသမယမှာ မြန်မာပြည်သူပြည်သားအပေါင်း
စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနှင့် ဖြတ်သန်းနိုင်ကြပါစေကြောင်း MPT မိသားစုမှ
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။











**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ဘဲတို ၁၃/ဖခန(နိုင်)၀၅၂၄၅၄၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော်မောင်ဒီးအူ ၂/ဖရဆ(နိုင်)၀၁၀၆၉၂၇၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တင်ကျော်ဝင်း ၁၃/ဖခန(နိုင်)၀၀၁၂၀၀၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

**စာအုပ်စာပေလူ့မိတ်ဆွေ**


CB BANK
နှစ်သစ်ကူးဆုတောင်း
CB Bank နှင့် အစဉ်လက်တွဲဆောင်ရွက်လျက်ရှိသော
Customer များအားလည်းကောင်း၊ လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်စေရန်
ကြိုးစားဆောင်ရွက်ပေးလျက်ရှိသော ဘဏ်ဝန်ထမ်းများအားလည်းကောင်း
အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိသော အစုရှယ်ယာရှင်များအားလည်းကောင်း
မြန်မာ့နှစ်သစ်ကူးအခါသမယတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်
ပြည့်စုံပြီး CB Bank နှင့်အတူ ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ပါရန်
နှစ်သစ်ကူးဆုမွန်ကောင်း တောင်းအပ်ပါသည် ...
CB Bank မိသားစု

# ရုပ်ပျို့နှစ်သစ်ကူးဆုတောင်း

မြန်မာနှစ်သစ်ကူး အခါသမယတွင် မိတ်ဟောင်းမိတ်သစ်များနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်အလုပ်အကိုင် စီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ရုပ်ပျို့တိုင်းရင်းဆေးမိသားစု**

# နှစ်သစ်မင်္ဂလာဆုမွန်တောင်းလွှာ

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၁၃၈၁ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယတွင် ဦးသိန်းမောင် တြိရတန အလှကုန်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော ဆေးစွမ်းကောင်းများနှင့် အလှကုန်များကို အားပေးသုံးစွဲကြသော ရဟန်းရှင်လူ မိဘပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဖြန့်ဖြူးရောင်းချပေးသော မိတ်ဟောင်းမိတ်သစ်များအား ဘေးရန်ကင်း၍ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးသိန်းမောင် တြိရတနမိသားစု အလှကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း**




**ပျောက်ဆုံးကြောင်း**

ကျွန်မ မနန်းငွေ ၁၃/ဖခန(နိုင်)၀၅၈၃၆၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၂၆၁၇၂၂

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/2781 Ford F250, Pick Up ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၁၂/အစန(နိုင်)၂၂၇၈၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

**မီးသတ်ပြု**

မင်္ဂလာနှစ်သစ် အခါသမယမှာ မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ တိုးပွားပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

www.greatjune.com

GREAT PAPER

➤Ygn: + 95 1 9010660, 202743, 296754, + 95 9 7310 6111, 7310 6222, 7310 6333, 731 60003

မင်္ဂလာနှစ်သစ် အခါသမယမှာ မြန်မာပြည်သူပြည်သားများ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပြီး စီးပွားဥစ္စာများ တိုးပွားပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

www.junespirulina.com

JUNE SPIRULINA

➤Ygn: + 95 9 730 12000, 730 13000, 730 14000 ➤Mdy: + 95 2 40 24490, 40 39985, 40 39725, 40 36122

နှစ်သစ်ဆုမွန်လွှာ

နှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံသူ/သားအပေါင်း ရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့်
ICT ပညာရပ်များ ပိုမိုထွန်းကားပါစေကြောင်း
KMD Group of Companies မှ ဆုမွန်ကောင်းများတောင်းလျက်...

KMD Instutite | KMD Computer & Mobile | MRS Computer & Network | SoftComm Technology Information Technology | DCD Direct Channel Distribution

ကမ္ဘာ့ရတနာဘဏ်

GLOBAL TREASURE BANK PUBLIC CO.,LTD.

မင်္ဂလာနှစ်သစ်အခါသမယတွင်
မိတ်ဟောင်းမိတ်သစ် Customer အပေါင်း
လိုအင်ဆန္ဒများပြည့်ဝပြီး
စီးပွားဥစ္စာများ တိုးတက်ကြွပါစေကြောင်း
GTB ဘဏ် မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ယခင် မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစုရေသဘင်မဏ္ဍပ်နှင့် တောင်ကြီးမြို့ ဗဟိုရေသဘင်မဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၆**

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အတက်နေ့ဖြစ်သော ယနေ့တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူ လှတို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရေသဘင်မဏ္ဍပ်နှင့် တောင်ကြီးမြို့ ဗဟိုရေသဘင်မဏ္ဍပ်၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ ပျော်ရွှင်စွာရေသဘင် ပွဲတော် ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစု ရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြပြီး မိသားစုသင်္ကြန်ယိမ်း အကအဖွဲ့များ၊ ဓနုတိုင်းရင်းသားနှင့် ပအိုဝ်းတိုင်းရင်းသား အကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များအား အတာရေ များ ပက်ဖျန်းပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် တောင်ကြီးမြို့ ဗဟိုရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြ ပြီး သင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်များသည် *စာမျက်နှာ ၈ ကော်လံ ၆* ❒



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သင်္ကြန်ယိမ်းအကအဖွဲ့များအား အတာရေများ ပက်ဖျန်းပေးစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ရန်ကုန်မြို့ မြန်မာ့ရိုးရာ တိုင်းရင်းသား လမ်းလျှောက်အတာသင်္ကြန် ကြိတ်ကြိတ်တိုးစည်ကား

**ရန်ကုန် ဧပြီ ၁၆**

၁၃၈၀ ပြည့်နှစ် မဟာသင်္ကြန်ရေသဘင်ပွဲတော် (သင်္ကြန်အတက်နေ့) ယနေ့၌ ရန်ကုန်မြို့ အင်းလျားလမ်းရှိ မြန်မာ့ရိုးရာ တိုင်းရင်းသားလမ်းလျှောက် အတာသင်္ကြန် တွင် လာရောက်ရေကစားသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အင်းလျားလမ်းရှိ မြန်မာ့ရိုးရာတိုင်းရင်းသားလမ်းလျှောက်အတာသင်္ကြန်တွင် နံနက်ပိုင်းမှစတင်ကာ ညနေပိုင်းအထိ နာမည်ကျော်တေးသံရှင်များက လာရောက် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ◆



မဟာသင်္ကြန်အတက်နေ့တွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ မြန်မာ့ရိုးရာ တိုင်းရင်းသားလမ်းလျှောက် အတာသင်္ကြန်တွင် ပါဝင်ဆင်နွှဲနေသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

**"ဝ" အထူးဒေသ (၂) ၏ ငြိမ်းချမ်းရေး နှစ် (၃၀) ပြည့် အခမ်းအနားသို့ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့ ပန်ဆန်းမြို့သို့ ရောက်ရှိ**

စာ - ၁၁

# ရန်ကုန်အသင်းနှင့် ဟန္ဒိုင်းအသင်း ယနေ့ကစားမည်

**ရန်ကုန် ဧပြီ ၁၆**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု (F) စတုတ္ထနေ့ကို ဧပြီ ၁၇ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ် ပြီး မြန်မာကလပ် ရန်ကုန်အသင်း သည် ဗီယက်နမ်ကလပ် ဟန္ဒိုင်း အသင်းနှင့် အိမ်ကွင်းကစားရမည် ဖြစ်သည်။

ယင်းပွဲမှာ နှစ်သင်းစလုံးအရေးပါ သည့်ပွဲဖြစ်ပြီး အဝေးကွင်း၌ အနိုင်ရ သည့် ရန်ကုန်အသင်းအနေဖြင့် ယခုပွဲ ထပ်မံအနိုင်ရပါက နောက်တစ်ဆင့် တက်ရန် မျှော်လင့်ချက်ပိုကောင်း သွားမည်ဖြစ်သည်။ အုပ်စု (F) တွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာ အသင်းက ခုနစ်မှတ်၊ ဗီယက်နမ် ကလပ် ဟန္ဒိုင်းအသင်းက လေးမှတ်၊ *စာမျက်နှာ ၁၂ ကော်လံ ၁* ❍